# တာရာမင်းဝေ – ကိုယ်ရေးကိုယ်တာ ပုရပိုက်

(ကျူးပစ် ၅–ဂျီ ဖွင့်ခြင်း အမှတ်တရ)

************************************************ **********

မောင်နေမိုးကြယ်ဟု ဆရာသမားများက ခေါ်ဝေါ်ကြသည့် သူ့ဘဝတွင် လူတစ်ဖက်သားအပေါ် မကောင်းစိတ် မရှိခဲ့ပါ။ သူ့စိတ်ဖြူစင်ကြောင်း သူသာ အသိဆုံးဖြစ်ပါသည်။

သို့သော် လူအချို့ကတော့ သူ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရဘူးသည်။ ဥပမာ ဆိုကြပါစို့…။ သူ့သူငယ်ချင်းမထဲမှာ ဇာဇာဆိုသော ကောင်မလေးတစ်ယောက်ရှိသည်။ ပိုက်ဆံချမ်းသာပြီး ခေတ်ဆန်သော အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူဖြစ်၏။ ခင်စရာ အလွန်ကောင်းသည်။ သို့သော် 'စွာ' သည်။ ဇတ်ဇတ်ကြဲတစ်ယောက်အဖြစ် နာမည်ကြီးသည်။

မကြာခဏ ရန်ဖြစ်တတ်သော ဇာဇာ့ကို သူက…

"နင်က ငယ်သာငယ် နာမည်က တုတ်ကြီးကိုး"

သူက.. ထိုမျှသာ ပြောလိုက်ခြင်းဖြစ်ပါသည်။ သို့သော် အနီ ကလေးမက မလိုလားအပ်သော နာမည်တွင်သွား၏။

'ဇာဇာတုတ်ကြီး' တဲ့။

************************************************ **********

သူ့ပုံပန်းကလေးကိုကြည့်ပြီး တွေ့မြင်ရသူအပေါင်းက

"ဇာဇာတုတ်ကြီးဆိုတာ သူလား … ထင်တောင် မထင်ရဘူးနော်" ဟု ဆိုလာလျှင် သူမ… ယမ်းပုံမီးကျ ခံစားရပါသတဲ့။

*********************************************** ***********

နောက်ကောင်မလေး စကားသွက်သည်။ စာလည်းကြိုးစားသည်။ သို့သော် မှတ်ဉာဏ် အားနည်းသဖြင့် ကျက်သလောက်စာမရ။ သို့သော် သူမဖက်ကတော့ တာဝန်ကျေသည်။ တစ်နေကုန် တစ်နေခန်း စာတွေကို ကျက်မြဲ ကျက်၏။

သူနေ့လုံးပေါက် ညလုံးပေါက် စာကျက်ပြီး နောက်မနက် သူငယ်ချင်းတွေဆုံချိန်မှာ နေမိုးက မေး၏။

"နင် ဘယ်နှစ်ပုဒ်ရလဲ"

"တစ်ပုဒ်"

"ဟင်"

"ဘာ...ဟင်လဲ"

"နင့်ဟာကလည်း တစ်နေ့လုံး ကတော်ကတော်လုပ်နေပြီး ဥတော့ တစ်လုံးတည်း..."

"ဘာ...ဘာ..."

ဘာမှ ပြောလို့မရတော့ပါ။ ထိုကောင်မလေး နာမည်က 'မဥ္ဆေ' ဖြစ်သွားပါသည်။ သူမက စွေ့စွေ့ခုန်အောင် ဒေါပွရသော်လည်း နေမိုးက အေးအေးပဲဖြစ်၏။

*********************************************** ***********

"လေဥထက်စာရင် တော်သေးတာပေါ့ဟာ"

************************************************ **********

တစ်ခါက သူငယ်ချင်းတစ်ယောက် ရန်ဖြစ်လာသည်။ ရိုက်ရန် နှက်ရန် ဝိုင်းလာသောလူများကို နေမိုးက ဝင်တောင်းပန်ပေးသည်။

"ခင်ဗျားတို့ လူမှားတာပါဗျာ။ စိတ်မရှိကြပါနဲ့"

"မဟုတ်ဘူး၊ ဒီကောင်မှ ဒီကောင်"

"မဟုတ်ပါဘူးဗျာ။ ခင်ဗျားတို့ မမြင်ဘူးလို့ မူတူးကို အရာကြီး ထင်ကြတာပါ"

ထိုသူငယ်ချင်း၏ အမည်က 'မူတူး' ဟု တွင်သွားလေသည်။

************************************************ **********

သူငယ်ချင်း၏ ညီမလေးက မကျေနပ်၊ နေမိုးကို လာရန်တွေ့သည်။

"ငါ့အစ်ကိုနာမည်က "သူထူး" ဟဲ့၊ မူတူး မဟုတ်ဘူး"

"အေးလေ၊ သူထူးဆိုတော့ မူတူးပေါ့၊ သာထီးဆိုမှ အရာကြီး ဖြစ်မှာ"

************************************************ ***********

နေမိုးတို့ အုပ်စုထဲမှာ သူငယ်ချင်း ကောင်မလေး တစ်ယောက်ရှိသည်။ သူမက လူတွေကို ကျေးဇူးတင်စကား ပြန်မပြောတတ်။

"ငါက ကျေးဇူးတင်ပါတယ်လို့ ပြန်မပြောတတ်ဘူး။ လက်တွေ့ပြန်ဆပ်လိုက်တယ်"

ထိုစကားကို နေမိုးက နားခါးလေသည်။

"အဲဒါဆိုရင် နင်က..."

"ဘာဖြစ်လဲ"

"ကျေးဇူးမတင် လင်မရ ဆိုတာမျိုး ဖြစ်နေမှာပေါ့"

"ဘာပြောတယ်....၊ ဘာပြောတယ်"

************************************************ ***********

ထိုကောင်မလေး၏ အမည်က လက်ာ ဟု တွင်သွားသည်။

အကောင်းကား မဟုတ်ချေ။

************************************************** ***********

နေမိုးတို့ အုပ်စုထဲမှာ သူငယ်ချင်း ကောင်လေးတစ်ယောက်ရှိသေးသည်။ မျက်နှာချိုသည်။ စကားကိုလည်း ချိုချိုသာသာ ပြောတတ်ပြီး ယဉ်ကျေး သိမ်မွေ့သည်။ မိန်းကလေးတွေနှင့်လည်း တည့်သည်။ နေမိုးက ကျီစယ်စကား ဆိုသည်။

"နူတ်ဆက်ပြောဆို

မျက်နှာချို

အပျို ချစ်နိုးနိုး"..... ဟု

ဘာရယ်မဟုတ်ဘဲ ထိုသူငယ်ချင်း၏ နာမည်က ချစ်နိုးဟု တွင်သွားသည်။

မိန်းကလေးတွေက သူ့ကို အနားကပ်မခံတော့ဟု သိရ၏။

************************************************** ***********

"နေမိုး .... မင်းကိုတော့ ငါ ကမ္ဘာမကြေဘဲ"

"ကမ္ဘာမကြေဆိုတာ နိုင်ငံတော်သီချင်းပဲကွ။ ကဲ....ထ....ထ....၊ မင်း ငါ့ကို အလေးပြုနိုင်ပြီ"

ကြာတော့ကြာခဲ့ပါပြီ။ တစ်ခါကဟု ဆိုနိုင်၏။ သို့သော် နေမိုးသည် နေမိုး ဖြစ်ကြောင်းဖွင့်ဟရဦးမည်။ ထိုနေ့မနက် ကျောင်းမတက်မီမှာ နေမိုးက လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဗေဒင်ဟောနေသည်။

"ငါ့ဇာတာလေးကိုလည်း စစ်ပေးပါဦးကွာ"

သူ့ကိုယုံကြည်သူကျောင်းသားများကလည်း ရှိကြ၏။ နေမိုးကလည်း အားကြိုးမာန်တက် ဟောပြောပေး၏။

"မင်းရဲ့ဇာတာ အဟောက ဒီလိုရှိတယ်ကွ"

"အေး... ပြောစမ်းပါဦးကွာ"

"အဟမ်း"

နေမိုးက ချောင်းဟန့်ပြီး ဗေဒင်တေးထပ်ကို ဟန်အပြည့်နှင့် ရွတ်ပါတော့သည်။

"ကံကုသိုလ် နှိပ်စက်လို့<br>စိတ်ပျက်ဖို့ကြီးအောင်<br>ထိပ်တက်လို့ မီးလောင်သည်<br>ညီးညီးပြောင်တောက်ပွား<br>ဇာတာညံ့ အဟောကြုံသည်<br>သဘောဘကုန်တွေးလို့သနား"

ထိုသို့အစချီကာ အားမနာလျှာမကျိုးဟောပါတော့သည်။ တစ်ချက်မှ ကောင်းသည်မရှိ။ မေးမိသူ ကျောင်းသား၏မျက်နှာက ပေါက်ပန်းဖြူရွက်လောက်သာ ရှိတော့သည်။

မညှာမတာ ဟောပြီးမှ နေမိုးက...

"စိတ်မပူပါနဲ့ကွာ၊ ယတြာချေလိုက်လို့ရပါတယ်"

"အေး....အေး.... လုပ်စမ်းပါကွာ"

"မွေးနေ့မှာ..."

"အေး...."

"အိုးမဲနဲ့ တင်ပါးနှစ်ဖက်မှာ ဝလုံးနှစ်လုံး ရေးသွားရမယ်"

"ဟာ"

"မဟာနဲ့လေ"

"ပုဆိုးဝတ်သွားလို့ ရလား"

"ဝတ်ပေါ့၊ မင်းဖာသာမင်းပဲ သိမှာ။ တစ်ခြားဘယ်သူမှ မသိဘူး"

"အေး...ထားပါတော့၊ မင်းအဟောအရ အဲ့ဒီဝလုံးနှစ်လုံးရေးပြီး ငါက ဘယ်သွားရမှာလဲ"

"ထွေထွေထူးထူး မဟုတ်ဘူးလေကွာ၊ နေမြဲနေရုံပါပဲ၊ ရပါတယ်"

ထိုတစ်ယောက် မျက်နှာမသာမယာနှင့် ထသွားပြီးသည်နှင့် နောက်တစ်ယောက်က အဆင်သင့်။

"ငါ့လည်း ဟောပေးဦးလေကွာ"

"ပြော... မင်းရဲ့ မွေးသက္ကရာဇ်"

"မြန်မြန်ဟောနော်၊ ကျောင်းတက်တော့မယ်"

"အောင်မယ်... အဲဒီ့စကားကို ငါက ပြောရမှာ"

ဟောတော့ဟောပါသည်။ ခုနကလို သံနေသံထားနှင့်ပါပဲ။

"မင်းရဲ့ သက်ရောက် ဇာတာက ဒီလိုကွ"

ထိုသို့ အစချီကာ ရွတ်ပါတော့သည်။

"ကံကုသိုလ် မတည့်ခိုက်
အရွဲ့တိုက် ပစ်မလွယ်
တကယ့်သိုက် ခေတ်အလယ်မှာ
အဖြစ်ရယ်ငိုညည်း
နေ့ရက်ဆက် ငွေကြေးကုန်သည်
အမှုစုံ မီးတောက်ကကြီး"....တဲ့။

"ဟာ... မလွယ်ပါလားကွာ"

"မင်းထင်တာထက် ပိုဆိုးတယ်"

"ဟေ"

"ငါ... ဆက်ရွတ်ပြမယ်၊ နားထောင်"

"အေးအေး ... သက်သက်သာသာလေး လုပ်ပါကွာ"

"အဟမ်း ... အဟမ်း"

တေးထပ်ကို ဆက်ရွတ်သည်။

"ကပ်ရောဂါ ထပ်ကြပ်မီသည်

သက်ပြတ်မည် အနီး" တဲ့ကွ၊ အသက် အန္တရာယ်ပါ ရှိနေတာ"

"ဒါဆို ယတြာမှီပါ့မလားကွာ"

"ရပါတယ်၊ အနာရှိရင် ဆေးရှိရမှာပေါ့"

"ပြောပါဦးကွ"

"ဖယောင်းတိုင်ကို မီးညှိပြီး ဆေးလိပ်သောက်သလို သောက်နေရမယ်"

"ဖယောင်းစက်တွေ ကျကုန်မှာပေါ့ကွ"

"ကျပစေ၊ အဲ့ဒါမှ အပူတွေ ကုန်သွားမှာ"

သူငယ်ချင်းတွေက မျက်လုံးပေကလပ် ပေကလပ်နှင့် မကျေနပ်ကြချေ။

"မင်းကိုယ်မင်းလည်း ပြန်ဟောပါဦး"

"အေး ဟုတ်တယ်၊ မင်းကိုယ်မင်း ဟောပါဦး"

"ဒါများ ရတယ်"

နေမိုးက ဟိုတွက် ဒီတွက် တွက်သည်။ ပြီး မျက်နှာကြီး ပြုံးဖြီးဖြီးနှင့်...

"ငါ့ကုသိုလ်ကံက အကောင်းစားကြီးကွ"

"လုပ်လာပြီ"

"အဟုတ်ပြောနေတာ၊ ဒီလိုကွ.... အဟမ်း... အဟမ်း"

"ကောင်းရာမှာ ကောင်းကာဆင့်
ကောင်းလာခွင့် ကြိမ်းကြုံ
ကောင်းရှာခြင်း ကိန်းအဟုန်တွင်
ကိန်းအစုံ ခဝပ်လို့ညောင်း....တဲ့၊ ဟေဟေ့ ကြီးပွားရချည်သေးရဲ့"

"မင်း... ဗေဒင်က မတရားဘူးထင်ပါတယ်"

"ဘာလို့မတရားရမှာလဲ အရှိကိုအရှိတိုင်း ဟောရတယ်၊ နားလည်လား"

သူငယ်ချင်းများက ကျေနပ်လှသည်မဟုတ်၊ အလကားဟောပေးသည်လည်းမဟုတ်၊ ဒင်းကို လက်ဖက်ရည်တိုက်ပြီး မုန့်ကျွေးရသေးသည်။ သူတို့ဖာသာစားလျှင် နင်မည်စိုးသောကြောင့်ဟု အကြောင်းပြကာ ဒင်းကချည်းပဲ နင်းကန် မျိုဆို့သွားသည်။

နေမိုးက ထိုသို့သော ခပ်တေတေကောင်လေးမျိုးဖြစ်သည်။ ဘယ်သူနှင့်မှလည်း မတည့်။ ဘယ်သူနှင့်မှလည်း ရန်တော့မဖြစ်။

တစ်ခါတော့ ကျောင်းသူတစ်ယောက်ကို နောက်ပြောင်မှုဖြင့် ရုံးခန်းရောက်ဘူးသည်။ စာလိုက်ပေးခြင်း၊ ရည်းစားစကား လိုက်ပြောခြင်းမျိုးမဟုတ်။ ဘာလုပ်တာမှန်းကိုမသိ။

ဖြစ်ပုံကသည်လို...

ကျောင်းဆင်းချိန်ဖြစ်၍ ဘတ်စ်စကားမှတ်တိုင်မှာ လူစည်နေသည်။ နေမိုးလည်းပါသည်။ ဘတ်စ်ကား ဆိုက်လာသည်။ သူစီးရမည့် ကားမဟုတ်သေး၊ စီးမည့် ကျောင်းသူတစ်ယောက် ကားပေါ်တိုးတက်တာကို နောက်ပြောင်အော်ဟစ်နေသည်။

"တိုးတိုးတင့် ကွ... တိုးတိုးတင့် ကားပေါ်တက်တော့မယ့် တိုးတိုးတင့်"

"ဟော တိုးတိုးတင့် ကားပေါ်ကဆင်းမယ့်လူတွေကို အခြေအနေကြည့်တယ်၊ ဘယ်ခြေကိုစခင်းတယ်၊ ညာခြေလိုက်တယ်၊ ဘယ်လက်နဲ့ဆွဲတက်ပြီး ညာတံတောင်နဲ့ခတ်တယ်၊ တက်ပြီ....တက်ပြီ.... ရောက်သွားပြီ ... တိုးတိုးတင့်ကွ.... တိုးတိုးတင့်တဲ့ဟေ့"

"အားလုံးက စံနမူနာယူရမယ့် တိုးတိုးတင့်ပါခင်ဗျ၊ ထပ်တိုးဝင်သွားတယ်၊ ကားထဲရောက်သွားပြီ၊ တိုးတိုးတင့်ပါခင်ဗျား၊ ကားထဲရောက်သွားပါပြီ"

မနေနိုင်တဲ့ သူငယ်ချင်းတစ်ချို့က ဘေးမှ ဝင်မေးကြသည်။

"ဟေ့ကောင်... ဘယ်က တိုးတိုးတင့်လဲ"

"မသိဘူးလေကွာ"

"ခုနက ကားပေါ်တက်တဲ့ ကောင်မလေးကိုပြောတာလား"

"မသိပါဘူးဆို"

"အဲ့ဒါဆို မင်းက ဘာဖြစ်လို့တိုးတိုးတင့်လို့ အော်နေရတာလဲ"

"မသိပါဘူးဆိုကွာ"

"မင်း... ဒီလိုလုပ်လို့ဘယ်ရမလဲ"

"ရပါတယ်"

အမှန်တကယ်တော့ မရပါ။ နောက်နေ့မနက်မှာ နေမိုး ကျောင်းရုံးခန်းသို့ရောက်ပါတော့သည်။ ဆရာက ခန့်ခန့်ညားညား မေးသည်။

"မင်း ဒီကျောင်းသူကို အော်ဟစ်လှောင်ပြောင်တယ်ဆို"

"မဟုတ်ဘူးထင်တယ်ဆရာ"

"သူက မဟုတ်ဘဲ လာတိုင်မလား"

"ကျွန်တော်က တိုးတိုးတင့်ကို အော်တာပါ"

"သူက တိုးတိုးတင့် မဟုတ်ဘူးလား"

"ကျွန်တော်မသိပါဘူးဆရာ"

"ဘာကွ"

"အဟုတ်ပါ... သူ့နာမည်ကို ကျွန်တော် သိတောင် မသိပါဘူး၊ ကျွန်တော့်ဘာသာ တိုးတိုးတင့်လို့အော်တာပါ"

ကောင်မလေးက ဝင်ပြောသည်။

"ဆရာ...ကျွန်မနာမည်က မအေးရီပါ"

ဆရာက အံ့သြသွားသည်။

"ဟင်...တိုးတိုးတင့် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ သူ့ဖာသာ ကျွန်မကို တိုးတိုးတင့်လို့ လိုက်အော်နေတာပါ"

ဆရာ့မျက်နှာက နေမိုးဖက် ပြန်လှည့်လာသည်။

"မင်းက သူ့ကို တိုးတိုးတင့်နဲ့လူမှားတာလား"

"မဟုတ်ပါဘူး"

"ဘာလဲကွ"

"ဒီလိုပါဆရာ၊ တိုးတိုးတင့်ဆိုတာ တကယ်မရှိပါဘူး။ ကျွန်တော့်ဘာသာ အော်ချင်တဲ့နာမည် အော်ပြီး ကားပေါ်တက်တဲ့သူတွေကို အားပေးတာပါ။ အဲ့ဒါကို သူက သူ့အော်တယ်ထင်သွားတာပါ"

"မင်း တော်တော်ရှုပ်တဲ့ကောင်ပဲ"

ထိုသို့ဖြင့်...

တိုင်ကြားသူ ကောင်မလေး ကျေနပ်အောင် ဆရာက သူ့တင်ပါးကို ကြိမ်လုံးနှင့် တစ်ချက် ခပ်ဖွဖွ ရိုက်ပေးလိုက်သည်။ "တိုးတိုးတင့်ကလည်း ကျေနပ်တော့နော်" တဲ့။ အဟိ....။

ထိုသို့ဖြင့်...

အဟုတ်တကယ်ဆို ထိုသို့ ထပ်မံစာချေရဦးမည်။ ထိုကောင်မလေး၏ နာမည်က တိုးတိုးတင့်ဟု တွင်သွားသည်။ တစ်"တင့်" တည်း "တင့်" သွားသည်။

"ဘာမှတ်သလဲ၊ တိုးတိုးတင့်" တဲ့။

တစ်ရက်မှာ နေမိုး ကျောင်းသို့ရောက်လာပုံက သြချရလောက်သည်။

"အားလုံးမင်္ဂလာပါကွယ်"

"မင်္ဂလာပါ...မင်ဂါ...မင်....ဟင်...." ဟု ကျောင်းသားကျောင်းသူများဖက်မှ ဖြစ်သွား၏။ သူတို့မျှော်လင့်သလို သမိုင်းဆရာမဟုတ်ဘဲ နေမိုးဖြစ်နေသောကြောင့်ပင်။

နေမိုးက သမိုင်းဆရာပုံစံအတိုင်း ဝတ်စားဆင်ယင်ထားသည်။ တိုက်ပုံအင်္ကျီအနက်ကိုလည်း အပေါ်ရုံအနေဖြင့် ဝတ်လာသည်။ ဖိုင်တွဲများကို လက်တစ်ဖက်မှ ကိုင်ပြီး လက်ညှိုးနှင့် လက်မကို ကစားနေ၏။ (သမိုင်းဆရာ၏ ပုံစံအတိုင်းပင်) ဆံပင်ကိုလည်း ဆီရွှဲရွဲလူးပြီး သမိုင်းဆရာ၏ ပုံစံအတိုင်း ခွဲထား၏။ အတော်ကိုတူလေသည်။ အရွယ်အကြီးအသေးသာ အနည်းငယ်ကွဲသွားသည်။

နေမိုးက သမိုင်းဆရာ၏ လေယူလေသိမ်းအတိုင်း ထပ်ပြောသည်။

"အားလုံးမင်္ဂလာပါ လူကြီးမင်းတို့"

"မင်္ဂလာပါ" ဟု သူ့ကို မည်သူကမျှ ပြန်နှုတ်မဆက်ပါ၊ 'အ,မင်္ဂလာပါ' ဟူသော အသံများက ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာသည်။

နေမိုးကတော့ မမှုပါ။ သမိုင်းဆရာလေသံဖြင့် အော်ပြောဆဲ.....

"ကဲ.... မောင်တို့ မယ်တို့ရဲ့ စာအုပ်ကလေးတွေကို ဖွင့်ထားလိုက်ကြပါ"

ထိုအချိန်မှာပဲ တကယ့် သမိုင်းဆရာ ဝင်လာသည်။

"ဟင်..."

နေမိုးကိုတွေ့တော့ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက...မဟုတ်သေးပါဘူး၊ မင်းက ဘာလဲ"

"အဟီး...ဆရာ... အဟဲ... ကျွန်တော် နေမိုးပါ"

"မင်းက ဒါဘာလုပ်တာလဲ"

"အဟဲ....ကျွန်တော်က ဆရာ့ခြေရာနင်းတာပါ"

"ဘာကိစ္စ ငါ့ပုံစံပြင်ထားတာလဲ"

"ဆရာ့ခြေရာ နင်းတာပါဆို"

"ကဲ...ဒါဖြင့် မင်းငါ့ကို ပြောပြစမ်း"

"ဘာကိုလဲ ဆရာ""ပထမကမ္ဘာစစ်ဖြစ်ပွားပုံကိုပေါ့ကွာ"

နေမိုးက ဆရာ့ပုံစံအတိုင်း "အဟု…အဟွတ်" ဟု ချောင်း ဟန့်သဖြင့် အားလုံး ပြုံးမိကြသေးသည်။ နေမိုးက ကျကျနန ဆက်ပြောသည်။

"ဒါက… ဒီလိုရှိတယ် ဆရာရဲ့"

"အင်း … ပြောပါဦး"

"၁၉၁၄ ခုနှစ်၊ ဇွန်လထဲမှာပေါ့ ဆရာရယ်"

"အင်း"

"ဥရောပမှာ စစ်ရေးအရ ပေါက်ကွဲလုလု တင်းမာနေပြီပေါ့"

"အေး ဆက်ပြော"

"အဟု… အဟွတ်…. ပြင်သစ်ရယ်၊ ရုရှရယ်၊ အင်္ဂလိပ်ရယ်က တစ်ဖက်၊ ဂျာမနီရယ်၊ ဩစတြီးယားရယ်က တစ်ဖက်ပေါ့၊ အကြီးအကျယ် စစ်ပြင်နေကြတယ်၊ ပြဿနာက ဇွန် ၂၈ မှာ စဖြစ်တာပဲ"

"ဟုတ်ပြီ… အဟု အဟွတ် ပြောပါဦး"

"အဟု… အဟွတ် ပြောပါ့မယ်၊ အဲ့ဒီနေ့မှာ ဩစတြီးယား အိမ်ရှေ့မင်းသား ဖာဒီနန်နဲ့ သူ့ကြင်ယာတော် ပိုဟင်ဘတ် မြို့စား မင်းသမီးတို့ မနေနိုင် မထိုင်နိုင် ဘော့စနီးယား နိုင်ငံရဲ့ မြို့တော် ဆာရာဂျေဗိုကို အလည်အပတ်ဆိုလား ဘာလားသွားကြတယ်၊ ဘော့စနီးယားတွေကလည်း ဩစတြီးယားကို အဟု…အဟွတ်… အသေမုန်းတာကိုး"

"ပြော"

"မင်းသားကြီးနဲ့ ကြင်ယာတော် မင်းသမီးတို့ဟာ ဒီခရီးစဉ်အတွက် မှန်လုံကား အနီလေးကို ရွေးချယ်ထားတာ၊ ဆာရာဂျေဗို မြို့ထဲကို မိုင်နှစ်ရာ လောက်ပဲ ဝင်ရသေးတယ်၊ ဖုံးနဲ့ အထုခံရတယ်"

"သေရောလား"

"မသေဘူးဆရာ၊ အဲဒီ လက်ပစ်ဗုံးက ကားနံရံကို ထိပြီး လွင့်ထွက်သွားတယ်၊ ဘေးအပြင်ဖက်မှာ ပေါက်တာ၊ မြင်းစီးကိုယ်ရံတော် လေးယောက် ဒဏ်ရာ ရသွားတယ်၊ ခရီးဆက်ထွက်လာတာပေါ့၊ အဲဒီ့မှာ ဒရိုင်ဘာက စေတနာအမှားတစ်ခုကို ကျူးလွန်လိုက်မိတယ်"

ဆရာ့မျက်လုံးများ ကလယ်ကလယ်ဖြစ်လာသည်။ နေမိုးပြောနေသော အချက်တွေက ဟုတ်လား… မဟုတ်လားမသိ။ သူလည်း ဇဝေဇဝါဖြစ်လာသည်။ ဘာမှ စကားထောက်မပေးတော့ဘဲ နေမိုးပြောတာတွေကိုပဲ နားထောင်နေလိုက်သည်။"ဒရိုင်ဘာက အဲ့ဒီမြို့က လမ်းတွေကိုကျွမ်းတယ် ဆရာရဲ့၊ စီစဉ်ပြီးသားလမ်းကြောင်းကို တစ်ခြားလမ်းကြောင်းနဲ့ ပြောင်းလိုက်တာ။ အဲဒီမှာ မှားသွားတာပဲ၊ ပိတ်နေတဲ့လမ်းထဲကို ဝင်မိသွားတယ်"

"ဩော်…ဩော်"

"အဲ့ဒီအချိန်မှာပဲ လူငယ်တစ်ယောက် ပစ္စတိုတစ်လက်ကိုင်ပြီး ပြေးထွက်လာတယ်၊ ကားပေါ်ခုန်တက်ပြီး မင်းသားကြီး ဇနီးမောင်နှံကို ကျည်ဆံကုန်တဲ့အထိ ပစ်တော့တာပဲ။ အဲဒီ့လူငယ်ကိုလည်း ကိုယ်ရံတော်တွေက ရိုက်သတ်ပြီးရော မင်းသားကြီး ဇနီးမောင်နှံလည်း 'ဂွိ' သွားရော"

"ဘာဂွိတာလဲ"

"သေဆုံးလွန်မြောက် ကွယ်လွန် အနိစ္စရောက်သွားတာကို ပြောတာပါ"

"စကားပြောရင် ကောင်းကောင်းပြောစမ်း"

"ဟုတ်ကဲ့"

"ဆက်ပြော"

"အဟု…အဟွတ်… အဲ့ဒီမှာ ဩစတြီးယား အစိုးရက ဒါဟာ ဆာဗီးယား အစိုးရရဲ့ ပယောဂမကင်းဘူးလို့ ယူဆပြီး ဆာဗီးယားကို ရာဇသံပို့ပါတယ်၊ ပြီး …ဩစတြီးယားက ဆာဗီးယားကို စစ်ကြေညာပါတယ်၊ ဂျာမနီက ဩစတြီးယားဘက်က ဝင်ကူပါတယ်၊ ဆာဗီးယားဘက်က ရုရှား၊ ပြင်သစ်၊ ဗြိတိန်၊ တစ်ခါ တစ်ဖက်က တူရကီနဲ့ ဘူလ်ဂေးရီးယားတို့က ဝင်ကူပြန်ရော။ အဲ့ဒီလိုနဲ့ ပထမကမ္ဘာစစ် စဖြစ်ပါတယ်"

ဆရာ့ကို စာအံနေသည်နှင့်မတူ။ ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ် ပြောပြနေသလိုဖြစ်နေသည်။ ဆရာက (နေမိုး သူ့ပုံကို လိုက်တုထားသည့်အပေါ် ကသိကအောက်ဖြစ်နေပုံရသော်လည်း ဖြေဆိုချက်ကိုတော့ လက်ခံပုံရသည်) ငါ ငယ်ငယ်ကတော့ ဒီလို မကျက်ခဲ့ရပါဘူးဟုလည်း တွေးနေပုံရသေးသည်။

"ကဲ တော်ပြီ တော်ပြီ… မင်းထိုင်တော့"

"ဟုတ်ကဲ့ဆရာ"

"နောက်ဆို ငါ့ပုံစံကို လိုက်တုမထားနဲ့ ကြားလား"

"ဟုတ်… ဟုတ်ကဲ့"

"အေး… အခုထိုင်တာကိုလည်း ငါ့ပုံစံနဲ့လိုက်မထိုင်နဲ့၊ မင်းပုံစံနဲ့ မင်းထိုင် သိလား"

"ဟုတ်ကဲ့… သိပါပြီ"

ထိုဆရာ၏ သင်ခန်းစာ အချိန် ပြီးဆုံးသွားကာမှ အခန်းထဲမှာ ရယ်သံတွေ၊ ဝေဖန်သံတွေ တဝေါဝေါ ထွက်လာသည်။ သူငယ်ချင်းများထံမှလည်း တောင်းဆိုသံတွေ ထွက်ပေါ်လာသည်။

"ဟေ့ကောင် နေမိုး"

"ဟေ"

"ငါ့ကိုလည်း လူမင်းပုံ ရုပ်ဖျက်ပေးစမ်း"

"အေး…"

"ငါ့ကိုတော့ လွင်မိုး"

ငယ်စဉ်ကတည်းက နေမိုးက ထိုသို့ အောင်မြင်ခဲ့လေသည်။ကောင်မလေးတွေကိုလည်း သူစိတ်မဝင်စား။ ရည်းစားစကားတော့ အချိန်အားနေလျှင် လိုက်ပြောတတ်သည်။ ဘယ်မိန်းကလေးရယ်မဟုတ်။ ကြုံသလိုပင်ဖြစ်သည်။

“ဟေ့ ကောင်မလေး…ဟေ့ကောင်မလေး”

“ဘာလဲ”

“ငါ … နင့်ကိုချစ်လို့ဟာ”

“သေလိုက်”

“ဒီလိုပဲ ပြန်ပြောရလားဟာ”

“ငါက နင့်လို နားဝင်ချိုအောင် မပြောတတ်ဘူး”

“ဒါဆိုလည်း ငါ့လို ညာပြောလိုက်ပါလား”

“ဘာဖြစ်တယ်…ဘာ”

“အဲ့ဒီ…အဲ့ဒီလိုလုပ်ကြည့်ရင်လည်း ရည်းစားဖြစ်မလားလို့”

ထိုသို့သော အချိုးမျိုးကြောင့် မည်သည့်ကောင်မလေးကမှ သူ့ကို ရည်းစားမထားကြ။ ကြိုက်တော့ ကြိုက်ကြပုံရသည်ဟု နေမိုးက သူ့ဖာသာထင်သည်။

တစ်မျိုးတော့လည်းဟုတ်သည်။ ကောင်မလေးတွေဆုံကြလျှင် နေမိုးအကြောင်း ပြောလေ့ရှိသည်။

ကောင်းကွက်ရော၊ ဆိုးကွက်ရော၊ ရယ်စရာတွေရော ပါ, ပါလိမ့်မည်။ “နဂိုချောမို့ လူပြောများခြင်းဖြစ်မည်” ဟု နေမိုးက ဆိုသည်။ မည်သူကမျှ ထိုစကားကို အရေးလုပ်ခြင်းမရှိကြ၍ ပယ်ဖျက်မှုခံရခြင်းမရှိသေးသော အဆိုတစ်ရပ်နှယ် တည်နေသည်။တစ်နေ့မှာ သူငယ်ချင်းတွေစုပြီး ဆရာမတစ်ယောက်အိမ်သို့ သွားလည်ကြသည်။ သဘောချိုပြီး အသင်အပြကောင်းသဖြင့် တပည့်များက ချစ်ကြသော ဆရာမ ဖြစ်သည်။

ဆရာမဆီရောက်တော့ ဆရာမက သူကိုယ်တိုင် ရေးဆွဲထားသော ပန်းချီကား တစ်ချပ်ကိုပြသည်။

ကုတင်ပေါ်မှာလှဲပြီး ယောင်ရမ်းတမ်းတနေသော လူတစ်ယောက်၏ပုံဖြစ်သည်။ ပန်းချီကားအမည်က “အိပ်မက်ထဲမှာ အိပ်မပျော်သူ” ဟု ဖြစ်သည်။

ဆရာမက အားလုံးကို မေး၏။

“ဘယ်လိုနေလဲ”

ဆရာမ၏ ပန်းချီကားကို မည်သူကမှ မဝေဖန်ရဲ။ လိုက်လည်း မမီ။ လှသည်။ လက်ရာမြောက်သည်ဟုတော့ ခံစားရသည်။ နေမိုးတစ်ယောက်ကသာ….

“အဲဒါမျိုးက ဖြစ်တတ်ပါတယ်”

ဆရာမ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ပြန်မေးသည်။

“ဘာရယ်”

“အရက်ဖြတ်ထားတဲ့သူတွေ အဲ့ဒီလိုမျိုး ဖြစ်နေတာမျိုးကို ကျွန်တော်မြင်ဘူးတယ်၊ ချွေးစို့နေတာကိုပါ ထည့်ဆွဲပေးရင် ပိုပီပြင်သွားလိမ့်မယ်”

ဆရာမ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ အတန်ကြာမှ…

“အင်း…နေမိုးက အင်မီတေးရှင်း (Imitation) အတော်ကောင်းမယ့်ကောင်ပဲ၊ အင်မီတေးရှင်း ဆိုတာ အတုဖန်ဆင်းခြင်းပေါ့၊ အတု ဖန်တီးတာပေါ့ကွာ”

နေမိုးက သက်ပြင်းကြီးကို ဂူးခနဲ ချလိုက်ပြီး….

“အတုဖန်တီးရှင် ဆိုတာ တော်သေးတာပေါ့၊ အလှ ဖန်တီးရှင်မှ မဟုတ်တာ”

***********************

(၁)

တစ်ခါတစ်ခါမှာ နေမိုးက ညစ်တီးညစ်ကျယ်နိုင်သည်။ သူငယ်ချင်း အရင်းကြီးတွေကိုပင် မညှာ။ သူငယ်ချင်း အဖျားကြီးတွေဆိုလျှင် ဆိုဖွယ်ရာ မရှိတော့ချေ။

တစ်ခါဆို "မူတူး" က အအေးဆိုင်ထဲမှ အားရဝမ်းသာ လှမ်းခေါ်သည်။

"ဟာ နေမိုး.... လာလေကွာ"

နေမိုးက ဆိုင်ထဲဝင်လာပြီး....

"ဘာလုပ်မလို့လဲ"

"ဟ... အအေးသောက်ဖို့ပေါ့ကွာ၊ ငါတိုက်မှာပါကွ"

"အအေးတိုက်ပြီး ဘာပြောမလို့လဲ"

"ငါ့ အသည်းကလေး အကြောင်းပေါ့ကွ"

"ဒါဖြင့် ... နေ... နေ... ငါ့ဖာသာ ဝယ်သောက်လိုက်တော့မယ်"

ထိုသို့ပြောကာ တစ်ခြားဝိုင်းမှာ ဝင်ထိုင်သည်။ မူတူးက သူ့ဝိုင်းမှနေ အောင့်သက်သက်ဖြင့် ကြည့်နေရ၏။ ပြောချင်တာကိုလည်း မပြောရ။ နေမိုးက သူ့ကို ကျောခိုင်းကာ ဒူးပင်နှံ့နေလိုက်သေးသည်။ ထိုမျှအထိပင် နေမိုးက လုပ်ရက်သည်။

တစ်ခါမှာလည်း 'ချစ်နိုး' က နေမိုးကို အားကိုးတကြီး အကူအညီတောင်းသည်။

"နေမိုး"

"ပြော"

"အဲ့ဒီကောင်မလေးကို နီးစပ်နိုင်ဖို့အတွက် ငါဘယ်လိုလုပ်ရမလဲ"

"နီးစပ်ချင်ရင် သွားကပ်နေပေါ့ကွ"

"အာ...အဲ့ဒီလို ပြောတာ မဟုတ်ဘူးလေကွာ"

နေမိုးက သိသိကြီးနှင့် ပြန်မေးသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"ငါက.. .အဲဒါ့ကိုသိချင်လို့ မေးနေတာ၊ ဒီလိုကွာ...အဟီး... သူနဲ့ငါနဲ့ ချစ်သူတွေဖြစ်အောင်...အဟဲ"

"ဒါများကွာ ရည်းစားစာလေးဘာလေးပေးပေါ့"

"ဘယ်နှစ်စောင်လောက် ရေးရမလဲ"

"ဒီကောင်မလေးမျိုးဆိုရင် ဆယ်စောင်လောက်ပေါ့"

ထိုသို့ မည္ဘာမတာ ဈေးဖြတ်လိုက်သေးသည်။ ချစ်နိုးကလည်း အူကြောင်ကြောင်ကောင်၊ ရည်းစားစာကို ချက်ချင်းပဲ ထိုင်ရေးသည်။ ပြီး.... နေမိုးကို ပြသည်။

"ဟော့ကောင်.... ဖတ်ကြည့်ပါဦး"

နေမိုးက ဖတ်မကြည့်ဘဲ ခေါင်းခါပြသည်။ မျက်နှာကြီးကလည်း မဲ့လျက်။ ချစ်နိုးခမျာမှာသာ မျက်နှာငယ်လေးနှင့်...

"ဘာ...ဘာဖြစ်လို့လဲကွာ"

"ဒါမျိုးဆိုရင်တော့ ရည်းစားစာ အစောင်တစ်ရာလောက် ရေးရလိမ့်မယ်"

"ဘာလိုဖြစ်လို့လဲ"

"မင်း... ရည်းစားစာကို ဒီလောက်မြန်မြန်ရေးနိုင်မှန်းမသိလို့ ဆယ်စောင်လို့ ပြောလိုက်တာ၊ ခုပုံစံမျိုးဆိုရင် အစောင်တစ်ရာလောက် ရေးရလိမ့်မယ်"

ချက်ချင်းပဲ ချစ်နိုး၏ မျက်နှာက အိုမင်းရင့်ရော်သွားသည်။ နေမိုးက အားမနာ ပါးမနာ ပြုံးပြုံးကြီးလုပ်လျက်။

အခြားလူများလည်း မနေရ။ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို အုပ်ထိန်းသူ၏ သဘောတူညီမှုမပါဘဲ စကားလိုက်ပြောနေပုံရချိန်....

(မှတ်ချက်... ရိုးရိုး စကား ဟုတ်ပုံမရ၊ ရည်းစားစကား)

ကောင်မလေးကတော့ ရှေးရိုးဆန်ပုံရ၏။ မူနေသည်။ ကောင်လေးက အားကြိုးမာန်တက် ကြိုးစားဆဲ။ နေမိုးက သူ့ထမင်းသူစားလာပြီး ဖြစ်သဖြင့် ဝင်ရှုပ်သည်။

"ဟော့ကောင်...မိန်းကလေးတစ်ယောက်ကို ဘာလိုက်ရှုပ်နေတာလဲ"

ထိုကောင်လေးက တစ်ကယ်လုပ်မည့်ပုံပေါ်သော နေမိုး၏ပုံဟန်ကို ကြည့်ကာ မျက်စိမျက်နှာ အပျက်ပျက်ဖြင့်...

"ကျွန်တော်...ဟိုဒင်း..ဟိုဟာ..."

"ဒါ... ဘယ်သူ့ရည်းစား အောက်မေ့လို့လဲ"

"ဟို..အဲ့ဒါ ကျွန်တော်မသိ"

"မင်းရည်းစား မဟုတ်မှန်းတော့ မင်းသိတယ်မဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့"

"အဲ့ဒါဆိုရင် သွားတော့"

"ဟုတ်...ဟုတ်ကဲ့"
ကောင်လေး လှည့်ထွက်သွားသည်။ ကောင်မလေးကလည်း နေမိုးကို အူကြောင်ကြောင်နှင့် (ကြက်သေ သေလျက်) ကြည့်ပြီးမှ (အတော်ကြာအောင်ကြည့်ပြီးမှ) လှည့်ထွက်သွားသည်။ နေမိုးက မားမားမားမားနှင့်ကျန်ရစ်ခဲ့သည်။ လက်တောင် ပိုက်ထားလိုက်သေးသည်။

အမှန်တော့ ကောင်မလေးကလည်း ထိုကောင်လေးကို ကြိုက်ချင်ချင်ဖြစ်နေသည်။ နေမိုးလုပ်မှ ထိုကောင်လေးက သူမကို နေမိုးရည်းစားဟု ထင်ပြီး ခွာသွားတော့သည်။ နောက်ပိုင်းလမ်းမှာ ကြုံလျှင်တောင် နေမိုးက ထိုကောင်မလေးကို မမှတ်မိတော့။ ကောင်မလေးက နေမိုးကို အသည်းနာ၍မဆုံး။

ထိုကဲ့သို့ ရှုပ်လှပါသော နေမိုးသည် တစ်နေ့တွင် ကောင်မလေးတစ်ယောက်နှင့် 'ငြိ' ပါတော့သည်။ နှလုံးသားချင်း တွယ်တာငြိစွန်းကြခြင်းကို မဆိုလို။ ပြဿနာခြင်း ငြိစွန်းကြခြင်းကို ဆိုလိုသည်။ (ဥပမာ အရပ်ထဲက ကောင်လေးများပြောသလို... "အဲဒီကောင်နဲ့ ငါငြိထားတယ်" ဆိုတာမျိုး)

တစ်နေ့....

"ဟ"

"ဂွမ်း"

သူ့ဖာသာ ရပ်နေသော နေမိုးကို ကောင်မလေးတစ်ယောက်က နောက်မှ ဝင်တိုက်လိုက်သည်။ "ဂွမ်း" ဆိုသော အသံက နေမိုး၏ အလန့်တကြားအော်လိုက်သံမဟုတ်။ နေမိုး ကိုင်ထားသော ငါးမုန့်ကြော်ထုပ်ကြီး ကြေသွားသောအသံဖြစ်သည်။ နေမိုးက ရှေ့မှ နံရံကို ထပ်ဆောင့်မိသောကြောင့်ဖြစ်သည်။

ငါးမုန့်ကြော်အိတ်က ကွမ်းယာဆိုင်မှာ ရောင်းသော အိတ်လေးမျိုးမဟုတ်။ နေမိုးနှင့်သိသော အဒေါ်ကြီးတစ်ယောက်က အားနေသဖြင့် ကြော်ပေးလိုက်သော ငါးမုန့်ကြော်အိတ်ကြီးဖြစ်သည်။

ရုတ်တရက်မှာတော့ နေမိုး စိတ်ဆိုးသွားသည်။ နောက်လှည့်ကြည့်ပြီး ကောင်မလေးလှလှတစ်ယောက်ကို တွေ့သော်လည်း ခွင့်မလွှတ်မိပေ။ ထို့ကြောင့်...

"နင် ငါ့ကို ဘာကိစ္စ ဖင်နဲ့လာပေါက်ရတာလဲ"

"ဘာ...ဖင်နဲ့ ပေါက်ရမှာလဲ"

"အခုပဲ နင်ငါ့ကို ဖင်နဲ့ပေါက်လိုက်တာလေ"

ကောင်မလေး၏မျက်နှာက နီဝါးဝါးဖြစ်သွားသည်။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး...

"ငါ နင့်ကို မတော်တဆ ဝင်တိုက်မိတာပဲ"

"ဘာနဲ့တိုက်မိတာလဲ""အိုး...ရှေ့တည့်တည့်က ဝင် တိုက်တာ"

"မမြင်ဘူးလား"

"မြင်တော့ မြင်တာပေါ့၊ မတော်တဆ တိုက်မိတာပါလို့ဆိုနေ"

"ဘယ်လိုတိုက်တာလဲ"

"မတော်တဆ တိုက်တာပါဆို"

"ဟုတ်ပြီလေ.... ဖင်နဲ့ပေါက်တာမဟုတ်ရင် ဒူးနဲ့တိုက်တာလား..ဘာလဲ နင့်နာမည်က ဒူးပျံတိုင်းကျော်လား"

ကောင်မလေး စိတ်ဆိုးသွားသည်။

"တော်ပြီ တော်ပြီ ငါနင့်ကို မတောင်းပန်တော့ဘူး"

"ရပါတယ်၊ ငါကပဲ တောင်းပန်ပါတယ်...ရော့"

ကောင်မလေး လက်ထဲသို့ ငွေစက္ကူအချို့ထည့်ပေးလိုက်၏။ ကောင်မလေးက နဝေတိမ်တောင်ဖြင့် ယူထားလိုက်မိပြီး...

"ဒါက ဘာလဲ"

"ကျိုးကြေသွားတဲ့ ငါးမုန့်ကြော်တွေဖိုး"

ငါးမုန့်ကြော် အကြေထုပ်ကြီးကိုပါ ထပ်ကမ်းပေးလိုက်သည်။

"ရော့ ... ဒါပါ...ယူထားလိုက်တော့"

ကောင်မလေးကလည်း အူတူတူ အတတနှင့် ယူထားပြန်သည်။ နေမိုး လှည့်ထွက်လာခဲ့သည်။ ကောင်မလေး မည်သို့ ဖြစ်ကျန်ခဲ့မှန်းမသိတော့။

သူ့ထုံးစံအတိုင်း ထိုကိစ္စကိုလည်း မေ့မေ့ပျောက်ပျောက်ပင် နေလိုက်၏။ တစ်ရက် နှစ်ရက်နေမှ မရွှေဥနှင့် လက်ာတို့ ပူညံပူညံနှင့် ရောက်လာကြ၏။ ပြဿနာကို မီးလာတုန်းမှာ ရှာယူလာခဲ့ကြ၏။ ဖယောင်းတိုင် မီးထွန်းပြီး ရှာလာခြင်းမဟုတ်။ နေမိုး သစ်ရိပ်အောက်က ဆိုင်ကလေးတစ်ဆိုင်မှာ ဖျော်ရည်ထိုင်သောက်နေတုန်း....

"ဟဲ့...နေမိုး"

နေမိုးက ခပ်ညံ့ညံ့ ရုပ်ရှင်ကားများထဲမှ လေယူလေသိမ်းအတိုင်း....။

"ဩော်...မိရွှေဥတို့ လက်ာတို့ပါလား၊ လာလေ...ထိုင်ကြ...ဘာသောက်မလဲ"

"အေး ...အအေးလည်းသောက်မယ်၊ နင်နဲ့လည်း ပြဿနာရှင်းမယ်"

"ဘာပြဿနာလဲ"မရွှေချောနှစ်ယောက်က အအေးကို အရင်မှာပြီး စိမ်ပြေနပြေ ထိုင်သောက်နေသေးသည်။ နေလေ...ရသည်ပေါ့။ နေမိုးပဲ...'အာလူးလာမပေးနဲ့...လေကိုနည်းနည်းလျှော့' ဟူသောသီချင်းကို ကြိတ်ငြင်တင် ဆိုညည်းပြီး စောင့်နေလိုက်သည်။

မချောနှစ်ယောက် သောက်ရတာ မြိမကျတော့။ ထိုသို့ဖြင့် လက်ာက....

"နင် ငါတို့ သူငယ်ချင်းကို ဒေါက်ဖြုတ်ခဲ့တယ်…ဆို"

"နင်တို့ သူငယ်ချင်းထဲမှာ ဘယ်သူက ကြိုးစင်တက်ရလို့လဲ"

"နင်… အပိုတွေ ပြောမနေနဲ့၊ 'ရည်ပြာ' ကို နင် ဘာအချိုးချိုးခဲ့တာလဲ"

"ဘယ်သူ"

"ရည်ပြာ"

"နင်တို့ သူငယ်ချင်း"

"ဟုတ်တယ်"

"ငါမသိဘူး၊ ငါ ငံပြာရည်ပဲ သိတယ်"

"နင်… ပေါက်ကရ လျှောက်မပြောနဲ့၊ ငါတို့ သူငယ်ချင်း ဝတ်ရည်ပြာကိုပြောတာ"

"ငါ သိတောင် မသိဘူး"

"နင်…ငါးမုန့်ကြော်ထုပ်ကြီးတောင် ပေးသွားတယ်လေ"

ထိုအခါကျမှ နေမိုး အကြောင်းရင်းကို သိတော့၏။

"ငါ ဘာမှ မလုပ်ဘူး၊ သူကောငါကော ပမာဒ လေခပြီး ဖြစ်ကြတာ"

"ဘာပဲ ပြောပြော နင်လုပ်တာက သူ့ကို ချွတ်သလို ဖြစ်သွားတာကိုး"

"တစ်ခြားစကားလုံး ပြောင်းသုံးစမ်းပါဟာ၊ နင်တို့ စကားလုံးကို ငါနားရှက်လွန်းလို့"

"အေး… ဟိုကတော့ နင့်ကို မကျေနပ်ဘူး"

"မကျေနပ်လည်း သားရေဖိနပ်ကို ကိုက်နေ"

"နင်…အရမ်း ရိုင်းတာပဲ"

ထို့နောက်… အအေးဆိုင်ကို အလုအြိမ် အောက်မေ့၍ထင်သည်။ နှစ်ယောက်လုံး အအေးဖိုး မရှင်းဘဲ ပြန်သွားကြသည်။ ကိုယ်ကသောက်ခိုင်း၍ သူတို့က သောက်ကြရသည်ဖြစ်သောကြောင့် သူတို့ကိုလည်း အပြစ်မဆိုသာ။ ခဏကြာတော့ ဇာဇာတုတ်ကြီး ရောက်လာသည်။

"ဟဲ့ နေမိုး"

"ဘာလဲ"

"နင်…စာကြည့်တိုက်ဘက်ကို မသွားနဲ့နော်"

"ဘာဖြစ်လို့လဲ…၊ အဲ့ဒီဘက်မှာ သရဲကြီး ရှိလို့လား"

"နင်…နောက်မနေနဲ့၊ ရည်ပြာက နင့်ကိုစောင့်နေတယ်"

"လာပြန်ပြီ…ဘာလုပ်မလို့လဲ"

"သူ့မှာ မုန့်ဟင်းခါး ဟင်းရည် ချိုင့်ကြီးနဲ့"

"အလှူအိမ်က ပြန်လာတာလား"

"နင့်ကို ပညာ ပေးမလို့တဲ့"

"ဘာဖြစ်လဲ…ပညာဆိုတာ ယူကောင်းတဲ့ အရာပဲ"

"နင်..ဘာလွတ်ရွတ်တ ပြောမနေနဲ့၊ ဟိုက တကယ်လုပ်မှာ"

"ဘယ်လိုလုပ်မှာလဲ"

တကယ်သိချင်၍မေးခြင်းဖြစ်သည်။ မုန့်ဟင်းရည်ဆိုတာက ကြောက်စရာမဟုတ်ဘဲ စားချင်စရာပဲ ဖြစ်နေသည်။ 'လာလေ…လာစမ်းပါ' ဟုပြောချင်စရာ….။ မခံချင်စိတ်ဝင်မိ၍ နှုတ်မှလည်း ပြောလိုက်သည်။

"ဗလာချီကြီးပါလား၊ သူကပဲ ငါ့ကို စိတ်ဆိုးရတယ်ရှိသေး"

"သတင်းစာထဲမှာ နင် ဘာရေးထားလဲ"

"သတင်းစာ…အဲ"

နေမိုး အမ်းတမ်းတမ်းဖြစ်သွားပြီး ပြန်စဉ်းစားယူရသည်။ ပြီးမှ….

"အဲ့ဒီမှာလည်း စိတ်ဆိုးစရာ မပါပါဘူး" သတင်းစာဆို၍ တစ်မျိုးမထင်ကြပါနဲ့။ နေမိုး၏ ကိုယ်ပိုင် သတင်းစာဖြစ်သည်။

နေမိုးသတင်းစာဟု ခေါ်သည်။ ကျောင်းနံရံ ဘလက်ဘုတ်တွင် တစ်နေ့လျှင် သတင်းတစ်ပုဒ်ရေးရေးပြီး ကပ်ထားခြင်းဖြစ်သည်။ ဥပမာ… အနီးကပ်ဆုံး သတင်းတစ်ပုဒ်ကို ဆိုကြပါစို့။

***"ကြာဆံ ဆီချက် စားကြဦးမလား"***

***ရန်ကုန်၊ စက်တင်ဘာ ၁၂***

***ဗြိတိသျှတို့၏ ဘာသာစကားကို သင်ကြားပေးသော ဆရာမတစ်ယောက်သည် ကြာဆံဆီချက်ကို အာသာငမ်းငမ်း တပ်မက်မိသဖြင့် ကျောင်းသားတစ်ဦးအား အသပြာအချို့ပေးကာ ဝယ်ခိုင်းလိုက်၏။ အချိန်အတော်ကြီးကြာမှ ထိုကျောင်းသား ပြန်ရောက်လာကာ ကြာဆံတစ်ပွဲနှင့် ဆီချက်တစ်ပွဲကို ပေးလာလေသည်။ ကြာဆံကြော်တစ်ပွဲနှင့် ဆီချက်ခေါက်ဆွဲတစ်ပွဲကို ဟင်းရည်နှင့်အတူ မလွဲသာမရှောင်သာ စားသုံးလိုက်ရသော ဆရာမသည် မိုက်များပြည့်အင့်လျက် ဒေါသအမျက်ချောင်းချောင်းထွက်ကာ အိမ်ပြန်သွားကြောင်း သိရလေသည်။***

***N.M.K သတင်းစဉ်***

အဲ့ဒါမျိုး။

မည်သို့ပင်ဖြစ်စေ သူ၏နေမိုး သတင်းစာကို စောင့်ဖတ်သူများလှ၏။ ထော်လော်ကန့်လန့်ဖြစ်ရပ်များနှင့်ပင် သူကလည်း ပရိသတ်များစွာ ရနေသူဖြစ်၏။ ယခု ဝတ်ရည်ပြာနှင့် ကိစ္စကိုလည်း သူက အောက်ပါအတိုင်းရေးထား၏။

***"နောက်ကျောမလုံကြသူများ"***

***ရန်ကုန်၊ စက်တင်ဘာ ၁၄***

***ရုပ်ရည် သနားကမားရှိလှသော မောင်နေမိုးဆိုသူ လူငယ်ကလေးသည် ရုပ်ရည် မည်သို့မည်ပုံရှိမှန်း မသိလိုက်သော မိန်းကလေးတစ်ဦး၏ ဖင်နှင့်ပေါက်ခြင်းကို အရှိန်ပြင်းစွာ ခံလိုက်ရလေသည်။ ထို့ကြောင့် သူ့လက်ထဲတွင် ကိုင်လာသော ငါးမုန့်ကြော်ထုပ် (သူ့ကြီးဒေါ်ကြီးက အားအားလျားလျား ကြော်ပေးလိုက်သော ငါးမုန့်ကြော်ထုပ်) ကျိုးကြေသွားပြီး သူကိုယ်တိုင်လည်း ဒဏ်ရာ ပြင်းထန်စွာ ရသွား၏။ ထိုဖြစ်ရပ်အတွက် မောင်နေမိုးကပင်လျှင် လျော်ကြေးပေးပြီး အလျင်အမြန် ထွက်ပြေးခဲ့ရကြောင်း သိရ၏။***

***N.M.K သတင်းစဉ်***

"အဲ့ဒီသတင်းကို သူက ဖတ်ပြီးသားမို့လို့လား"

"ဖတ်ပြီးပြီပေါ့ဟဲ့"

"ဒါဆို ငါ့ကို လက်တုန့်ပြန်ဖို့ စီစဉ်တာ မြန်လှချည်လား"

"နင့် သတင်းကို မဖတ်မိခင်ကတည်းက တုန့်ပြန်မလို့"

"အခု ပိုဆိုးသွားတယ်ပေါ့"

"အေးပေါ့"

"အဲ့ဒါကိုထားပါဦး၊ သူက မုန့်ဟင်းခါး ဟင်းရည်ချိုင့်နဲ့ ငါ့ကို ဘယ်လို လက်တုန့်ပြန်မှာလဲ"

ဇာဇာတုတ်ကြီးက ဘေးပတ်ဝန်းကျင်ကို ကျီးကြည့်ကြောင်ကြည့်ကြည့်ရင်း...

"နင်...ဘယ်သူ့ကိုမှ ပြန်မပြောနဲ့နော်"

"ပြောမှာသာပြောပါ.. တစ်ဆိုင်လုံးကြားပါတယ်"

"နင်နော်"

"သြော်...အေး...အေး...ငါ တိတ်တိတ်နားထောင်နေပါတယ်"

"သူ့ဟင်းရည်ချိုင့်ကြီးကို နင့်ကူသယ်ခိုင်းမယ်တဲ့"

"ရပါတယ်၊ အဲ့ဒါလောက်က အရေးအကြီးပါဘူး" "ပြီး...နင့်အပေါ်မှောက်ချလိုက်မယ်တဲ့"

"ဟ...ပူမှာပေါ့၊ မပူရင် နံတော့နံမှာပေါ့"

"မွေးတယ် ပြောစမ်းပါ"

"ဟ...နံမှာပေါ့... ဘယ်လိုလုပ်မွှေးမလဲ၊ ပြီး ပူနိုင်သေးတယ်နော်၊ ဘာကိစ္စ ငါ့ကိုလာလုပ်မှာလဲ၊ သူ့ဘာသာ လုပ်ပါလား"

"နင့်ကို သူ ကလဲ့စား ချေမှာပါဆို"

"သြော်...ငါနဲ့တွေ့ဦးမှ...ကို"

"အဲဒါကြောင့် နင့်ကို စာကြည့်တိုက်ဖက် မသွားနဲ့လို့ ပြောတာပေါ့"

"ကဲလေ...ဒါဖြင့်လည်း ငါသွားမယ်"

"ဘယ်ကိုလဲ"

"စာကြည့်တိုက်ဖက်ကိုပေါ့"

"ဟင်....နင်....လုပ်ပြန်ပြီလား"

"လာမယ့်ဘေး ပြေးကွေ့မှ ဖြစ်မှပေါ့"

"ပြေးတွေ့ပါဟာ"

"ဟင့်အင်း...ငါက ပြေးကွေ့ပစ်မှာ"

နေမိုး အအေးဖိုးများကို ကပျာကယာရှင်းပြီး ဇာဇာတုတ်ကြီး တကူးတက လာတားသော စာကြည့်တိုက်ဖက်သို့ မြေပုံမပါဘဲ

ဖြတ်သန်း သွားရောက်လိုက်၏။

စာကြည့်တိုက်ရှေ့မှာ... (သတင်းအရ) မုန့်ဟင်းရည် ချိုင့်ကြီးဆွဲထားသော ဝတ်ရည်ပြာကို ငွါးငွါးစွင့်စွင့် မြင်တွေ့လိုက်ရ၏။ သူ့ကိုတွေ့တော့ ဝတ်ရည်ပြာက ဝမ်းသာအားရဖြင့်...

"နေမိုး....ဟဲ့....နေမိုး"

နေမိုးက သူမနှင့် ခပ်ခွာခွာ မှာရပ်ပြီး...

"ဘာလဲဟ"

"ငါ့ကို ချိုင့်ကြီး ကူဆွဲပေးပါဦး"

"ဘာချိုင့်လဲ"

"မုန့်ဟင်းခါး ဟင်းရည်ချိုင့်"

"နင်ကလည်း ဟာ.... နာမည်က ဝတ်ရည်ပြာလုပ်နေပြီး မသကာ ငံပြာရည်ချိုင့်လေး ဘာလေးဆွဲပေါ့၊ အခုတော့ မုန့်ဟင်းရည်ချိုင့်ကြီးဆွဲရတယ်လို့"

"ဘာဆိုင်လို့လဲ၊ ကဲ...အဲ့ဒါတွေ ထားပါဦး၊ လေးလို့ ကူသယ်ပေးပါဦး"

ဝတ်ရည်ပြာက ထိုချိုင့်ကြီးဖြင့်သူ့အပေါ် လောင်းချမလို တိုးလာသဖြင့် နေမိုးက နေမိုးက အင်တင်တင်နှင့် နောက်ဆုတ်ပြီး....

"ငါ...ငါ...အကြံပေးပါရစေဦး"

"ဘာ...အကြံပေးမလို့လဲ"

နေမိုးက အအေးဆိုင်မှ အတိုအလျှိုလုပ်လာသော သံပုရာရည် ဖျော်သည့်ဇွန်းလေးကို ဝှေကာ...ဝှေကာ ထုတ်ပြရင်း...

"အဲ့ဒီ မုန့်ဟင်းရည် တွေ နင်သွားရင်း လာရင်းနဲ့ပဲ ခပ်ခပ်သောက် သွားပါလား၊ ဒါမှ ပေါ့ ပေါ့ သွားမှာပေါ့၊ ဟင်...မဟုတ်ဘူးလား"

သူမက လက်ခံချင်ပုံမရချေ။

"နင့်ဇွန်းက ဘယ်ကဇွန်းလဲ"

"ဘယ်ကဇွန်းဖြစ်ဖြစ်ပေါ့ဟာ၊ ဒါလေးနဲ့ ခပ်ခပ်သောက်သွားပေါ့ဟာ...နော်၊ ပေါ့သွားမှာပါ"

ဝတ်ရည်ပြာက ရှေ့တိုးလိုက်၊ နေမိုးက နောက်ဆုတ်လိုက်ဖြစ်နေသည်။ ပတ်ဝန်းကျင်မှ ကျောင်းသားကျောင်းသူများက သူတို့ကို ကွက်ကြည့်ကွက်ကြည့်လုပ်ကြ၏။ နေမိုးကတော့ မရှက်ပါ။ သူမကတော့ မသိပါ။

"သွားတော့မယ်နော်"

နှုတ်ဆက်ပြီး နေမိုး လှည့်ပြေးလာခဲ့၏။

"တောက်"

ဝတ်ရည်ပြာ တက်ခေါက်ပြီး ကျန်ရစ်ခဲ့၏။ မုန့်ဟင်းရည်ချိုင့်ကြီး မည်သို့ဆက်ဖြစ်မှန်း သတင်း အတိအကျ မသိရပေ။

************************

(၂)

တစ်ခါတစ်ခါတော့လည်း နေမိုး အတိတ်ကို ပြန်သတိရမိပါသည်။ ကြာတော့ကြာခဲ့ပါပြီ။ သို့သော် ကျောင်းသားဘဝသည် လွမ်းမော ဆွတ်ပျံ့ဖွယ်ရာကောင်းဆဲ။

ခုဆို….သူငယ်ချင်းတွေလည်း တစ်ယောက်တစ်နေရာစီ ကွဲခဲ့ကြပြီ။ ချစ်နိုးနှင့် လက်ဘာက သူငယ်ချင်း အချင်းချင်း မေတ္တာတွေပိုမိုမှုဝေကာ အကြင်လင်မယားဖြစ်သွားကြသည်။ နိုင်ငံခြားသို့ ထွက်သွားကြသည်ပင် သုံးနှစ်ခန့်ရှိပြီ။ သူထူးခေါ်မူတူးက သူဌေးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျကာ လားရှိုးမှာ အခြေချနေသည်။ မရွှေဥကလည်း ဆန်ကုန်သည်တစ်ယောက်နှင့် အကြောင်းပါကာ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးနေသည်။

သူနှင့် ဇာဇာတုတ်ကြီးသာ လူပျိုကြီး အပျိုကြီး အဖြစ် ကျန်ရစ်ခဲ့သည်။ သူတို့ချင်းကတော့ တစ်ယောက်နှင့်တစ်ယောက် မေတ္တာမမျှကြချေ။ ထို့ကြောင့် ချစ်စရာ မကျခဲ့။ တစ်ယောက်ကို တစ်ယောက် သတိပင်မရကြ။ ကြုံကြိုက်တိုက်ဆိုင်ပြီး တစ်ဦးဦးက အစဖော်ပေးမှ "ဪ…သူမသေသေးဘူးကိုး" ဟု တစ်ယောက်ကို တစ်ယောက် အမှတ်ထင်ထင်ဖြစ်ကြ၏။ ထိုမျှ အထိ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်ရှိကြ၏။ ခုဆို နေမိုးတစ်ယောက်တည်း။

ထိုစကားကို ရှင်းရဦးမည်။

ကျောင်းသားဘဝမှာကတည်းက နေမိုးက တစ်ဦးတည်းသောလူ ဖြစ်၏။ နယ်မှ ကျောင်းလာတက်သော်လည်း အဆောင်နေသူမဟုတ်။ ရန်ကုန်မှာ ရှိနေသည့် တိုက်ခန်းတစ်ခန်းမှာ နေရခြင်းဖြစ်သည်။ ကျောင်းပြီး၊ ဘွဲ့ရပြီးတော့လည်း ထိုအတိုင်းပင်။ လေတချွန်ချွန်နှင့် ထိုတိုက်ခန်းမှာ အေးအေးလူလူဆက်နေဆဲ။

သူ၏ အားသာချက်တစ်ခုမှာ ချမ်းသာခြင်းပင်ဖြစ်သည်။ အဖေအမေက နယ်မှာ ချမ်းသာသည်။ ဆုံးပါးသွားပြီဖြစ်သော အဖိုးနှင့်အဖွားကလည်း တစ်ဦးတည်းသော မြေးဖြစ်သူ သူ့ကို အမွေတွေ ပုံအောစ၍ပေးသွားသည်။သို့သော် နေမိုးက သူဌေးလိုမနေ၊ သူနေတတ်သလိုပဲ လွတ်လွတ်လပ်လပ် နေသည်။ သူ့ဝါသနာ သူ့ကျွမ်းကျင်မှုက သူ့အသက်မွေးကျောင်းပင်ဖြစ်သွား၏။ ရုပ်ရှင်၊ ဗွီဒီယိုမင်းသားများကို ဇာတ်လမ်းသဘောအရ ရုပ်ဖျက်ပေးရ၏။ မိတ်ကပ်ပညာရှင်တော့မဟုတ်ချေ။ သို့သော် မိတ်ကပ်ပညာကိုလည်း သူ ကျွမ်းကျင်၏။ ဆရာမ နိမိတ်ဖတ်သည့်အတိုင်း ဆရာမကို သူပြောခဲ့သည့်အတိုင်း (အလှ ဖန်တီးရှင် မဟုတ်ဘဲ) အတုဖန်တီးရှင် ဖြစ်လာသည်။

သူ့လမ်းကြောင်းနှင့် သူ ဝင်ငွေကောင်းလေသည်။ ထို့အပြင် သူ့ လမ်းကြောင်းနှင့် သူ ထူးချွန်လေသည်။ အကျင့်တစ်ချို့ကတော့ မပျောက်။ သူက သူ့တိုက်ခန်း အိမ်ယာ၏ မြေညီထပ်မှာ နေသူဖြစ်သဖြင့် နေမိုး သတင်းစာကိုတော့ ရေးကပ်ထားမြဲဖြစ်သည်။ ဥပမာ…

***"အမှိုက်ပစ်ရင်း နာမည်ကြီးချင်သလား "***

***ကျွန်ုပ်တို့ရပ်ကွက်၏ အရှေ့ဖက် ကားလမ်းနံဘေးတွင် ဒန်အိုးဒန်ခွက်များ၊ ပလတ်စတစ်နှင့် သတင်းစာ စသည်တို့ကို ရောင်းဝယ်သည့်ဆိုင် ရှိပါသည်။ ဆိုင်၏ သေးငယ်ချင်း၊ ဆိုင်းဘုတ်၏ သေးငယ်ခြင်းတို့ကြောင့် အမျိုးသမီးတစ်ဦး ထို စွန့်ပစ်ပစ္စည်းပုံကြီးကို အမှိုက်ပုံအောက်မေ့ကာ အမှိုက်လာလာ ပစ်လေ့ရှိကြောင်း အိမ်ရှင်က သည်းမခံနိုင်၍ တိုင်ကြားသည့်အခါ သက်ဆိုင်ရာ လူကြီးမင်းများ၏ စစ်ဆေးချက်အရ အမှုပြောင်းပြန်လန်သွားကြောင်းကို တွေ့ရလေသည်။ လူကြီးမင်းများက လမ်းပေါ်တွင် စွန့်ပစ်ပစ္စည်းများကို မဆင်မခြင် စုပုံထားသည့် အိမ်ရှင်အား အရေးယူပြီး အမှိုက်စွန့်ပစ်သူ မိန်းကလေးအား ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် ချီးမြှင့်လိုက်ကြောင်း ဘယ်ကမှန်းမသိသည့် သတင်းရပ်ကွက်မှ ပြောကြားကြောင်း သိရ၏။***

***N.M.K သတင်းစဉ်***

ထိုသတင်းစာလေး၏ သက်တမ်းက မရှည်လိုက်ပါ။ တစ်ရက် သတင်းစာ၏ အောက်ခြေမှာ "ငပေါ" ဟု လာရေးသွားသည်။ ကိုယ်ရေးသည့် သတင်းကို သူတစ်ပါးက သူ့ကလောင်နာမည် လာရေးသွားခြင်းဟု နေမိုးက သတ်မှတ်ပါသည်။ စိတ်မဆိုးပါ။ သို့သော် သတင်းစာကိုလည်း ဆက်မရေးဖြစ်တော့။ ထို့နောက်ပိုင်း ကာလများမှာ နေမိုး ဘာလုပ်ဖြစ်သလဲ။ သူ့ဘာသာသူ ရုပ်ဖျက်ပြီး လျှောက်သွားတတ်လေသည်။ ပန်ချာပီ ပုံစံဖြစ်လျှင်ဖြစ်လိုက်၊ ပုဏ္ဏားပုံစံဖြစ်လျှင်ဖြစ်လိုက်၊ အရက်လည်း မရှိချေ။

လူတွေကို သူက ရယ်စရာဟု သဘောထားနေသည်။

တစ်ခါလည်း အိမ်နီးချင်းကောင်မလေးနှင့်ပတ်သက်ပြီး ရပ်ကွက်ရုံးရောက်ရသေးသည်။ သူက တိုင်ကြားခံရသူဖြစ်သည်။

"မောင်နေမိုးကြယ်"

"ခညာ"

ညောင်နာနာလေသံနှင့် တမင်ထူးခြင်းဖြစ်သည်။ ရပ်ကွက်လူကြီးတွေကလည်း ဒါကိုရိပ်မိသဖြင့် မျက်စောင်းခဲကြသည်။ နေမိုးက မျက်နှာငယ်လေး လုပ်ပြနေ၏။

"မင်းက ဒီကလေးမကို လမ်းမှာတွေ့ရင် လိုက်နောက်တယ်ဆို"

"သူက ဘယ်လိုပြောလို့လဲခင်ဗျ"

"မင်းက သူ့ကိုတွေ့ရင် အာဝါး...အာဝါးလို့ လိုက်အော်တယ်ဆို"

"သူ...နားကြားလွဲလို့ ဖြစ်ပါလိမ့်မယ်"

"ဒါဖြင့်...မင်းက ဘာကိုအော်တာလဲ"

"ကျွန်တော့်ဖာသာ သမ်းတာပါ"

"အာဝါးဆိုတာ ကလေးတွေကို မွှေးမွှေးပေးခိုင်းရင် သုံးရတဲ့ အာလုပ်သံကွ"

"ကျွန်တော်ကလည်း အဲ့ဒီလိုပဲ သမ်းတတ်လို့ပါ"

"မင်းက သူ့ကိုတွေ့တာနဲ့ ဘာဖြစ်လို့ သမ်းရတာလဲ"

"တိုက်ဆိုင်တာပါ"

"မင်းဟာက သိပ်တော့ မဟုတ်လှသေးပါဘူး"

"တကယ်ပါ"

ကောင်မလေးက ဘာမှ သိပ်မပြောချေ။ ရှက်၍လားမသိ။ ခေါင်းကို ချည်း ငုံ့ထားသည်။ ကောင်မလေး၏ဖခင်ဖြစ်သူကတော့ နေမိုးကို စိမ်းစိမ်းဝါးဝါးကြည့်ပြီး ဝင်ပြော၏။ "မင်း ငါ့သမီးကို တောင်းပန်သင့်တယ်"

"ဟုတ်ကဲ့... ကျွန်တော် နားထောင်နေပါတယ် ဘကြီး"

"မင်း ငါ့ကို ဘကြီးလို့ မခေါ်နဲ့"

"ဟုတ်ကဲ့"

"ငါ့နာမည် ထွန်းရှင်ကွ ထွန်းရှင်"

"ဟုတ်ကဲ့ ဦးထွန်းရှင်ကွထွန်းရှင်"

"ဟုတ်ကဲ့...'ဦးထွန်းရှင်ကွထွန်းရှင်' ကိုလည်း တောင်းပန်ပါတယ်"

အဘိုးကြီး ဒေါကန်သွားသည်။

"ငါ့နာမည် 'ထွန်းရှင်ကွထွန်းရှင်' မဟုတ်ဘူး။ ထွန်းရှင် တစ်လုံးတည်း"

"ဟုတ်ကဲ့...'ဦးထွန်းရှင်တစ်လုံးတည်း' ကိုလည်း တောင်းပန်ပါတယ်"

"မင်း...ငါ့ကိုရွဲ့နေတာလား"

"ကျွန်တော် ... တောင်းပန်နေတာပါ၊ ဦးလေးကသာ နှစ်လုံးတွဲ ဖြစ်လိုက်၊ တစ်လုံးတည်းဖြစ်လိုက်နဲ့"

ကောင်မလေးက ဂုတ်ဝဲဆံပင်လေးကိုခါကာ ခေါင်းမော့လာသည်။

"ဖေဖေ သူနဲ့ ဖက်ပြောမနေနဲ့တော့"

"ဘယ်သူက ဖက်ပြောလို့တုန်း၊ ခွာပြောနေတာ"

နောက်ဆုံးကျတော့ ရပ်ကွက်လူကြီးများက ပြေရာပြေကြောင်း နားချပေးပါသည်။ ဦးထွန်းရှင်တို့ သားအဖလည်း ဒေါသကိုမြိုသိပ်ပြီး ပြန်သွားသည်။ နေမိုးကတော့ ဩဝါဒ ဆက်ခံယူရသေးသည်။ (၁၅) မိနစ်လောက်ကြာမှ...

"ကဲ...မင်းလည်း နောက်ဆိုဆင်ခြင် ...ဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ကဲ ..သွားတော့ ...သွားနိုင်ပြီ"

နေမိုးက ... သွားခါနီးမှာ ရပ်ကွက်လူကြီးကို ရွှန်းရွှန်းစားစားကြည့်ပြီး နှစ်နှစ်ကာကာ သမ်းဝေလိုက်သေး၏။

"အာဝါး"

ရပ်ကွက်လူကြီး ကျောရိုးထဲမှ စိမ့်ပြီး ယားသွားသည်ဟု နောင်အခါ ပြန်လည် သိရ၏။ပြဿနာမဟုတ်သော်လည်း ပြောစမှတ်ဖြစ်ဖွယ်ရာလေးတွေကိုလည်း ကြုံလိုက်သေး၏။ ကောင်လေးတစ်ချို့က သူ့ကို ဆရာကြီးသဖွယ် သဘောထားပြီး သိချင်တာလေးတွေ လာမေးခြင်းဖြစ်သည်။

"ကိုနေမိုး"

"ဘာလဲ"

"မိန်းကလေးတစ်ယောက်ကို ဘယ်လို အကဲခတ်ရမလဲ"

"မင်းက ဘာကို အကဲခတ်ချင်တာလဲ"

"သူ့အကျင့်သဘောထားကိုပါ"

"ဟ…ကောင်းတာလုပ်ရင် ကောင်းတဲ့မိန်းမ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ပေါ့ကွ"

"အာ…အဲဒီလောက် အကြီးအကျယ် စောင့်မကြည့်ချင်ပါဘူးဗျာ၊ ရုပ်လက္ခဏာကိုကြည့်ရုံနဲ့ ခွဲလို့ရတာမျိုးပေါ့"

နေမိုး နည်းနည်း စဉ်းစားရတော့၏။ ပြီးမှ….

"အဲ့ဒါဆိုရင် မင်းဒီလိုလုပ်"

"ဟုတ်ကဲ့…ဘယ်လိုလဲ"

"မင်း…သူ့ရဲ့လျှာကို ကြည့်ကွာ"

"ဟား… ကိုနေမိုးကလုပ်ပြန်ပြီ၊ သူက ကျွန်တော့်ကိုလျှာထုတ်ပြီး ပြောပြနေမှာမှ မဟုတ်ဘဲ၊ ကျွန်တော်က ဘယ်လိုလုပ် သူ့ရဲ့လျှာကို ကြည့်နေမှာလဲ"

"သူ…စကားပြောတာ အစာစားတာကို သတိထားပြီး ကြည့်ပေါ့ကွာ"

"ဘာကို ဘယ်လိုကြည့်ရမှာလဲ"

"ဒီလိုကွ"

"ဟုတ်ကဲ့"

"အမျိုးသမီးရဲ့ လျှာဟာ နီမြန်းတယ်၊ ပြေပြစ်တယ်ဆိုရင် ကောင်းသောစကားဆိုတတ်တယ်"

"ဟုတ်ကဲ့"

"လျှာက ဖြူနေတယ်၊ လျှာလည်မှာ တွန့်နေတယ်ဆိုရင် ဆင်းရဲတတ်တယ်၊ ရေနစ်ပြီး သေတတ်တယ်"

"အာ…ကြောက်စရာကြီးပါလား"

"လျှာအပေါ်မှာ အမဲစက်တွေ၊ လေးထောင့်ကွက်တွေရှိနေရင် ယောကျ်ားကိုနိုင်တတ်တယ်"

"အတော်ကို ကြည့်ယူရမှာပဲ"

"ဒီလောက်တော့ ကြိုးစားရမှာပေါ့ကွာ"ထိုကောင်လေး၏ အမည်မှာ မျိုးကိုမျိုးဖြစ်၏။ နေမိုး၏အကြံပေးချက်ကို လိုက်နာပြီး အောင်မြင်သလား ရှုံးနိမ့်သလားဆိုသည်ကို မသိပါ။ သို့သော် ကောင်မလေးများကတော့ သူ့အနား သိပ်မကပ်ကြတော့ချေ။ အစကလည်း သိပ်ကပ်လေ့မရှိ။ နောက်ပိုင်းမှာ ပိုဆိုးသွားသယောင် ထင်ရ၏။

ကောင်မလေးများက သူ့ရှေ့မှာ စကားသိပ်မပြောချေ။ သူကျွေးသည့်အစာကိုလည်း သိပ်မစားကြဟု သိရ၏။

ထိုသို့ပင် ဘဝကို ပေါ့ပါးပျော်ရွှင်စွာ ဖြတ်သန်းနေသော နေမိုးအတွက် ဇာဇာတုတ်ကြီးနှင့် ပြန်ဆုံသော နေ့တစ်ရက်မှာ ကြီးစွာသော အပြောင်းအလဲကို ရင်ဆိုင်ရတော့၏။

နေ့ခင်းကြောင်တောင်အချိန်ကြီး။

လူသူအသွားအလာ ရှုပ်ထွေးသော မြို့လည်ခေါင်…

လူကူးမျဉ်းကြားထဲမှာ တွေ့ကြခြင်းဖြစ်၏။

"ဟဲ့…နေမိုး"

"ဟာ..ဇာဇာ"

"နင်…ဘယ်သွားမလို့လဲ"

"ငါ …အအေးဆိုင် တစ်ဆိုင် ထိုင်မလို့"

"ငါ့ကို ကြေးအိုး အရင်လိုက်တိုက်"

ကားတွေက ဟွန်းတဝီဝီတီးကြပြီ။ မတတ်နိုင်တော့သည့်အဆုံး မှာ နေမိုး ခေါင်းညိတ်လိုက်ရ၏။

ဇာဇာက အောင်မြင်စွာ ပြုံးလိုက်ပြီး…

"ဒါဖြင့် ပြန်လှည့်…ငါ့နောက်လိုက်ခဲ့"

"နင်တစ်ယောက်တည်းလား"

"အေး"

ထူထပ်နေသော လူသူယာဉ်ကားများ ကြားတွင် သူတို့စကားတပြောပြောနှင့် လျှောက်လာခဲ့ကြ၏။

ဇာဇာက မေးသည်။

"ဟိုကောင်တွေဆီက ဘာသတင်းကြားသေးလဲ"

"မကြားပါဘူး"

"အေးဟဲ့…ငါလည်း အဆက်အသွယ်ပြတ်နေတယ်"

"သူတို့မှာလည်း ကိစ္စဝိစ္စတွေ ရှိနေလို့ နေမှာပေါ့"

ပြောရင်းဆိုရင်း ကြေးအိုးဆီချက်ဆိုင်သို့ ရောက်လာသည်။ ဆိုင်မှာ စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြရယ်ကြ၏။ နေမိုးက.... "ဇာဇာ... နင့်မှာ ခုထက်ထိ ရည်းစားလည်း မရှိသေးဘူးနော်"

"အေးလေ...နင်ကမှ ငါ့ကို မကြိုက်ဘဲ"

"ဒါလေးတစ်ခုတော့ ခွင့်လွှတ်ပါဟယ်"

"ခွေးကောင်"

ရယ်ဖြစ်ကြသည်။ အရယ်အဆုံးမှာ ဇာဇာက...

"ခုဆို ...နင့်ရဲ့ ရုပ်ဖျက်ပညာက နင့်ကို ထမင်းကျွေးနေတာပေါ့ ဟုတ်လား"

"နင် ပြောပုံအရဆို ငါက သူခိုးလိုလို၊ ဖောက်ထွင်း ဝိဇ္ဇာလိုလို ဖြစ်နေပြီ"

"ငါက.. အကောင်းမေးတာပါ"

"ငါ့ဖာသာငါတော့ ပိုပိုလျှံလျှံ သုံးနိုင်ပါတယ်"

"သြော်...အေး...နင့်ကိုငါ ပြောရဦးမယ်"

"အရေးမကြီးရင် မပြောနဲ့လေ"

"ဘာလဲဟ... နင်က"

ဇာဇာတုတ်ကြီး စိတ်ဆိုးသွားသည်။ နေမိုးက ပြန်ချော့ရလေသည်။

"အေးပါဟာ..ငါက နောက်တာပါ... ပြောပါ...ပြောပါ"

"ရှေ့အပတ် တနင်္ဂနွေနေ့မှာ ငါ့အစ်မ မင်္ဂလာဆောင်ရှိတယ်"

"ဘယ်မှာလဲ"

"ငါတို့အိမ်မှာပဲ"

"အေး..ငါ့ကိုဖိတ်တာလား"

"ဟုတ်တယ်... ဒါပေမယ့် ရိုးရိုး မဟုတ်ဘူး"

"ဘယ်လိုပါလိမ့်"

"နင်...ရုပ်ဖျက်ပြီး လာရမယ်"

"ဒါများ..."

"ပေါ့သေးသေး မဟုတ်ဘူးနော်၊ ငါက နင့်ကို မမှတ်မိစေရဘူး"

"ဟေ"

"အေး...ငါက နင့်ကိုမှတ်မိရင် နင်ရှုံးမယ်"

"မမှတ်မိရင် ငါနိုင်တယ်ပေါ့...စိမ်လိုက်"

ထို စိမ်ခေါ်ပွဲလေးသည် ဘဝကို ကြီးမားစွာ သိမ့်ခါသွားစေကြောင်း ထိုစဉ်က နေမိုး မသိခဲ့ချေ။

************************

(၃)

စိမ်ခေါ်ပွဲနေ့သို့ ရောက်လာပါပြီ။ နေမိုးအတွက် သွေးပူလေ့ကျင့်ခန်းမလိုပါ။ သို့သော် လက်ဖွဲ့ဖိုးတော့ နည်းနည်းကုန်ကျသွားသည်။

ဇာဇာ့အစ်မကို သူမမြင်ဘူးပါ။ သို့သော် မင်္ဂလာပွဲမှာ သတို့သမီးက တစ်ယောက်တည်းရှိတတ်သဖြင့် တွေ့သည်နှင့်တန်းသိပါသည်။

ကြေးရည်တတ်လူတန်းစားများ၏ မင်္ဂလာပွဲဖြစ်သောကြောင့် ခမ်းနား စည်ကားလှလေသည်။ မှဲ့တု ဆံပင်တုတို့ တပ်ဆင်ပြီး နေမိုးကလည်း ဒီဇိုင်းတစ်မျိုးဖြစ်နေသည်။ မင်္ဂလာပွဲရောက် လက်ဖွဲ့အပ်ပြီး စားဝိုင်းတစ်ဝိုင်းမှာ သူ့ဖာသာ ဝင်ထိုင်သည်။ အစားအသောက်တွေ ဖွယ်ဖွယ်ရာရာ လာချပေးကြ၏။

ဝတ်ကောင်းစားလှများနှင့် လှသလိုလိုဖြစ်နေသော ဇာဇာ့ကို သူတွေ့ပါသည်။ မျှော်လင့်ထားသည့်အတိုင်း ဇာဇာ သူ့ကိုမမှတ်မိချေ။

"ဒီဖက်ကို ကြွပါ။ အချိုပွဲလေး တည်းရအောင်"

"ဟိုဖက်ကို ကြွလို့ မရဘူးလား"

ထိုအခါကျမှ ဇာဇာ သူ့ကိုမှတ်မိသွားသည်။ ရင်ဘတ်ကို လက်ကလေးနဲ့ဖိကာ...

"ဟောတော့..."

နေမိုးက တဟဲဟဲ ရယ်လျက်...

"နင်ရှုံးသွားပြီ မဟုတ်လား"

"အေးပါဟယ်...ဟုတ်ပါတယ်၊ နည်းနည်းမှ ကို မမှတ်မိတာပါ"

"အဲ့ဒါ နင် ငါ့ကို ဘာကျွေးမလဲ"

"အို...နင် စားနိုင်သလောက်စားပေါ့၊ နင့်ဝိုင်းကို ငါလာချပေးမှာပေါ့"

"ဒါတော့ နင်လူလည်ကျတာပဲ"

ထိုအချိန်မှာပဲ နောက်ထပ် ဧည့်သည်သစ်များ ဝင်ရောက်လာ၍ ဇာဇာနှင့် နေမိုးတို့ လူချင်း ကွဲသွားသည်။ နေမိုးက ဝိုင်းတစ်ဝိုင်းမှာ တစ်ယောက်တည်း။ ကြာကြာတော့ မနေဟု စိတ်ဆုံးဖြတ်ထား၏။ ကိုယ်နှင့်မသိသော လူများကြားမှာ အူကြောင်ကြောင်နိုင်လှသည်။စားသောက်ဖွယ်ရာများကို တို့ကနန်း ဆိတ်ကနန်း စားသောက်လိုက်၏။ ပြန်ရန်အတွက် သတို့သား၊ သတို့သမီးနှင့် ဇာဇာတုတ်ကြီးကို နှုတ်ဆက်ရန် ဟန်ပြင်ဆဲ...

"ဟိုင်း... ကိုသက်ပိုင်"

မှားယွင်း နှုတ်ဆက်သံနှင့် အတူ လူတစ်ယောက် သူ့ဝိုင်းသို့ ရောက်လာသည်။ ချက်ချင်းမှာ နေမိုးက 'အမ်း' သွားသည်။

သို့သော် လူမှုဝတ္တရားအရ ထိုလူ ဝင်ထိုင်သည်ကို ပြုံးရယ် နှုတ်ဆက်ပြီး လူမှားနေပြီ ဖြစ်ကြောင်း ပြောပြရန် စိတ်ကူး၏။

သို့သော် ထိုလူက အလွန်စကားပြောမြန်၏။ ရင်းနှီးဖော်ရွေသော အသွင် သဏ္ဍာန်ဖြင့်...

"ခင်ဗျားဗျာ...မတွေ့ရတာကြာပါရော့လား"

နေမိုးကလည်း ရွတ်နောက်နောက်နေတတ်သူဖြစ်၍...

"အေးဗျာ...ကျွန်တော်လည်း ခင်ဗျားနဲ့တွေ့ချင်ရက် မတွေ့ဖြစ်ဘူး၊ 'က'ချင်လျက် လက်ကနာ ဆိုတာမျိုးဖြစ်နေတယ်"

"ခင်ဗျားက အရင်အတိုင်းပဲ၊ စကားပြောရင် စကားပုံတွေ ထည့်ထည့်ပြောတုန်းပဲ"

"ဩော်...ခင်ဗျားကလည်း ကောသလ္လတိုင်းပါဆိုမှ စစ်ကိုင်းလားလို့ မေးနေရသေးတယ်"

"အခု...ခင်ဗျား ဘာများလုပ်ကိုင်နေသလဲ"

"ဒီလိုပါပဲဗျာ.."

"ဘာ...ဒီလိုပါပဲ...လဲ"

"ကိုယ်ကိုထင် ကုတင်ရွေနန်းပေါ့၊ ဟား...ဟား... ထိုင်မယ်စမ်း ကြမ်းကမရှိ ဖြစ်နေတာ"

"ခင်ဗျားပြောတာတွေကို ကျွန်တော် ဘာမှ နားမလည်ဘူး၊ စကားပုံတွေ မသုံးဘဲ ရိုးရိုးပဲ စကားပြောကြည့်ပါလားဗျာ"

"အကျင့်ပါနေပြီဗျ"

"ထားပါတော့ဗျာ...အခု ခင်ဗျား ဘယ်မှာနေလဲ"

"ရန်ကင်းမှာ"

"ခင်ဗျားရဲ့ အိမ်ထောင်ရေး အခြေအနေကရော"

"လူပျိုလေဗျာ""ဟုတ်ပါတယ်၊ ဟိုတစ်ယောက်နဲ့ အခြေအနေကို မေးတာပါ"

"ဘယ်တစ်ယောက်လဲ"

"ပုရပိုက်လေ"

နေမိုး နဝေတိမ်တောင် ဖြစ်သွား၏။ သူသိသလောက်တော့ ပုရပိုက်ဆိုသည်မှာ ပေစာများနှင့်ပတ်သက်သည်။ အခုမှ လူဖြစ်နေကြောင်း ကြားရသည်။ မည်သူမည်ဝါမှန်း မသိသော်လည်း မင်ကလေး မောင်းကလေးနှင့် တုံ့ပြန်ဖြစ်သည်။

"ဒီလိုပါပဲဗျာ"

"တကယ်ဆို ဒီလိုပွဲမျိုးကို ခင်ဗျားတို့ နှစ်ယောက် တွဲလာရမှာ"

ပုရပိုက်ဆိုသည်မှာ လူသားမိန်းကလေး၊ အပျိုစင်တစ်ယောက်ဖြစ်ကြောင်း သေချာသွားသည်။ ဆက်ပြောလျှင် ရှုပ်ထွေးလာစရာများ ဖြစ်လာနိုင်သဖြင့် နေမိုးက စကားစကိုဖြတ်ရင်း လှည့်ပြန်ရန် ပြင်သည်။ သူ့သုံးလက်စ စကားကိုပင် ဆက်သုံးသည်။

"ဟဲ...ဟဲ... ဒီလိုပါပဲဗျာ"

တစ်ဆက်တည်းမှာပင် နှုတ်ဆက်၍ ပြန်ထွက်ရန်ပြင်သည်။ ထိုအချိန်မှာ ထိုလူက...

"ကျွန်တော် ဟိုဖက်ဝိုင်းက မိတ်ဆွေတွေဆီ သွားလိုက်ဦးမယ်။ အမြန်ဆုံး ပြန်လာခဲ့မယ်၊ ခင်ဗျား ခဏတော့ စောင့်ဦးဗျာ"

အားတောင့်အားနာနှင့်...

"ဩော်...အေးဗျာ..သွား..သွား...ရပါတယ်"

မင်္ဂလာပွဲသည် အဖော်မပါဘဲ လာရသူအတွက် ပျင်းရိဖွယ် ကောင်းလှသည်။ "စောင့်နေပါမည်" ဟု သူက စကားအဖြစ်ပြောလိုက်ခြင်း ဖြစ်၏။ ထိုလူ ပြန်လာမည်ဟုလည်း မထင်။ အစကတည်းက (ကိုယ်နှင့် သိကျွမ်းသူလည်း မဟုတ်သဖြင့်) တကူးတက ထိုင်စောင့်ရန်လည်း ရည်ရွယ်ချက်မရှိ။ အိတ်ကလေး ဆွဲပြီး ပြန်ဟန် ပြုချိန်မှ...

"ဟင်....ခင်ဗျား....ခင်ဗျား...."

"ဗျာ..." အသက်(၂၅) နှစ်ခန့်ရှိသော လူရွယ်တစ်ဦးက သူ့ကိုကြည့်ပြီး ထိတ်လန့်တကြားဖြစ်သွားသည်။ နေမိုးက သူ့ကိုယ်သူ ငုံ့ကြည့်ရင်း...

"ကျွန်တော် ဘာဖြစ်နေလို့လဲ"

"ခင်ဗျား....ခင်ဗျား"

"ဘာဖြစ်လို့တုန်းဆို"

"ခင်ဗျား...ကိုသက်ပိုင်၊ ကျွန်တော် ဝင်းမင်းလေ"

"မဟုတ်ပါဘူး"

သူ...ရုပ်ဖျက်လာခြင်းဖြစ်ကြောင်း ပြောရန် နေမိုးက ရည်ရွယ်သည်။ သို့သော် ... အချိန်ပင် မရလိုက်။ ထိုလူက နောက်သို့လှည့်ကာ...

"မေမေရေ"

အမျိုးသမီးကြီး တစ်ဦး ထွက်လာသည်။ နေမိုးကို တွေ့တော့...

"မြတ်စွာဘုရား"

သူ့ရင်ဘတ်ကို လက်နှင့်ဖိပြီး နေမိုးကို တွေတွေကြီး ကြည့်နေသည်။ အကြီးအကျယ် အံ့ဩသွားပုံရသည်။ ပြီးမှ...နေမိုးကို...

"မင်း...မင်း...မောင်သက်ပိုင်"

"နေပါဦး....အန်တီကြီး၊ ကျွန်တော် ပြောပါရစေဦး"

"လက်စသတ်တော့ မောင် သက်ပိုင်.... မင်းကိုး"

ထိုသို့ပြောပြီး ထိုအန်တီကြီးက မေ့လဲသွားလေသည်။

"ဟာ...အန်တီ...အန်တီ"

နေမိုးလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ နံဘေးမှ လူများလည်း အုံလာသည်။ အတန်ငယ် ရှုတ်ရှုတ်သည်းသည်းဖြစ်သွားသည်။ အချို့လူများက နေမိုးကို တရားခံကြည့် ကြည့်ကြသည်။ ကိုယ်တိုင်ပင် ဘာမှန်းမသိသော နေမိုးခမျာလည်း အတော်ပင် အနေကြပ်သွားသည်။ လောလောဆယ်မှာ အန်တီကြီးကို နှာနှပ်ပေးဖို့က အဓိက ဖြစ်နေသည်။

အတန်ကြာတော့ အန်တီကြီး သတိရလာသည်။နေမိုးကို တွေတွေကြီး ကြည့်ပြီး မျက်ရည်များ ကျလာပြန်သည်။

"မင်း..နေနိုင်လိုက်တာ မောင်သက်ပိုင်ရယ်"

"ကျွန်တော် သက်ပိုင် မဟုတ်ပါဘူး....နေမိုးကြယ်ပါ"

"ဘယ်လိုဖြစ်ရတာလဲ မောင်သက်ပိုင်ရယ်"

"ကျွန်တော်မဟုတ်လို့ပါ၊ သက်ပိုင်ဆိုတာက ဘယ်သူလဲ"

ထို့နောက် ဝင်းမင်းဆိုသူကို 'ကယ်ပါဦး' ဆိုသော မျက်လုံးများဖြင့် အားကိုးတကြီးလှမ်းကြည့်မိသည်။ မမျှော်လင့်ဘဲ ဇာဇာတုတ်ကြီးက နေမိုး၏ ကယ်တင်ရှင်အဖြစ် ဝင်ရောက်လာသည်။

"ဘာဖြစ်နေတာလဲ"

ဝင်းမင်းက...

"ကျွန်တော့်အမေပါ၊ ကိုသက်ပိုင်ကိုမြင်ပြီး မူးလဲသွားလို့"

"ကိုသက်ပိုင်၊ ဘယ်က ကိုသက်ပိုင်လဲ"

ဝင်းမင်းက သူ့ကို မေးငေါ့ပြပြီး...

"သူပေါ့"

ဇာဇာက မျက်မှောင်ကြုတ်ပြီး..

"သူက ကိုသက်ပိုင် မဟုတ်ပါဘူး၊ ကျွန်မသူငယ်ချင်း နေမိုးကြယ်ပါ၊ ကျွန်မတို့ချင်း ခင်ခဲ့ကြတာ နှစ်တွေ ချီနေပါပြီ"

"ကိုသက်ပိုင်မှ ကိုသက်ပိုင်ပါဗျာ၊ နိုင်ငံခြားက ပြန်လာတာမဟုတ်လား"

"ပိုဆိုးသွားပြီ၊ မဟုတ်ဘူးရှင့်...သူက မြန်မာပြည်ထဲမှာပဲ နေတာ"

အန်တီကြီး ပြန်လည် သတိလည်လာသည်။ ဝင်းမင်းက...

"မေမေ...သက်သာလား"

အန်တီကြီးက ဝင်းမင်းကို ခေါင်းညိတ်ပြပြီး နေမိုးကို မျက်လုံးပြူးကြီးဖြင့်ကြည့်နေသည်။

နေမိုး အတော်ပင် အနေခက်ရသည်။

"သူက ကိုသက်ပိုင် မဟုတ်ဘူးတဲ့ မေမေရေ"

"ဘုရား...ဘုရား"

"ကဲ..လာ...မေမေ အိမ်ပြန်နားရအောင်"

ဝင်းမင်းက သူ့အမေကို ဖေးယူတွဲမပြီး အားလုံးကိုနှုတ်ဆက်ကာထွက်သွားသည်။ မသွားမီ နေမိုးကို ထူးထူးခြားခြား တစ်ချက်ကြည့်သွား၏။ အကောင်းစား ကားကြီးတစ်စီးကို မောင်းထွက်သွားခြင်းဖြစ်သည်။သူတို့ပြန်သွားမှ ဇာဇာက...

"ဟဲ့...နေမိုး"

"ဟေ"

"သက်ပိုင် ဆိုတဲ့လူက ဘယ်သူလဲ"

"မသိပါဘူးဆို"

မင်္ဂလာပွဲမှာ ခဏပဲ ဆက်ထိုင်ပြီး နေမိုးလည်း ထွက်လာခဲ့သည်။ အိမ်မပြန်ချင်သေးသဖြင့် လက်ဖက်ရည်ဆိုင် ဝင်ထိုင်သည်။ လက်ဖက်ရည်ဆိုင်မှာ မြင့်ဇော်က ကြိုရောက်နေသည်။ မြင့်ဇော်ထိုင်နေသောဝိုင်းမှာ သူဝင်ထိုင်တော့ မျက်လုံး ပေကလပ်ပေကလပ်နှင့် သူ့ကို ကြည့်သည်။

အတန်ကြာမှ မှတ်မိသွားပြီး....

"နေမိုးမဟုတ်လား"

"အေးလေ"

"ဘာကိစ္စ ရုပ်ဖျက်ထားရပြန်တာလဲ"

"ဒီလိုကွ"

နေမိုးက အဖြစ်အပျက်ကို အကျဉ်းချုံးပြောပြလိုက်သည်။ မြင့်ဇော်က...

"မင်းကတော့ အရာရာနဲ့ အကြောင်းကြောင်းပဲ"

“အေးကွာ…ကျောင်းနေ ဆရာရိုက်၊ အိမ်နေ အမေရိုက်၊ လမ်းနေ ပုရွက်ဆိတ်ကိုက် ဆိုတာမျိုးဖြစ်နေတယ်”

“မင်းရဲ့ အန်တီကြီး သတိပြန်လည်လာလို့ တော်သေးတာပေါ့၊ နို့မို့ ပိုရှုပ်ကုန်ဦးမယ်”

“အေးကွ”

“မင်းက အဲ့ဒီကိုသက်ပိုင်ဆိုတဲ့လူကို မြင်ဘူးလို့လား”

“တောက်တီးတောက်တဲ့ကွာ”

“ဒါဖြင့်…ဘာဖြစ်လို့ သူ့ပုံစံအတိုင်း ရုပ်ဖျက်ထားရတာလဲ”

“သူ့ဖာသာ မတော်တဆ တူသွားတာနေမှာပေါ့ကွာ”

“အဲ့ဒီ ကိုသက်ပိုင်ဆိုတဲ့လူက အခု ဘယ်မှာလဲ”

“မသိဘူးလေ၊ နိုင်ငံခြားက ပြန်လာတာမဟုတ်လားလို့တော့ မေးတယ်”

“တော်ကြာ…အဲ့ဒီ ကိုသက်ပိုင်ရဲ့ သားတွေ မယားတွေက မင်းဆီ လိုက်လာဦးမယ်”

သူပြောမှ ထိုအချက်ကို စဉ်းစားမိပြီး နေမိုး ရယ်ဖြစ်သည်။ ရယ်ဟဟနှင့်လည်း ပြန်ပြောဖြစ်သည်။“ကဲ…အဲ့ဒီကိစ္စကိုထားလိုက်ပါကွာ၊ ကံကောင်းမှ ဖားလောင်းက ဖားဖြစ်တာပါ”

မြင့်ဇော်က အထွန့်တက်သေးသည်။

“လူတွေ တော်တော်ရှုပ်တာပဲ၊ စာကလေးတွေဆို ဘယ်လိုလုပ်မလဲ မသိဘူး”

“ဘာဖြစ်လို့လဲ”

“တစ်ယောက်နဲ့ တစ်ယောက် ရုပ်ချင်းဆင်သွားတာနဲ့ လူတွေမှာ ပြဿနာဖြစ်နေတယ်၊ စာကလေးတွေဆို ဘယ်လိုလုပ်မလဲ၊ တစ်ကောင်နဲ့တစ်ကောင် ဆိုဒ်တူ၊ ဂိုက်တူ၊ မျက်နှာပေါက်ချင်းလည်း အတူတူ၊ သူတို့ချင်းတော့ ဘယ်လို ခွဲသလဲ မသိဘူး”

“မင်း…အဲ့ဒါဆို ကျီးကန်းတို့၊ ပုရွက်ဆိတ်တို့၊ ပျားတို့၊ ခြတို့ ဘယ်လိုလုပ်မလဲ”

“အဲဒါကိုပြောတာပေါ့”

“ငါလည်း…ဟား…ဟား… မင်းလို စဉ်းစားမိသေးသည်၊ ပုရွက်ဆိတ်တန်းကြီးကို ကြည့်ပြီးတော့ပါ”

“ဘာဖြစ်လို့လဲ”

“အဲ့ဒီ ပုရွက်ဆိတ်တန်းကြီး တစ်ခုမှာ နောက်ဆုံးတန်းက ပုရွက်ဆိတ်က…”

“ဘာလဲ…နောက်ဆုံးတန်းက ပုရွက်ဆိတ် ဆိုတာ…”

“နောက်ဆုံးပုရွက်ဆိတ်ကွာ”

"အေး...အေး.... သူက ဘာဖြစ်လို့လဲ"

"သူက...ဘာကြောင့် နောက်ဘိတ်ဆုံးဖြစ်နေရတာလဲ"

"ဘာရယ်"

မြင့်ဇော်က နားထွေးသွားပုံပေါ်သဖြင့် နေမိုး ရှင်းပြရသေးသည်။

"ဒီလိုကွာ.... ဒီကောင်က ဘာလို့ နောက်ဘိတ်ဆုံးဖြစ်နေရတာလဲ၊ တာဝန်အရလား၊ အပျင်းကြီးလို့လား၊ တန်းစီ နောက်ကျလို့လား၊ ဘာကြောင့် ဘိတ်ဆုံးဖြစ်နေရတာလဲ၊ ကြောက်တတ်လို့ ရှေ့ပုရှက်ဆိတ်တွေ နောက်ကွယ်လိုက်တာလား...သိချင်လို့"

"ဟား...ဟား... ဟေ့ကောင်၊ တော်ပြီ၊ တော်ပြီ... မင်းနဲ့ငါ တစ်ခြား အကြောင်းပဲ ပြောတော့မယ်"

မြင့်ဇော်က သူနှင့် ဘောလုံးကန်ရင်း သိကျွမ်းသော သူငယ်ချင်းဖြစ်သည်။ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာ အင်ဂျင်နီယာအဖြစ် အမှုထမ်းနေသည်။

သူတို့ စကားလမ်းကြောင်း ပြောင်းသွားသည်။ နိုင်ငံတကာဘောလုံးပွဲများအကြောင်းဆီ ရောက်သွားသည်။ တော်တော်ကြီးကြာမှ လက်ဖက်ရည်ဆိုင်မှ စ ထွက်လာခဲ့ကြသည်။

ကိုယ့်တိုက်ခန်းကိုယ်ပြန်ရောက်တော့ ပြဿနာက ကားအကောင်းစားကြီး စီးပြီး ရောက်နေနှင့်ပြီ။သော့ကလေးကိုရမ်းပြီး တိုက်ခန်းဝင်ခါနီးမှာ ခေါ်သံနှင့်အတူ တွေ့လိုက်ရသူက ဇာဇာ...

သူနှင့်အတူ ဝင်းမင်းနှင့် နှာနုပ် မယ်တော်ကြီး (မေ့လဲသွားသော အန်တီကြီး) ပါ ပါလာသည်။ မှန်ရာပြောရလျှင်တော့ နေမိုး အတော် စိတ်ညစ်သွားသည်။

ကိုယ့်ဖာသာ အေးအေးဆေးဆေးနေတာကို ဘာပြဿနာ လာရှာကြဦးမည်မသိ။

"ငါတို့ နင့်ကို လာစောင့်နေတာ"

"အမှတ် မမှားဘူးဆိုရင် နင်နဲ့ငါနဲ့ မနက်ကပဲ တွေ့ပြီးသားထင်တယ်"

ဇာဇာက မျက်စောင်းခဲလျက်...

"ဒီမှာ သူတို့က တွေ့ချင်တယ်ဆိုလို့"

ဝင်းမင်းနှင့် အန်တီကြီးကို မေးငေါ့ပြီး ပြောခြင်းဖြစ်သည်။

ထိုအချိန်မှာ အန်တီကြီးကလည်း ဝင်ပြောသည်။

"တို့သိချင်တာလေး မေးချင်လို့ပါကွယ်"

"လာလေ...အပြင်မှာ စကားပြောရတာ မကောင်းဘူး၊ အခန်းထဲ ဝင်ရအောင်"

တံခါးသော့ကို ဖွင့်ပြီး သူတို့ အုပ်စု နှင့်အတူ အခန်းထဲ ဝင်ခဲ့ကြသည်။ လူပျိုတစ်ယောက်တည်းနေသည်ဖြစ်သော်လည်း သပ်ရပ်သန့်ရှင်းနေသော နေမိုး၏ အခန်းကိုကြည့်ကာ အန်တီကြီး၏ မျက်နှာက ဇဝေဇဝါဖြစ်နေ၏။

အားလုံး နေရာတကျ ထိုင်ပြီးတော့ ဝင်းမင်းက...

"ကျွန်တော်တို့ ကိုနေမိုးကြယ်ကို ပြောစရာ ရှိလို့ပါ"

"ဟုတ်ကဲ့...ပြောပါ"

"ကျွန်တော်က ဝင်းမင်းပါ၊ အထည်ချုပ်စက်ရုံ ထောင်ထားပါတယ်"

"ဟုတ်ကဲ့"

အန်တီကြီးကို လက်ညှိုးညွှန်ပြပြီး...

"ဒါကတော့ ကျွန်တော့်မေမေပါ၊ ဒေါ်လွင်မမလို့ ခေါ်ပါတယ်၊ မြို့ထဲမှာ ရတနာ ရွှေဆိုင် ဖွင့်ထားပါတယ်"

"ဗျာ"

နေမိုး ခေါင်းနားပန်းကြီးသွား၏။ နာမည်ကြီးပဲ...မသိ ရှိပါ့မလား။

"ဟုတ်ကဲ့...ကျွန်တော်ကြားဖူးပါတယ်"

ထိုအခါကျမှ ဒေါ်လွင်မမက...

"မောင်မိုးကို အန်တီ မေးစရာ ရှိလို့ပါ"

"ဟုတ်ကဲ့ မေးပါ"

"မောင်မိုးကြယ် အကြောင်းကိုတော့ ဇာဇာ ပြောပြလို့ သိပြီးပါပြီ"

"ဟုတ်ကဲ့"

"မောင်နေမိုးကြယ်ရဲ့ လက်ရှိ ရုပ်သွင်က ဘယ်လိုရှိသလဲ"

"ခင်ဗျာ"

"မူလရုပ်သွင်ကိုပြောတာ"

"ဩော်...အဲဒါကိုကြည့်ချင်တာလား"

"မှန်တာပြောရရင်တော့ ဟုတ်ပါတယ်ကွယ်"

နေမိုးက သူတို့ကို ကျောပေးလိုက်သည်။ ဆံပင်အတု၊ ပါးသိုင်းမွှေးအတု၊ မုတ်ဆိတ်မွှေး အတု၊ မဲ့အတု နှင့် အသားရောင်

မိတ်ကပ် အချို့ကိုပါ ဖျက်ပစ်လိုက်ပြီး သူတို့ဖက် ပြန်လှည့်လိုက်သည်။

ဇာဇာကတော့ မအံ့သြပါ။ ကျန်နှစ်ယောက်ကတော့ အံ့အားသင့်သွားသည်။ အန်တီကြီးက..

"သြော်...လက်စသတ်တော့ အဲ့ဒီလိုလား"

"ဟုတ်ပါတယ် ခင်ဗျ"

"မောင်ရင် ဒီပညာကို ဘယ်လိုတတ်လာတာလဲ"

"သိုင်းရာဇာကြီး မျက်နှာတစ်ထောင်နဲ့ ရုပ်ပြောင်းရုပ်လွှဲဒေဝီတို့က သင်ပေးလိုက်တာပါ"

"ဘာရယ်"

ဇာဇာက ဆောင့်ကြီးအောင့်ကြီး ဝင်ပြောသည်။

"နေမိုး နင်လျှောက်နောက်မနေနဲ့"

"ဘာလဲဟ"

"နင့် ပေါက်ကရ သိုင်းဝတ္ထုထဲကဟာတွေ လျှောက်ပြောမနေနဲ့၊ ဒီဖက်က အရေးကြီးလို့၊ အလေးအနက်ထားလို့ နင့်ကိုလာမေးနေတာ"

ဒေါ်လွင်မမက ဖြတ်မေးသည်။

"မောင်ရင့် ပင်ကိုယ်ရုပ်ရည်လည်း မဆိုးပါဘူး၊ ကြည့်လို့ ကောင်းသားပဲ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

"အဲ့ဒါကို ဘာကိစ္စ ဒီလို ရုပ်ဖျက်ထားတာလဲ"

နေမိုးက စိတ်မရှည်တော့သလို ဇာဇာ့ကိုကြည့်၏။ ဇာဇာက လက်ဝါးလေး ကာယမ်းပြီး... "ငါ အကုန်ပြောပြထားပြီးသား"

နေမိုးက ဒေါ်လွင်မမကို...

"အဲဒါဆို ရှင်းနေပြီးသားလေ အန်တီရဲ့၊ သူနဲ့ ကျွန်တော် အလောင်းအစားလုပ်ပြီး အပျော်ပြိုင်ကြတာပဲ၊ အန်တီတို့ ပြောတဲ့ ကိုသက်ပိုင်ဆိုတဲ့လူနဲ့ မတော်တဆ တူညီသွားတာပါ"

"မောင်ရင်က မောင်သက်ပိုင်ကို လုံးဝ မမြင်ဘူးပါဘူးနော်"

"သြော်...ဘုရားပေးပေး...ကျမ်းပေးပေးပါဗျာ"

"မောင်သက်ပိုင်ရဲ့ ဓါတ်ပုံကို ကြည့်ပြီး ရုပ်ဖျက်တာလားလို့"

"မဟုတ်ပါဘူး...ဒါနဲ့"

"ပြောပါမောင်ရင်"

"အခု ဘာပြဿနာ ဖြစ်နေကြတာလဲ"

"ဒါက ဒီလိုရှိပါတယ်"

"ဗျာ..သြော်.. အဲ့ဒီလိုလား"

"ဟိုဟာလေ... ကိုနေမိုး ...ဒီလိုပါ"

"ဟုတ်ကဲ့ ...ကျေးဇူးပြုပြီး ကျွန်တော်နားလည်အောင် ရှင်းပြပေးပါ"

ဝင်းမင်းက စကားကို အတော် ချင့်ချိန်ယူရဟန်ဖြင့် ပြောသည်။

"ကျွန်တော့် အမေမှာ သမီး တစ်ယောက်ရှိပါသေးတယ်၊ ကျွန်တော့်အထက်ကပါ၊ ကျွန်တော်နဲ့ တစ်နှစ်ကြီး တစ်နှစ်ငယ်ပေါ့။ ကျွန်တော်တို့မိသားစုမှာ ဒီသုံးယောက်တည်း ရှိပါတယ်"

"ဟုတ်ကဲ့"

"ကျွန်တော့်အစ်မမှာ စေ့စပ်ဖို့ ရည်ရွယ်ထားတဲ့သူ ရှိပါတယ်။ အဲ့ဒီလူနာမည်က ကိုသက်ပိုင်လို့ ခေါ်ပါတယ်"

"ကျွန်တော် ရုပ်ဖျက်ထားတဲ့ ပုံစံအတိုင်း ဆိုပါတော့"

"ဟုတ်ပါတယ် အလုံးအရပ်ကော၊ အရွယ်ကော တစ်ပုံစံတည်းပါပဲ"

"အဲဒီတော့""ကျွန်တော့်အစ်မနဲ့ သူနဲ့ မစေ့စပ်ခင်မှာ သူ သေဆုံးသွားပါတယ်"

"သြော်..."

လူသေကြီးနဲ့တူအောင် ငါက ရုပ်ဖျက်မိပါလားဟု တွေးမိပြီး ကျောပင်ယားသွားသည်။

"သူက နိုင်ငံခြား တိုင်းပြည်တစ်ပြည်ကို ရောက်နေတာပါ၊ မမနဲ့ စေ့စပ်ဖို့ မြန်မာပြည်ကို ပြန်လာမှာပါ၊ လာခါနီး သုံးရက်လောက်အလိုမှာပဲ စားသောက်ဆိုင် တစ်ဆိုင်မှာ လူရမ်းကား သုံးယောက်နဲ့ စကားများ ရန်ဖြစ်ပြီး ဓါးထိုးခံရလို့ ဆုံးသွားတာပါ"

"သြော်...ဖြစ်မှ ဖြစ်ရလေဗျာ"

ဒေါ်လွင်မမက မျက်ရည်လေး စမ်းစမ်းစမ်းစမ်းနှင့် ဝင်ပြောသည်။

"အဲဒါကြွယ့်...သမီးလေးက အရမ်းစိတ်ထိခိုက်သွားပြီး ခုဆို စိတ္တဇ ဆန်ဆန် ဖြစ်နေတယ်၊ သူ့ဆီ မောင်သက်ပိုင် တစ်နေ့ ရောက်လာမှာပဲလို့ ထင်နေတယ်၊ မျှော်နေတယ်"

"အဲ့ဒီလို ဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်ကျော်ပြီပေါ့"

"သူတို့က လူကြီးတွေ ပေးစားတာ မဟုတ်ဘူးပေါ့၊ သူတို့ချင်းကကို ချစ်သူတွေပေါ့"

"ဟုတ်ပါတယ်ကွယ်"

"ထားပါတော့…အဲ့ဒါတွေ ကျွန်တော့်ကို လာပြောနေရတဲ့ အကြောင်းရင်းက…"

"အဟမ်း…ဒီလိုပါ"

ဝင်းမင်းက စကားဝိုင်းထဲ ပြန်ဝင်လာသည်။

"ကိုနေမိုးက ကိုသက်ပိုင် အဖြစ်နဲ့ ကျွန်တော့်အစ်မကို လာနှစ်သိမ့်ပေးဖို့ပါ"

"ဟာ…မဖြစ်ဘူးထင်တယ်"

"သူ့စိတ်ကလေးကို တဖြည်းဖြည်း အစွဲပျောက်အောင် လုပ်ချင်လို့ပါ၊ သူပျော်တာကိုလည်း မြင်ချင်လို့ပါ၊ တည်ငြိမ်လာတဲ့ အခါကျရင် အမှန်တရားကို သူသိသွားမှာပါ"

"ပိုဆိုးသွားရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော်တို့လည်း ဘေးကနေ မျက်လုံး ဒေါက်ထောက် ဂရုစိုက်မှာပါ၊ ကိုနေမိုးအနေနဲ့ သူ့ကို စိတ်ကြည်သာအောင် လုပ်ပေးပြီး ဆေးကလေး ချော့မော့တိုက်ပေးဖို့ပါပဲ"

"မဖြစ်ပါဘူးဗျာ၊ အသံချင်း တူမှာ မဟုတ်ဘူး၊ ဟန်ပန်ချင်းလည်း တူမှာ မဟုတ်ဘူး"

"ရပါတယ်၊ သူတို့ချင်း ကြည်ဖြူနိုင်တယ်ဆိုလို့ ချစ်သူတွေ အဖြစ် အသိအမှတ်ပြုရတယ် ဆိုပေမယ့် သူတို့ချင်း သေသေချာချာ ဆုံဖြစ်တာ သုံးလေးခါပဲ ရှိပါတယ်၊ နောက်ပြီး… ကြားထဲမှာ သူတို့ ကွဲထားတဲ့ နှစ်တွေကလည်း ရှိပါသေးတယ်၊ လူတစ်ယောက်ဟာ အများကြီး ကွဲလွဲသွားနိုင်ပါတယ်"

"ခက်တော့တာပါပဲဗျာ"ငြင်းမယ့်သာငြင်းရသည်။ နေမိုး အနည်းငယ် စိတ်ပါသလိုဖြစ်လာသည်။ သူ့ဗီဇကကို ထိုသို့ ထူးထူးခြားခြား ကိစ္စများကို စိတ်ဝင်စားတတ်သောကြောင့်ဖြစ်သည်။

"အခု…ခင်ဗျားတို့ သားအမိ နှစ်ယောက် မင်္ဂလာဆောင်ကို နှစ်ယောက်လုံးလာတော့ သူက အိမ်မှာ ဘယ်သူနဲ့နေလဲ"

"သူ့ကို စောင့်ကြည့်ပေးတဲ့ ဒေါ်ငွေစိန်ဆိုတဲ့ အဖွားကြီးတစ်ယောက် ရှိပါတယ်"

နေမိုးစဉ်းစားနေသည်။ အားလုံးက သူ့မျက်နှာကို ဝိုင်းကြည့်နေကြသည်။ အတန်ကြာမှ နေမိုးက…

"လွယ်တော့ သိပ်မလွယ်ဘူး"

ဝင်းမင်းက နေမထိ ထိုင်မထိဖြစ်သွားပြီး…

"ဘာဖြစ်လို့လဲခင်ဗျ"

"ကျွန်တော်က အမြဲတမ်း ဒီလို ရုပ်ဖျက်မနေနိုင်ဘူး"

"ကျွန်တော်တို့ အိမ်ကို လာတဲ့အချိန်လေးလောက်ပါ"

"ကြားထဲမှာ သူက ရိပ်မိသွားရင်လည်း ခက်မယ်"

"ကျွန်တော်တို့ ကြိုးစားကြည့်ချင်ပါတယ်"

"နေပါဦး…ကိုသက်ပိုင်က နိုင်ငံခြားကို ဘာသွားလုပ်တာလဲ"

"ဂီတနဲ့ ပတ်သက်တဲ့ သင်တန်းတစ်ခု သွားတက်တာပါ"

"မြူးဇစ်ရှန်လား"

"ဟုတ်ပါတယ်"

"ပြဿနာက အဲ့ဒီက စတာပဲ၊ ကျွန်တော်က လေတောင် ကောင်းကောင်း မချွန်တတ်ဘူး"

"ဒါတွေက ဖြည်းဖြည်းချင်းရှင်းယူရင် ရပါတယ်ဗျာ"

"ခင်ဗျားလည်း ဖွတ်ပါပဲလား"

"ကူညီပါဗျာ"

နေမိုးက ကုလားထိုင် လက်ရမ်းကို လက်ညှိုးနှင့် တတောက်တောက်ခေါက်ရင်း စဉ်းစားရပြန်သည်။ ဇာဇာက…

"နေမိုး"

"ဟင်"

"ကူညီနိုင်ရင် ကူညီလိုက်ပါဟာ"

"နင်ကလဲ"

ဒေါ်လွင်မမကလည်း…

"ကူညီဖြစ်အောင် ကူညီပါကွယ်၊ ကျေးဇူးမမေ့ပါဘူး"

"ကောင်းပြီလေ… စမ်းသပ်ကြည့်သေးတာပေါ့၊ ဒါနဲ့ သူ့နာမည်က ဘယ်လိုခေါ်လဲ"

အားလုံး၏ မျက်နှာက ဝင်းလက်သွားပြီး ဝင်းမင်းက..

"သူ့နာမည်က ပုရပိုက်ပါ"

******************************

(၄)

"မင်းကိစ္စကြီးက မဟုတ်သေးပါဘူး နေမိုးရာ"

မြင့်ဇော်က ခေါင်းခါခါ လက်ခါခါဖြစ်နေသည်။

"မတတ်နိုင်ဘူးကွာ၊ မီးစင်ကြည့်ကရတော့မှာပဲ"

"ဘယ်ဖက်က တွေးကြည့်တွေးကြည့် မလွယ်ဘူး"

"အင်း"

"ဥပမာ…ကိုသက်ပိုင်ရဲ့ အပေါင်းအသင်းတွေ"

"အင်း"

"သူ့မိသားစု"

"အင်း"

"မင်း …ဘယ်လိုရှင်းမလဲ"

"သူတို့ကြည့်ရှင်းပေးမယ် ပြောတယ်"

"ဘယ်သူတို့လဲ၊ ဝင်းမင်းတို့လား"

"ဒါပေါ့"

"ဖြစ်ပါ့မလားကွာ၊ လိမ်လည်မှုနဲ့ ထောင်ထဲ ရောက်ရပါဦးမယ်"

"သူတို့ အစီအစဉ်က ဒီလိုကွ"

"ဆိုစမ်းပါဦး"

"အဲ့ဒီ ကိုသက်ပိုင် ဆိုတဲ့သူက ညီမတစ်ယောက်ပဲရှိတယ်၊ တစ်ခြား ဆွေမျိုး မရှိဘူး"

"အင်း"

"အဲ့ဒီညီမနဲ့လည်း သူတို့ ညှိနှိုင်းပြီးပြီ၊ အဆင်ပြေတယ်"

"တစ်ခြားရော… သူ့အပေါင်းအသင်းတွေပေါ့"

"အပေါင်းအသင်းအရင်းအချာလည်း ဒီလူက အတော်နည်းတယ်တဲ့၊ ရောကျော်ချလို့ ရတယ်ပေါ့ကွာ"

"ငါတော့ ရင်ခပ်လေးလေးပါပဲကွာ၊ နောက်မှ မင်းကို သက်ပိုင်အတုမှန်းသိသွားရင် ဟိုကောင်မလေး ရောဂါပိုဆိုးသွားနိုင်တယ်"

"အဲဒီလို မဖြစ်အောင်တော့ ထိန်းရမှာပေါ့ကွာ"

"ကြည့်လုပ်ဟ့ော…ကြည့်လုပ်"

"ငါလည်း မျက်ခုံး ခပ်လှုပ်လှုပ်ပဲ၊ ဒါတွေကို ခဏမေ့ထားရအောင်ကွာ၊ မင်းနေခဲ့ဦး၊ ငါ့သစ်ပင်လေးတွေဆီ ငါသွားလိုက်ဦးမယ်"
မြင့်ဇော်ကို ဧည့်ခန်းထဲမှာ ထားခဲ့ပြီး သူစိုက်ထားသော သပြေပင်ပေါက်လေးတွေဆီ နေမိုး ထွက်လာခဲ့သည်။ သူတိုက်ခန်းရှေ့ဖက် မြေပြင်တွင် သူစိုက်ထားသော သပြေပင်လေးတွေ စီစီရီရီ ရှိနေသည်။

သပြေပင်ပေါက်လေးများကြားမှာ သူက စာကပ်နေ၏။

"ဘာစာလဲ"

မြင့်ဇော်က ဧည့်ခန်းထဲမှ ထွက်လာ ပြီး မေးသည်။

"ဖတ်ကြည့်လေကွာ"

ဖတ်ကြည့်ပြီး မြင့်ဇော်၏ မျက်နှာက ရှုံ့မဲ့သွားသည်။

"မင်းစာက ဘာအဓိပ္ပါယ်လဲ"

"ငါလည်းမသိဘူး၊ စိတ်ထဲ ပေါ်လာသလို ရေးလိုက်တာပါပဲ"

နေမိုးရေးထားသည်က…

"နောင်လာနောက်သားများ သေးပေါက်ရန်" တဲ့။

သူက သစ်ပင်များကို သန့်ရှင်းရေး လုပ်နေတော့ မြင့်ဇော် ငြီးငွေ့သွားပုံပေါ်သည်။ အိမ်ခန်းထဲ ပြန်ဝင်သွားသည်။

သို့သော် ချက်ချင်းဆိုသလို ပြန်ထွက်လာပြီး…

"နေမိုး…ဧည့်သည် ရောက်နေတယ်"

"ဟုတ်လား…ဘယ်သူပါလိမ့်"

"မိန်းကလေးတစ်ယောက်ပဲ"

ဧည့်ခန်းထဲသွားကြည့်တော့ ဓာဇာ့ကိုတွေ့ရသည်။

"ဟဲ့…ဓာဇာ… ထူးထူးဆန်းဆန်းပါလား"

“ငါ….နင့်ဆီကို ဖုန်းဆက်သေးတယ်၊ မရဘူး”

“အေး…ဖုန်းပျက်နေတယ်၊ ဆိုပါဦး ကိစ္စရှိလား”

“အေး”

“ဟိုသားအမိကိစ္စပဲလား”

“အေး”

“ဟိုနေ့က သေသေချာချာတောင် မမေးလိုက်ရဘူး၊ အဲ့ဒီပုရပိုက်ဆိုတဲ့ ကောင်မလေးက ရူးကြောင်ကြောင် ဖြစ်နေတာလား”

“အဲ့ဒီလိုတော့မဟုတ်ပါဘူး၊ လွမ်းဖျားလွမ်းနာ ကျရင်း စိတ်ရောဂါရသွားတဲ့သဘောလောက်ပါ။ အဲ့ဒါကလွဲရင် အကောင်းကြီးပါ”

“အခု နင်အိမ်ကလာတာပဲလား”

“အေး…သူတို့ သားအမိနဲ့ ချိန်းထားတယ်”

“ဘယ်မှာ ချိန်းထားတာလဲ”

“ဒီမှာပဲ”

“ဘယ်အချိန်လဲ”

“ဒီအချိန်ပဲ”

“ဟွန်း…ငါမရှိရင် လွဲဦးမယ်”

“သူတို့ မရောက်သေးဘူးနော်”

“နင်..လိပ်စာကို သေသေချာချာ ပြောပြထားသလား”

“ပြောထားတယ်၊ သူတို့နဲ့အတူ ဧည့်သည်တစ်ယောက် ခေါ်လာဦးမယ်တဲ့”

“ဘာလဲ…ရှေ့နေလား”

“မဟုတ်ဘူး၊ ငါပြောပြရင် နင် အံ့သြသွားဦးမယ်”

“ပြောပါဦး…ဘယ်သူလဲ”

“ရည်ပြာ..လေ”

“ဟင်”

နေမိုး အံ့သြသွားသည်။

"ငံပြာရည်လား၊ နင်ခေါ်ထားလို့လား"

"မဟုတ်ဘူး၊ နေပါဦး၊ ငါ...ကြားဖြတ်ပြောပါဦးမယ်၊ ရည်ပြာ့ကို ရည်ပြာလို့ မခေါ်ချင်လည်းနေပါ၊ ငံပြာရည်လို့တော့ မခေါ်ပါနဲ့ဟာ"

"အေး...အေး....ထားပါ၊ ဝတ်ရည်ပြာလို့ပဲ ခေါ်ပါမယ်၊ ပြောစမ်းပါဦး၊ သူက ဘာကိစ္စပါလာရတာတုန်း" "သူက ကိုသက်ပိုင်ရဲ့ညီမတဲ့"

"ဟင်"

ဇာဇာက ဆက်ပြောသည်။

"နင်နဲ့ဆိုရင်တော့ သူဘာမှ မပြောတော့ဘူး။ ကူညီမယ်...တဲ့"

နေမိုး ခေါင်းရှုပ်သွားသည်။

"နင်ပြောတာကို ငါ သဘောမပေါက်ဘူး"

"သြော်...ဒီကိစ္စကို နင်က မသမာတဲ့စိတ်နဲ့ ကူညီတာမျိုး ဝင်ပါလာတာမျိုး မဟုတ်ဘူးဆိုကကိုပေါ့"

"အံမယ်...ငါက သူတို့ ဇာတ်ရှုပ်ကြီးထဲ ဝင်ကရမှာကိုများ"

"အေး...ရည်ပြာနဲ့ တွေ့ရင် နင် ရန်ဖြစ်မနေနဲ့ဦးနော်"

"ဟဲ...ဟဲ...ဟဲ....ဟဲ"

ပြီးမှ မြင့်ဇော်နှင့် ဇာဇာ့ကို မိတ်ဆက်ပေးရသည်။ မြင့်ဇော်က ရပ်ကွက်ထဲမှ သူငယ်ချင်း၊ ဇာဇာက ကျောင်းမှ သူငယ်ချင်း၊ သူတို့ချင်း မသိကြ။ ဇာဇာ့ကို ခိုးခိုးငမ်းနေသော မြင့်ဇော်က မိတ်ဆက်ပေးမှုကို ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။

သိပ်ပင် စေတနာ မရှိချင်။

"ဟော...လာကြပြီ"

ဝင်းမင်းတို့ သားအမိက ရှေ့မှ ဝင်လာသည်။ ဝတ်ရည်ပြာက နောက်ဆုံးမှ။ မနေ့တစ်နေ့ကမှ တွေ့ခဲ့ရသော ဝင်းမင်းတို့ သားအမိကို အသေအချာပင် မကြည့်မိပါ။ မတွေ့ရတာ ကြာပြီဖြစ်သော ဝတ်ရည်ပြာကိုသာ သေသေချာချာကြည့်မိသည်။

ဝတ်ရည်ပြာ....

ပိုလှလာသည်။

ခုခေတ်ကောင်မလေးတွေများ လှပုံက ပြောချင်ပါဘူး...ပြောချင်ပါဘူး...ပြောချင်ပါဘူး..ဟု ပြောချင်စရာ ဖြစ်နေသည်။

"ထိုင်ကြပါ"

အသီးသီးဝင်ထိုင်ကြသည်။ ဒေါ်လွင်မမက ဇာဇာ့ကို...

"မောင်နေမိုးကို သမီးပြောပြပြီးပြီမဟုတ်လား"

"အကုန်တော့ မပြောရသေးဘူး"

"ဘာကျန်သေးလဲ""ဒီနေ့ အစီအစဉ်ပေါ့"

နေမိုးက သူတို့ကို အကဲခတ်သလို ကြည့်နေမိသည်။ ဝင်းမင်းက စကားဝင်ဆက်သည်။

"အဟမ်း...အဟမ်း...ဒီလိုပါ ကိုနေမိုး"

"ဟုတ်ကဲ့ ... ပြောပါ"

"ကိုနေမိုးကို ဒီနေ့ ကျွန်တော်တို့ အိမ်ကို ခေါ်သွားချင်လို့ပါ"

"ဗျာ"

ကြိုလည်း ပြောမထားကြချေ။

"အိမ်သိထားရအောင် ခေါ်တာလား"

"မဟုတ်ဘူး၊ မမနဲ့ ပေးတွေ့ချင်လို့ပါ"

"ဟာ..လွယ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"ဒီလိုမျိုး ရုတ်တရက်တွေ့လိုက်ရမှ ရှော့ခ်တွေဘာတွေဖြစ်သွားရင်...."

"အဲ့ဒီလို မဖြစ်ရအောင် ကျွန်တော် စီစဉ်ထားပါတယ်"

"ဘယ်လို စီစဉ်ထားတာလဲ"

"ကိုသက်ပိုင် မသေဘဲ ပြန်ရောက်နေပြီဆိုတဲ့အကြောင်း ပြောထားပြီးပါပြီ၊ ဒီကနေ့ချက်ချင်း ခေါ်လာပေးပါလို့ ဝမ်းသာအားရ ပြောရှာပါတယ်၊ သူကြိုသိထားပြီးပြီဆိုတော့ အကြောင်းမရှိပါဘူး"

"ဒီနေ့ဆိုတာ ဘယ်အချိန်လဲ"

"ခုလောက်ဆို စောင့်နေလောက်ပြီ၊ စေ့စပ်ဝတ်စုံ ဝတ်ပြီးတော့ပါ"

ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းပင် မသိချေ။

"တွေ့ကြရင် ခင်ဗျားတို့အနားမှာ နေပေးကြမှာ မဟုတ်လား"

ဝတ်ရည်ပြာကိုပါ တစ်ခါတည်း မေးရသည်။

“နင်ကော ပါမယ် မဟုတ်လား”

ဝတ်ရည်ပြာက ခေါင်းညိတ်ပြရင်း လိုတိုရှင်း ဖြေသည်။

“အေး”

“နင်နဲ့ ကိုသက်ပိုင်က မောင်နှမ အရင်းလား”

“အေး”

“အခု...ငါ...ရုပ်ဖျက်ပြမယ်၊ နင့်အစ်ကိုနဲ့ တူမတူ ကြည့်ဦး”

“အေး...ငါလည်း ကြည့်ချင်နေတာ”

“ခဏစောင့်”

သူတို့ကိုထားခဲ့ကာ အခန်းထဲဝင်ခဲ့သည်။ အပြင်မှာ ဇာဇာနှင့် ဝတ်ရည်ပြာတို့က ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကာ ကျန်ခဲ့သည်။ရုပ်ဖျက်ပြီး ဧည့်ခန်းဆီ ပြန်ထွက်လာတော့ သူတို့စကားသံတွေ တိတ်သွားသည်။ ရုတ်တရက် ငြိမ်ကျသွားသည်။ နောက်မှ ဝတ်ရည်ပြာ၏ ရှိုက်သံကထွက်လာသည်။ နေမိုးက...

“ဘာလို့ငိုတာလဲ”

ဝတ်ရည်ပြာက ရှိုက်သံနှင့်ပြောသည်။

“တူပါတယ်...တစ်ခုပဲ”

“ဘာလဲ”

“မှဲ့က နည်းနည်း အောက်ကျနေတယ်”

“အပေါ်နည်းနည်း တင်ရမယ်ပေ့ါ”

“နင်ထလာပြီး ငါ့မျက်နှာပေါ်မှာ လက်ညှိုးနဲ့ထောက်ပြ၊ သေချာ သွားအောင်ပေါ့”

ဝတ်ရည်ပြာ ထလာပါသည်။ သို့သော် သူ့မျက်နှာပေါ် လက်ညှိုးနှင့် မထောက်ပါ၊ သူ့ ဆလင်းဘက်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ပေးသည်။

“ဘုရားရေ”

ကိုသက်ပိုင်၏ ဓါတ်ပုံဖြစ်၏။ နေမိုးကိုယ်တိုင်ကပင် ဘုရား တ ယူရလောက်အောင် ချွတ်စွပ်နီးပါးတူနေသည်။

“ခဏနေခဲ့ကြဦး”

အခန်းထဲဝင်ပြီး မှဲ့ကိုပြင်တပ်ကာ ပြန်ထွက်လာခဲ့သည်။ ဝတ်ရည်ပြာ ကြေကွဲသော မျက်လုံးများနှင့် စိုက်ကြည့်လျက်။ ကျန်သူများက ငြိမ်သက်နေသည်။

"ဟဲ့..."

နေမိုးက ဝတ်ရည်ပြာကို လှမ်းခေါ်ခြင်းဖြစ်သည်။ ဝတ်ရည်ပြာက...

"ဘာလဲ"

"နင့်အစ်ကိုက နင့်ကို ဘယ်လိုခေါ်သလဲ"

"ညီမလေးလို့ခေါ်တာပေါ့"

"နင်ကကော နင့်အစ်ကိုကို ဘယ်လိုခေါ်သလဲ"

"ကိုကို..ပေါ့"

"ကဲ...ဒါဖြင့် ညီမလေး"

"ဘာလဲ"

"အောင်မာ...အဲ့ဒီလို မရဘူးလေ၊ 'ရှင်..ကိုကို' လို့ ပြန်ထူးရမှာပေါ့"

"ဟင့်"ဝတ်ရည်ပြာ ရယ်ချင်သွားသည်။ အပြုံးတစ်ဝက်နှင့် နေမိုးကို မျက်စောင်းထိုးလိုက်သည်။ မျက်ရည်များဝေ့နေသော မိန်းကလေးတစ်ယောက်၏ အပြုံးမျက်စောင်းသည် ဘာနှင့်မှ မတူအောင် လှလေသည်။

"ကဲ...ညီမလေး"

"ဘာလဲ"

"လုပ်ပြန်ပြီ၊ နောက်တစ်ခေါက် ပြန်ခေါ်ကြည့်မယ်"

"ခေါ်ချင် ခေါ်ကြည့်ပေါ့"

ဇာဇာ့ စကားသံက ကြားဝင်လာသည်။

"နေမိုး...နော်"

"ဘာလဲ"

"ရည်ပြာနဲ့တွေ့ရင် ရန်မဖြစ်ရဘူးလေ"

"ဟ...ပွဲမဝင်ခင် အပြင်က ကျင်းပရတာလေ၊ ဒါမှ ပုရပိုက်ရှေ့မှာ အဆင်ပြေမှာပေါ့"

ဇာဇာ ငြိမ်သွားသည်။

ထိုအခါကျမှ နေမိုးက...

"ကဲ...ပြန်စမယ်"

ထို့နောက်..

"ကဲ...ညီမလေးရေ"

ဝတ်ရည်ပြာက အောက်သိုးသိုး လေသံဖြင့်...

"ရှင်..ကိုကို...ရှင့်"

အားလုံးဝိုင်းရယ်ဖြစ်ကြသည်။ ဝတ်ရည်ပြာလည်း အတန်ငယ် လန်းလန်းဆန်းဆန်းဖြစ်သွားသည်။

"ဘယ်တော့ သွားကြမလဲ"

နေမိုးက ဝင်မေးတော့... ဝင်းမင်းက..

"ကိုနေမိုး အဆင်သင့်ဖြစ်ရင် ခုပဲ သွားလိုက်ကြရအောင်"

"ရတယ်လေ..သွားမယ်"

တစ်ချိန်လုံး ငြိမ်နေသော မြင့်ဇော်က...

"နေမိုး"

"ဟေ"

"ငါလိုက်ခဲ့ဖို့လိုလား"

နေမိုး တွေဝေသွားသည်။ ဝင်းမင်းက ဝင်ဖြေရှင်းသွားသည်။ လွယ်လွယ်ကူကူပင်။"ကားဆန့်ပါတယ်.... လိုက်ခဲ့ပါ"

ထိုသိုဖြင့်....

ခမ်းနားထည်ဝါလှသော အိမ်ကြီးတစ်လုံးဆီသို့ နေမိုးတို့ ရောက်သွားသည်။ မြင့်ဇော်က နေမိုးနားနားသို့ ကပ်ပြောသည်။

"အတော်ချမ်းသာတဲ့သူတွေပဲ"

နေမိုးက မသိမသာ ခေါင်းညိတ်ပြလိုက်သည်။ ဝင်းမင်း ဦးဆောင်သည့်အတိုင်း လိုက်ဝင်ခဲ့ကြ၏။

ဝင်းမင်းက သူတို့ကို ဧည့်ခန်းထဲမှာ နေရာချထားပေးပြီးမှ...

"မချောရေ"

"ရှင်...လာပါပြီ အစ်ကိုလေး"

ချောလည်း မချောသော မချောဆိုသည့် အမျိုးသမီးထွက်လာသည်။

"ဧည့်သည်တွေ အတွက် တစ်ခုခုစီစဉ်ပါဦး"

"ဟုတ်ကဲ့"

"မမရော"

"အပေါ်ထပ်မှာ ဒေါ်စိန်ငွေနဲ့ အတူတူ ရှိပါတယ်"

"ခေါ်လိုက်"

"ဟုတ်ကဲ့"

ထိုအချိန်မှာ နေမိုးက ဝတ်ရည်ပြာအနားသို့ ဇွတ်ခနဲ ရောက်သွားသည်။ ဝတ်ရည်ပြာ တွန့်ခနဲ ဖြစ်သွားပြီး ကိုယ်ကို ကြုံ့ထိုင်သည်။ နေမိုးက လေသံတိုးတိုးဖြင့်...

"အရေးကြီးတာ တစ်ခုကို အခုမှ သတိရလို့"

"ဘာလဲ"

"သူတို့ချင်းက တစ်ယောက်ကို တစ်ယောက် ဘယ်လိုခေါ်ကြလဲ"

"ကိုကိုက ပုရပိုက်ကို ချစ်သူလို့ခေါ်တယ်"

"ကောင်းသားပဲ၊ ပုရပိုက်ကရော"

"ကိုသက်လို့ ခေါ်တယ်"

"ဟုတ်ပြီ...နင်နဲ့ ပုရပိုက်ကရော"

"သူက ငါ့ကို ရည်ပြာလို့ခေါ်တယ်"

"ဟုတ်ပြီ...နင်ကရော..."

"ငါက သူ့ကို မိပိုက်လို့ ခေါ်တယ်"

"မိဗိုက်...ဟုတ်လား"

"နင် .. ပြောင်ချော်ချော် လုပ်မနေနဲ့၊ ဟိုက ဆင်းလာတော့မယ်"

"အေး...အေး" ကိုယ့်နေရာမှာ ကိုယ် မင်သေသေပြန်ဝင်ထိုင်နေလိုက်သည်။

မရှေးမနှောင်းမှာပင်…

ပုရစ်ကို ထဘီပတ်ထားသော အသွင်ဖြင့်…

ဒေါ်စိန်ငွေ ဆင်းလာသည်။

နေမိုးကိုတွေ့တော့ မျက်လုံးများ ပြူးကျယ်သွားကာ ရင်ဘတ်ကို လက်နှင့်ဖိပြီး အပေါ်ပြန်ပြေးတက်သွား၏။ ထို့နောက်မှာမှ လုပသော အဆင်းသဏ္ဍာန်ရှိသည့် မိန်းကလေးတစ်ယောက် တစ်လှမ်းချင်း ဆင်းလာခဲ့သည်။ နေမိုးကို ဝင့်ဝင့်စားစားကြည့်ရင်း သာယာသံဖြင့်…

"ကိုသက်"

"ဗျာ"

နေမိုးအပါးသို့ ချဉ်းကပ်လာပြီး…

"ကိုသက် မဟုတ်လားဟင်"

"ဟုတ်ကဲ့"

"ကိုသက်က ဘယ်လိုကြီးဖြစ်နေတာလဲ"

"ဘာ…ဘာဖြစ်လို့လဲ …ချစ်…ချစ်သူ"

"ထောင့်ထောင့် အောင့်အောင့်ကြီး"

"ဟိုလေ..ဝမ်းသာလုံးဆို့နေလို့ပါ၊ ချစ်သူကော ဝမ်းမသာဘူးလား"

"အိုး..ဝမ်းသာတာကို ပြောပြလို့တောင် မရဘူး"

"ဒါ့ထက် ကိုသက်နဲ့ ပတ်သက်တဲ့ သတင်းတွေက…"

"သြော်..သတင်းမှားတွေပါ"

"ဒါဖြင့် ဘာဖြစ်လို့ ခုချိန်ကျမှ ရောက်လာရတာလဲ ကိုသက်ရယ်"

"နောက်တော့ အေးအေးဆေးဆေး ရှင်းပြမယ် ချစ်သူရယ်"

ဝင်းမင်းက ဝင်ပြောသည်။

"နောက်…အချိန်တွေ အများကြီး ရပါသေးတယ် မမရယ်"

ပုရပိုက်က နေမိုး နံဘေးမှာ ဝင်ထိုင်ပြီး နေမိုး၏ မျက်နှာကို တရှိုက်မက်မက်ကြည့်၏။

သူလည်း ဝတ်ရည်ပြာလိုပင် မျက်ရည်တွေ ဝဲနေသည်။

"ကိုသက်ရယ်"

နေမိုးက...

"ဒါနဲ့ ချစ်သူ နေမကောင်းဘူးဆို"

"နည်းနည်းပါးပါးပါ"

"ကောင်းသွားမှာပါ"

"အင်း..ကောင်းသွားမှာပါ...ကိုသက် ပြန်ရောက်လာပြီပဲ"ထို့နောက် ဧည့်ခန်းထောင့်သို့ လက်ညှိုးကလေး ညွှန်ပြကာ...

"ဟိုမှာ စန္ဒရား"

"အင်း..တွေ့တယ်"

"ချစ်သူကတော့ မတီးတတ်ဘူး၊ ကိုသက်အတွက် ဝယ်ထားတာ"

"ဟုတ်လား"

"ပြန်ဆုံတွေ့ကြတဲ့ အထိမ်းအမှတ်နဲ့ တေးသွားတစ်ပိုဒ်လောက်တီးပြပါလား"

နေမိုး မျက်လုံးပြူးသွားသည်။

"အဲ...ဟိုဒင်း...ချစ်သူ... အဲ့ဒါကလေ"

ဝင်းမင်းက ဝင်ပြောသည်။

"နောက်မှ အေးအေးဆေးဆေးပေါ့ မမရယ်"

ဒေါ်လွင်မမကလည်း...

"ဟုတ်ပါတယ်..သမီးရယ်...မောင်သက်ပိုင်နားပါစေဦး"

ဝတ်ရည်ပြာကပါ တစ်ဖန်...

"ကိုကိုက သိပ်နေမကောင်းသေးဘူး မိပိုက်ရဲ့"

ထိုစကားသံများကြောင့် ပုရပိုက်ကိုယ်တိုင်ကပင်...

"အင်းလေ...ဒီလောက်ထိတောင် စောင့်လာပြီးမှတော့..."

နေမိုးက အာရုံလွှဲသည့်အနေနှင့်...

"ချစ်သူက လှတုန်းပဲ၊ ဘာမှ မပြောင်းလဲဘူး"

ပုရပိုက်က ခေါင်းလေးညွှတ်၍ ပြုံးရင်း...

"ကိုသက်ကတော့ ပြောင်းလဲသွားတယ်"

ဘုရားရေ...။ ထိုအချက် အရေးကြီးသည်။ အပြုံးနှင့် မေးယူရသည်။

"ဘာများပြောင်းလဲသွားလို့လဲ"

"ဘယ်နေရာမှာ ပြောင်းလဲသွားလည်းမသိဘူး။ ပြောင်းတော့ ပြောင်းလဲသွားတယ်"

"မတွေ့တာကြာလို့ ဖြစ်မှာပါကွယ်"

"အင်းလေ...ဟုတ်မှာပေါ့"

နေမိုး နေရတာ စိတ်မသန့်တော့။ ထို့ကြောင့် မြင့်ဇော်ဆီ မေးငေါ့ပြကာ...

"ဒါ...ကိုသက်ရဲ့ သူငယ်ချင်း"

ထို့နောက် သူတို့ချင်းတွေကို မိတ်ဆက်ပေးရသည်။ မြင့်ဇော်နှင့် ပုရပိုက်၊ ဇာဇာနှင့်ပုရပိုက်၊ မြင့်ဇော်နှင့် ဝတ်ရည်ပြာ။ပုရပိုက်က မေးသည်။

"ကိုမြင့်ဇော်က ကိုသက်ရဲ့သူငယ်ချင်းဆို"

မြင့်ဇော်က...

"ဟုတ်ပါတယ်"

"အဲ့ဒါ...ရည်ပြာနဲ့က ခုမှ သိသလား"

မြင့်ဇော်က အေးအေးဆေးဆေးပင်။

"ဟုတ်တယ်၊ သူနဲ့က ခုမှသိတယ်"

ဒေါ်လွင်မမက ဝင်ပြောသည်။

"အေးကွယ်...ဒီအိမ်ကိုလည်း ဝင်နိုင်ထွက်နိုင်ပါတယ်"

နေမိုးက စကားဖြတ်တော့၏။

"ကဲ...ချစ်သူ...ကိုသက်တို့ ပြန်လိုက်ဦးမယ်၊ တခြားကိစ္စလေးတွေ ရှိသေးလို့"

ပုရပိုက်က အလိုမကျဟန်ဖြင့်...

"ဟင် ကိုသက်ကလည်း..."

ဒေါ်လွင်မမက ဝင်ကူပြောပေးသည်။

"မောင်သက်ပိုင်က မြန်မာပြည်ပြန်ရောက်ကာစ ဆိုတော့ အလုပ်ရှုပ်နေသေးတယ် သမီးရဲ့"

မြင့်ဇော်ကလည်း မင်သေသေဖြင့်...

"ဟုတ်တယ်...ဒီကောင် fit လည်း ကောင်းကောင်း မဖြစ်သေးဘူး"

"ဒါဆို...ဘယ်တော့ ပြန်လာဦးမှာလဲ"

"လာမှာပေါ့...ခဏခဏ လာမှာပေါ့"

ထိုစကားကို အတော်ကြီး အားတင်းပြီး နေမိုး ပြောရခြင်းဖြစ်သည်။ သူက သူ့အလုပ်တွေနှင့် သူ ရှုပ်နေသူ၊ မကြာမကြာ နယ်ထွက်နေရသူ။

"အိမ်မှာ ...ထမင်း လာ လာ စားရမယ်"

"စားမှာပေါ့...စားမှာပေါ့"

"ခု...ပြန်တော့မယ်ပေါ့"

"အင်း"

"ဒါဆို ...နှုတ်ဆက်ဦးလေ"

"ခု..နှုတ်ဆက်နေတာလေ"

"အဲ့ဒါကို ပြောတာမဟုတ်ဘူး"

ဝတ်ရည်ပြာက ကမန်းကတန်း ဝင်ပြောသည်။

"မိပိုက်ပြောတာက ပြန်ခါနီး ကဗျာရွတ်ပြဖို့ပြောနေတာ"

"သြော်..ဒါလား ရတယ်၊ 'ခရီးသွားတစ်ဦး' ဆိုတဲ့ ကဗျာကို ရွတ်ပြမယ်နော်"

"ရွတ်"

နေမိုးက ကဗျာ ရွတ်ပြ၏။ ပုရပိုက်က အလေးအနက် နားထောင်ရင်း..ကဗျာအဆုံးမှာ...

"ကိုသက်"

"ဟင်"

"ကိုသက်က လူတင် ပြောင်းလဲတာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကဗျာတွေပါ ပြောင်းလဲသွားတာကိုး"

"နည်းနည်းပါးပါးတော့ရှိမှာပေါ့ကွယ်၊ ဒီလိုပဲပေါ့၊ ကဲ...နှုတ်ဆက်ပြီးပြီ၊ ကိုသက်တို့ ပြန်လိုက်ဦးမယ်၊ ဪ..ဒါနဲ့ ညီမလေး"

ဝတ်ရည်ပြာကို လှည့်ခေါ်ခြင်းဖြစ်သည်။ ဝတ်ရည်ပြာက မျက်နှာအမူအရာ မသိမသာ ပြောင်းသွားပြီး...

"ရှင်...ကိုကို"

"ညီမလေးက ကိုကိုတို့နဲ့ လိုက်ခဲ့မှာလား၊ နေခဲ့ဦးမှာလား"

"နေခဲ့ဦးမှ ဖြစ်မှာပေါ့"

ဝင်းမင်းက..

"ကျွန်တော် လိုက်ပို့ပေးမယ်"

ဇာဇာ့ကို အရင်လိုက်ပို့ပေးသည်။ ပြီးမှ နေမိုးတို့ကို ပြန်ပို့ပေးသည်။ မြင့်ဇော်က နေမိုး၏တိုက်ခန်းသို့ ပြန်လိုက်လာသည်။ ကိုယ့်တိုက်ခန်းကိုယ်ပြန်ရောက်မှ မြင့်ဇော်က...

"နေမိုး"

"ဟင်"

"ပုရပိုက်က မလွယ်ဘူးနော်"

"အင်း"

"နံ့နံ့အအ မိန်းကလေးမဟုတ်ဘူး"

"အင်း"

"ဒါနဲ့ မင်း ဟိုမှာ ရွတ်ပြတဲ့ကဗျာက မင်းရေးတာလား"

"ဟုတ်တယ်"

"ပြန်ရွတ်ပါဦးကွ"

စိတ်မောလူမောနှင့်ပဲ ကဗျာရွတ်ပြရပြန်သည်။

*မိုးကလည်း တငွေ့ငွေ့ရွာတယ်*
*ဘာကိုမှ မစိုရွှဲခဲ့တာကလွဲရင်*
*ရင်ထဲကို ရေဝင်ခဲ့ရ။*
*နတ်ပူးမှာတော့ မကြောက်ပါဘူး*
*လူစုန်းပူးရင်တော့ နံတတ်တယ်။*
*နက်ဖြန်ခါ ဘယ်သူ ပြန်လာမလဲ။*
*စောင့်ဆိုင်းရင်း နှင်းတွေသည်းပြန်ရော*
*တောင်လေလာရင် ရွှေ့မယ်လို့*
*တစ်နေ့တစ်နေ့ ပူကျက်ခဲ့ရတဲ့တိမ်*
*အခု အိမ်ပြန်ရောက်ပါပြီ။*

“အေးလေ…ခုမှ သူများအိမ်ကနေ ကိုယ့်အိမ်ကို ပြန်ရောက်လာတာပဲ”

သူတို့ ရယ်ဖြစ်ကြသည်။

******************

## (၅)

"ကရင်...ကလင်...ကလင်..."

"ဟ...ဖုန်းလာတယ်ဟ"

ဖုန်းက ပျက်နေသည်မှာ တစ်ပတ်ခန့်ရှိပြီ။ ယခု ပြန်ကောင်းပြီပေါ့၊ နေမိုး ဝမ်းသာအားရ ကောက်နားထောင်လိုက်သည်။

"ဟဲလို"

"ကိုနေမိုးလား"

"ဟုတ်ပါတယ်"

အတော်ကြာသည်အထိ အချိန်ပေး စကား ပြောလိုက်ရသည်။ အလုပ်ကိစ္စနှင့် ပတ်သက်ပြီး ရုပ်ရှင် ကုမ္ပဏီတစ်ခုက ဆက်သွယ်ခြင်းဖြစ်သည်။ နယ်မှာ ကြာမည်ဆိုတော့ မဖြစ်သေး။ ကိုယ့်မှာက ပုရပိုက်အရေးတော်ပုံက ရှိနေသေးသည်။

အကြိတ်အနယ် ပြောဆိုပြီး ငြင်းလွှတ်ရသည်။ တစ်ဖက်က ဖုန်းချသွားမှ...သူလည်း 'ဟင်း'ခနဲ သက်ပြင်းချနိုင်တော့သည်။

ပြီး ....ချက်ချင်းဆိုသလိုပင် ဇာဇာ့ဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

"ဇာဇာလား"

"ဟုတ်ပါတယ်"

"ငါပါ"

တစ်ဖက်မှ အနည်းငယ်တွေဝေသွားပြီးမှ...

"ဘယ်သူလဲမသိဘူး"

ဖုန်းထဲမှ သူ့အသံကို ဇာဇာ ကျက်မိပုံမပေါ်။

"ငါပါ...နေမိုးပါ"

"သြော်...အေး...နေမိုး ...ပြော..."

"ငါ...နင့်ကို ပြောစရာရှိလို့"

"ပုရပိုက် ကိစ္စလား"

"အေး... ဟုတ်တယ်၊ ကိစ္စက ထင်သလောက် မလွယ်ဘူးနော်"

"အေး..ငါလည်း စဉ်းစားမိတယ်"

"သူတို့ကတော့ ကြည်ညိုလို့ မှီခိုတာ ဖြစ်မှာပေါ့ဟယ်၊ ငါ့မှာတော့ ကုံးကွတိုင်း ဖုံးသမျှပေါ်မှာ စိုးရတယ်...ဟား...ဟား"

"အခု...နင်က အဓိက အခက်အခဲတွေ့နေတာက ဘာလဲ"

"သူတို့ချင်း ဆက်ဆံပုံကို မသိဘူး၊ အို...အများကြီးပါပဲဟာ"

"ရည်ပြာ သိတန်သလောက် သိမှာပေါ့"

"ဩော်...အေး...အဲ့ဒါကိုလည်း မေးရဦးမယ်""ဘာလဲ"

"ရည်ပြာက ဘာအလုပ်လုပ်တာလဲ"

"ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်"

"ကိုသက်ပိုင် မရှိတော့ သူတစ်ယောက်တည်း နေတာလား"

"အိမ်ထိန်း အဖွားကြီးတစ်ယောက်ရှိတယ်"

"သူတို့က ဘယ်မှာနေတာလဲ"

"တတိယထပ်မှာဟဲ့"

ထို့နောက် လိပ်စာကို အတိအကျပြောပြသည်။

"ဖုန်းရောရှိလား"

"ရှိတယ်"

ဖုန်းနံပါတ်ကိုပါဆက်ပြောပြသည်။ နေမိုးက...

"အေး...အေး...ဒါဖြင့် ငါ ဖုန်းချလိုက်မယ်...သိလား။ သူ့ဆီကို လှမ်းဆက်လိုက်ဦးမယ်"

"အေး...အေး... နေဦး.... သူ့ရုံးဖုန်းပါယူထား၊ ငါထပ်ပြောပြမယ်၊ ဒါပေမယ့် ဒီအချိန် သူအိမ်မှာပဲ ရှိမှာပါ"

"ကောင်းပြီလေ"

ဝတ်ရည်ပြာဆီ အိမ်ဖုန်းကိုပဲ အရင်ဆက်လိုက်သည်။ တစ်ဖက်မှ...

"ဟယ်လို...အမိန့်ရှိပါရှင်"

ဝတ်ရည်ပြာ၏ အသံဖြစ်၍ ကံကောင်းသည်ဟု ဆိုနိုင်သည်။

"ညီမလေးလား"

"ဘယ်သူလဲ"

"ကိုကိုပါ"

တစ်ဖက်မှ စူအောင့်အောင့် အသံကိုကြားရ၏။

"နေမိုးနော်...နင် အသားယူမနေနဲ့"

"ဟဲ..ဟဲ...နင်နဲ့ ဆွေးနွေးစရာလေးတွေ ရှိလို့ပါဟ"

"ဘာလဲ"

"နင်တို့ ကိစ္စကြီးက ဘယ်တော့ပြီးမှာလဲ၊ လောလောဆယ် ငါက အလုပ်တွေရပ်ထားရတယ်"

သက်ပြင်းချသံသဲ့သဲ့ကိုကြားရ၏။

"ကြည့်စီစဉ်ကြတာပေါ့ဟာ၊ ငါလည်း နင့်လိုပါပဲ"

"ငါ့ကို နည်းနည်းပြောပြထားဦးဟ၊ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံပုံကို""ဘယ်သူတို့နှစ်ယောက်ရဲ့ဆက်ဆံပုံလဲ"

"ကိုသက်ပိုင်နဲ့ ပုရပိုက်လေ"

"ရှိုးရှိုးပါပဲ"

"အာ....မနေ့ကပြန်ခါနီး ကဗျာရွတ်တာမျိုးဆို ငါမှမသိဘဲ"

"သြော်... အဲ့ဒီတစ်ခုပါပဲ"

"ကဗျာကပါ... ပြောင်းလဲတယ်ဆိုတာဘာလဲ"

"သြော်....အဲ့ဒါက ကိုကိုက ပုရပိုက်ကို ရိုးရိုးကဗျာတွေပဲ ရွတ်ပြတာ။ ကာရန်နဲ့ ရေးတဲ့ ကဗျာတွေပေါ့၊ မနေ့က နင်က မော်ဒန်ကဗျာ ရွတ်ပြတာကိုး"

"ဒီလိုကိုး"

"ဒါပါပဲ၊ ဒီလောက်ပါပဲ"

"ဟို...ပီယာနိုကြီးကကော တီးပြရလေ့ရှိသလား"

"မရှိပါဘူး၊ ကိုကိုဆုံးသွားတော့ ကိုကို အမှတ်တရဆိုပြီး သူဝယ်ထားတာ"

"နင့်အစ်ကိုက စန္ဒရား ကျွမ်းကျင်သူလား"

"ဒီလောက်မဟုတ်ပါဘူး၊ သူက တေးရေးဆရာဖြစ်ချင်တာ"

"ဩော်...အဲ့ဒီလောက်ကတော့ ငါလည်းရတယ်၊ ဒါပေမယ့် စန္ဒရားကြီး တီးပြခိုင်းမယ်ဆိုရင်တော့ အခက်ပဲ"

"အဲ့ဒီတော့လည်း ကြည့်ကျက်လွဲလိုက်ပေါ့ဟယ်၊ နောက်ပြီး နင်တို့ ဘေးမှာ တစ်ယောက်ယောက်က အမြဲ ရှိနေမှာပါ"

"ငါ့ကို စိတ်မချလို့ပေါ့လေ"

"အဲ့ဒီလို မဟုတ်ပါဘူး၊ နင့်ကို ကူညီဖို့ပါ"

"အဲ့ဒါဆိုလည်း အဓိက နင်ရှိစေချင်တယ်"

"ဘာဖြစ်လို့"

"ထားလိုက်ပါဟာ...ငါ...နင်တို့အိမ်ကို တစ်ခေါက်လောက်လာခဲ့ဦးမယ်၊ နင့်အစ်ကိုရဲ့ခါတ်ပုံတွေ၊ ဝတ်စားဆင်ယင်ပုံတွေ လာလေ့လာမလို့"

"ဇာဇော့ကိုပါ ခေါ်လာခဲ့လေ"

"အေး...လာမယ်ဆို ဖုန်းကြိုဆက်လိုက်မယ်"

ထိုသို့ဖြင့် နှစ်ဦးသား ဖုန်းစကားပြောခန်း ပြီးသွားသည်။

ထိုရက်ပိုင်းများအတွင်းတွင် နေမိုး ဘယ်ကိုမှ မသွားဖြစ်။ အလုပ်ကိုလည်း မသွား၊ ပုရပိုက်ဆီလည်း မရောက်။ ဘာအကြောင်းမှ မရှိဘဲ အိမ်တွင်းအောင်းနေသည်။

မြင့်ဇော်ကတော့ မကြာခဏရောက်လာသည်။ ရောက်လာတိုင်းလည်း...

"ချစ်တယ် ဇာရယ်"ကြာတော့ နားကြားပြင်းကပ်လာသည်။

"ဟော့ကောင် ...မညည်းနဲ့ကွာ"

"ညည်းတာမဟုတ်ဘူး၊ ရင်ဖွင့်တာကွ"

"ငါ့မှာလည်း ရည်းစားမရှိဘူး၊ မင်းလို မညည်းဘူး"

"မင်းဘာပဲ ပြောပြော ငါကတော့ ဇာ့ကိုချစ်တယ်ကွာ"

"မင်း..အရင် ရည်းစားတွေကကော"

မြင့်ဇော်က ရည်းစားများသူဖြစ်၏။

"ငယ်ကချစ်...အနှစ်တစ်သောင်း မမေ့ကောင်းဆို"

"ဇာနဲ့တွေ့မှပဲ....အနှစ်တစ်သောင်းဆိုတာ ဘာမှ မကြာမှန်း ငါသိလိုက်တယ်"

"ငယ်ချစ်တွေကို မေ့သွားပြီပေါ့"

"ဒါပေါ့"

"ခွေးကောင်"

မြင့်ဇော်က တဟဲဟဲ ရယ်ရင်း ဆက်ပြောသည်။

"ဇာ့ကိုတွေ့ရတာ မူးမြစ်ကို ဖြတ်ကူးရသလိုပဲ"

"ဘာဖြစ်လို့လဲ"

"မူးယစ်ရီဝေသွားလို့"

"အဟင်း...ဟင်း..ဒါမျိုးကျတော့ စကားက တော်တော်တတ်နေတယ်..ဟုတ်လား"

ထိုအခိုက်မှာ ဖုန်းလာသည်။

မြင့်ဇော်က ကောက်ကိုင်သည်။ ထို့နောက်...

"သြော်...ဟုတ်ကဲ့...ရှိတယ်"

သူ့ဆီကို ဖုန်းထိုးပေး၏။

"မင်းဖုန်း"

"ဘယ်သူလဲ"

"မင်း ညီမလေး"

ပထမတော့ ကြောင်အမ်းအမ်း ဖြစ်သွားသေးသည်။ ပြီးမှ ဖုန်းခွက်ကို ကပျာကယာ ကမ်းယူရင်း...

"ညီမလေးလား"

"................"

"ဘာ...ပုရပိုက်က ငါ့ဆီ လာမလို့"

"................."

"နင်ပါတယ် ဆိုတော့ တော်သေးတာပေါ့"

"..............."

"ဘာ...ငါနဲ့ မတွေ့ရလို့ ဆိုပြီး ငိုနေသေးတယ်"

"................"

"အေး... ပြဿနာကတော့လာပြီ၊ အေးအေး...ငါ ရုပ်ဖျက်ထားနှင့်မယ်"

"................"

"အေးပါ...ဒါပဲနော်"

ဖုန်းချအပြီးမှ သက်ပြင်းရှည်ကြီး ချဖြစ်၏။ မြင့်ဇော်ကို...

"ကဲ...မင်းကြားတဲ့ အတိုင်းပဲကွာ""ဝတ်ရည်ပြာနဲ့ ပုရပိုက် မင်းဆီ လာကြမယ်ပေါ့"

"အင်း..ခဏကြာရင် ရောက်လာကြတော့မယ်"

"ဇာ...မပါဘူးလား"

"လဲသေလိုက်"

သက်ပိုင် ရုပ်ဖျက်ရပြန်သည်။ အမှန်တော့ ရုပ်ဖျက်သည် ဆိုသော စကားလုံးသည် သိပ်မဆီလျော်။ ရုပ်ပြောင်း ရုပ်လွှဲလုပ်သည်ဟုသာ ဆိုရမည်။ ထိုစဉ်မှာ ဖုန်းထပ်ဝင်လာပြန်သည်။ သူက အတွင်းခန်းထဲ ရောက်နေသဖြင့် မြင့်ဇော်ကပဲ ဖုန်းကိုင်သည်။

"ဟုတ်ကဲ့ ..ဟုတ်ကဲ့" နှင့် ဘာတွေ ပြောခဲ့မှန်းတော့ မသိ။ နေမိုး ပြန်ထွက်လာမှ...

"ဟော့ကောင်...မင်းညီမလေးဆီကပဲ"

"ရည်ပြာလား...ဘာဖြစ်ပြန်ပြီလဲ"

"ရောက်တော့မယ်...လမ်းတစ်ဝက်ရောက်နေပြီတဲ့"

"အင်း"

"သူ့အစ်ကိုနဲ့ ပုရပိုက်နဲ့ စတွေ့ပုံကို ပြောပြတာ။ တော်ကြာ ပုရပိုက်က ပြန် စ လာရင် မင်း အကြပ်ရိုက်မှာစိုးလို့တဲ့။ ပုရပိုက်ကို ကားထဲမှာ ခဏထားပြီး လမ်းဘေးက သူဆက်တာတဲ့"

"ဒီလိုတော့လည်း ငါ့ညီမလေးက တော်သားပဲ၊ ဆိုစမ်းပါဦး၊ ဘယ်လို တဲ့လဲ"

"သူတို့ စတွေ့တာက လော့ကား တိရစ္ဆာန်ဥယျာဉ်မှာတဲ့"

"အင်း"

"ပုရပိုက်က သူ့ရှေ့ကနေ မြွေကြီးဖြတ်သွားတာကို တွေ့တော့ သတိလစ်သွားတယ်တဲ့"

"တော်တော် သတိလစ်တတ်တဲ့ အမျိုးပဲ။ သူ့အမေကြီးလည်း ငါ့ကိုတွေ့တော့ အဲ့ဒီအတိုင်းပဲ"

"အဲ့ဒီမှာ ကိုသက်ပိုင်က ကူညီပြုစုပေးရင်း သံယောဇဉ် ဖြစ်ခဲ့ကြတာတဲ့"

"မြန်လိုက်ကြတာ"

"ဒီခေတ်မှာ ဒီလိုပဲ ဟော့ကောင်၊ ငါနဲ့ဇာဇာလည်း..."

"တော်စမ်းပါကွာ"

ခဏအကြာမှာ ပုရပိုက်နဲ့ ဝတ်ရည်ပြာ ရောက်လာကြသည်။ ပုရပိုက်က သူ့ကို မြင်မြင်ချင်း... "အီး...ဟီး....ဟီး"

သူ့ရင်ဘတ်ကို လက်သီးဆုပ်ကလေးများနှင့် ထုရင်း ထုရင်း ငိုလေသည်။

"အား...ချစ်သူ...ချစ်သူ"

"ကိုသက်...အရမ်းစိမ်းတာပဲ"

"ဟို...မဟုတ်ပါဘူး...ချစ်သူရဲ့"

"ဘာမဟုတ်တာလဲ....ဘာမဟုတ်တာလဲ"

"ဘာဖြစ်လို့ အိမ်မလာတာလဲ"

"အလုပ်ကလေးတွေ ရှိနေလို့ပါ"

ထိုသို့ပြောရင်း သူမကိုလည်း အတင်း တွန်းထားရ၏။ ဒင်းကလေး လူကို ကိုင်ဆောင့်နေပုံက ဆံပင်တု ကျွတ်ကျနိုင်သောကြောင့်ဖြစ်သည်။

"ကဲ...ကဲ...ထိုင်ပါဦး ချစ်သူရယ်၊ မျက်ရည်တွေ သုတ်လိုက်ပါဦး"

ထိုအခါကျမှ ခုံမှာ ဆောင့်ကြီးအောင့်ကြီး ဝင်ထိုင်သည်။ ပြီး...

"ဒီနေ့ ဘာအလုပ်ရှိရှိ ချစ်သူက အချိန်ပေးရမယ်"

"ပေးပါ့မယ်ဗျာ"

"မေးစရာ စစ်စရာ ရှိသေးတယ်"

"မေး...ဘာမေးမလို့လဲ"

လော့ကား ဥယျာဉ်အကြောင်းမေးမည်ထင်သော်လည်း မဟုတ်။

"ကိုသက်က ဘာလို့ ရည်ပြာတို့နဲ့ အတူမနေတာလဲ"

အငိုက်မိစေသော မေးခွန်းဖြစ်သည်။ ရည်ပြာက ဘယ်လိုပြောထားမှန်းမသိ။ ထို့ကြောင့် ဖြတ်ထိုးဉာဏ်ဖြင့်ရည်ပြာ့ကို အဓိပ္ပါယ်ပါပါ လှမ်းကြည့်ရင်း...

"ညီမလေးက ပြောပြမထားဘူးလား"

"ပြောပြထားပါတယ်ကိုကိုရဲ့၊ ကိုကို့မှာ အလုပ်ကလေးတွေ မပြတ်သေးလို့ လွတ်လွတ်လပ်လပ် တစ်ယောက်တည်း သွားနေတာလို့၊ သီချင်းတွေလည်း ရေးမလို့...လို့"

"ကိုသက် လှော်ကား ဥယျာဉ်ကို မှတ်မိသေးလား"

"အိုး...မှတ်မိတာပေါ့၊ ဘာလို့ မမှတ်မိရမှာလဲ"

"အဲ့ဒီတုန်းက ချစ်သူရဲ့ ရှေ့ကို ဖြတ်သွားတဲ့ မြွေကြီးဟာလေ"

"အင်း"

"ကိုသက်ပြောတာ...ဘာမြွေ"

"အဲ...."

ဒုက္ခတော့တွေ့ပြီ။ဝတ်ရည်ပြာကို ဝေ့ကြည့်တော့ သူမက မသိမသာ မီးချောင်းကို လက်ညှိုးထိုးပြ၏။

နေမိုး နားမလည်ချေ။

"ပြောလေ ... ကိုသက်"

"ဟို...အဟဲ....မီးချောင်းမြွေများလား မသိဘူး"

"ဟင်... ကိုသက်ကလည်း"

ဝတ်ရည်ပြာက ဝင်ပြောသည်။

"နင့်ကို ကိုကိုက နောက်နေတာ မိပိုက်ရဲ့၊ လင်းမြွေလို့ ပြောနေတာ"

ထိုအခါကျမှ ပုရပိုက် ဘဝင်ကျသွားသည်။

"အဲ့ဒါလေ ...ကိုသက်"

"အင်း..."

"အဲ့ဒီမြွေကြီးကို အခုမြင်ရင် မှတ်မိဦးမလားဟင် ကိုသက်"

"အား...ချစ်သူကလည်း တောက်တီးတောက်တဲ့"

ပုရပိုက်က ကလေးငယ်တစ်ဦးလို တခစ်ခစ် ရယ်သည်။ ပြီး...

"တကယ်တော့ ...အဲ့ဒီမြွေကြီးက ချစ်သူတို့ရဲ့ ဖူးစာရှင်နော်"

"ဒါပေါ့"

"ကိုသက်...ဒီနေ့လေ"

"အင်း..."

" ချစ်သူကိုလေ..."

"အင်း..."

"လိုက်ပို့ပေး"

"လှော်ကားဥယျာဉ်ကိုလား..."

"ဟင့်အင်း... ရုပ်ရှင်ရုံကို"

တလွဲတွေချည်းပါပဲလားဟ။

"အင်း...ပို့ပေးမှာပေါ့"

"ဒါမှ... တို့ကိုသက်ကွ"

သူ့ကိုသက်ကဖြင့် ဘယ်ဘဝရောက်နေပြီလဲမသိ။ ကိုယ့်မှာက တစ်ဒုက္ခ....။

"ကိုသက်"

"ဟင်"

"ကိုသက်ပဲ ကားမောင်းပို့ရမှာနော်"

"ဟာ...ကိုသက်မှ ကားမမောင်းတတ်တာ"

"ဟင်... အရင်က မောင်းတတ်ပါတယ်""မေ့....မေ့သွားပြီ"

ဝတ်ရည်ပြာက ဝင်ကူရပြန်သည်။

"မမောင်းတာကြာတော့ မရဲတော့ဘူးပေါ့ မိပိုက်ရယ်၊ နောက်ပြီး ယာဉ်ကြောတွေလည်း မကျွမ်းသေးဘူး၊ ကိုယ်ပဲ မောင်းပို့ပေးပါ့မယ်"

ထိုစဉ်မှာပဲ လွယ်အိတ်ကိုယ်စီ လွယ်ထားသော လူနှစ်ယောက် တိုက်ခန်းဝ သို့ ရောက်လာသည်။

"ကိုနေမိုး ရှိပါသလား ခင်ဗျာ"

ယောင်ပြီး...

"ဟုတ်ကဲ့... ရှိပါတယ်"

နောက်မှ...

"သြော်...အဲ... မရှိဘူးခင်ဗျ၊ မနက် အစောကြီးကတည်းက ထွက်သွားတယ်"

"ဘယ်တော့လောက် ပြန်လာမလဲခင်ဗျ"

"သုံးလေး ရက် ကြာမယ် ပြောတယ်"

"ဟုတ်ကဲ့....ဝင်းဌေးကုမ္ပဏီက လာသွားတယ် လို့ ပြောပေးပါ"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ရုပ်ရှင်ကုမ္ပဏီမှ လူများ ဖြစ်၏။

သူတို့ ပြန်ထွက်သွားမှ "ဟူး" ခနဲ လေပူကြီး မှုတ်ထုတ်ရသည်။ ဝတ်ရည်ပြာက နားလည်သလို ကြည့်၏။ မြင့်ဇော်က တစ်ဖက်လှည့်၍ ပြုံးနေသည်။ ပုရပိုက်က...

"ကိုသက်"

"အင်း...ပြော"

"အဲ့ဒီ ကိုနေမိုး ဆိုတဲ့လူက ဘယ်သူလဲ"

"သြော်...ကိုယ့်သူငယ်ချင်းပါ၊ သူက ကိုယ်နဲ့အတူ ဒီမှာနေတာ"

"သူက ဘာလုပ်တာလဲ"

"ကဗျာရူး...စာရူးပါကွာ"

မြင့်ဇော်က စကား ဝင်ဖြတ်ပေးသည်။

"သက်ပိုင်"

"အင်း"

"ရုပ်ရှင် သွားရင် သွားကြတော့လေ၊ နောက်ကျနေဦးမယ်"

"မင်း မလိုက်ဘူးလား"

"ငါ...ဒီမှာပဲ စာဖတ်နေမယ်"

"အေး..ဒါဖြင့် တို့သွားတော့မယ်"

ရုပ်ရှင်ရုံထဲမှာ သူနှင့် ပုရပိုက်တို့ အသားချင်းထိအောင် မထိုင်ကြပါ။ ပုရပိုက်၏ ကိုယ်သင်းရနံ့လေးက မွှေးလဲ့ထုံယစ်နေ၏။ အိမ်ပြန်ပို့တော့ ထုံးစံအတိုင်းဟု ဆိုကာ ကဗျာ ရွတ်ပြခိုင်းသေးသည်။ ကာရန်နှင့်ပေါ့။

*********************************

## အဆွေးသမားကြီး

*ချစ်လျက်နှင့် ဝေးရတယ်*

*ကံကြမ္မာရယ် ဖိစီး*

*အခန်းထောင့်မှာ တစ်ယောက်တည်းထိုင်လို့*

*မျက်ရည်ပိုင် အဖော်မဲ့တယ်*

*(ဟိုတုန်းက....)*

*ပျော်ခဲ့သူကြီး*

*********************************

(၆)

ပုရပိုက်က ထုံးစံအတိုင်း တွတ်တီးတွတ်တာ စကားဆိုနေသည်။

"ကိုသက်"

"အင်း"

"ဂဏန်းတွေကလေ"

"အင်း"

"ဘာကြောင့် ဘေးတိုက်သွားတာလဲ"

"အဲ"

"ပြီးတော့ ရှိသေးတယ်"

"အင်း"

"ခွေးတွေကလေ"

"အင်း"

"ပါးစပ်ဟပြီး လျှာကြီးတစ်လစ် ထုတ်ထားတာ"

"အင်း"

"အဲ့ဒါ ဘာအရသာရှိလို့လဲ"

"ဗုဒ္ဓေါ"

"ဖြေလေ ကိုသက်ရဲ့"

"သြော်... စတိုင်ပေါ့ ချစ်သူရယ်၊ သူတို့စတိုင်နဲ့ သူတို့ပေါ့"

"ကိုသက်"

"ဟင်..."

"ကိုသက်နဲ့ ကွဲသွားပြီးတော့လေ"

"အင်း..."

"ချစ်သူ ရှူးသွားသေးတယ်"

"အယ်"

လန့်သွားမိသည်။ နံဘေးမှ ဒေါ်စိန်ငွေကို လှမ်းကြည့်လိုက်တော့ သူမက မသိချင်ယောင်ဆောင်နေသည်။

"ဘယ်လို ရှူးတာလဲ"

"ည…ညဆို အိပ်မပျော်တော့ဘူး၊ ညအိပ်ရာဝင်ချိန်ကစပြီး မိုးလင်းတဲ့အထိ အိပ်မပျော်တာ၊ ဟိုဘက်လှိမ့်လိုက်၊ ဒီဘက်လှိမ့်လိုက်နဲ့ အရမ်း ငိုချင်တာပဲ၊ တစ်မှေးလောက် အိပ်ပျော်သွားတယ် ဆိုရင်လည်း အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးတယ်"

"အင်း"

"နားထဲမှာလည်း ကြော်ငြာသီချင်းသံတွေ ကြားနေရတယ်"

"အင်း"

"မကြားချင်လို့လည်း မရဘူး၊ သူ့ဖာသာ ကြားနေတာ၊ ခေါက်တုန့်ခေါက်ပြန်ကိုကြားနေရတာ၊ ကြောင်စီစီကြီးကို ဖြစ်လို့"

"အင်း"

"စိတ်ထဲမှာညှိုးပြီး အားငယ်နေတယ်၊ အလိုလိုနေရင်း ကြောက်ကြောက်နေတယ်၊ ဘယ်သူနဲ့မှလည်း မတွေ့ချင်ဘူး၊ တစ်ယောက်တည်းပဲ နေချင်နေတယ်"

"အင်း"

"ဆေးတွေကြောင့် နည်းနည်း ခံသာနေတာ"

"အင်း" သူမဖြစ်သော ရောဂါက ဒီပရက်ရှင်ဟုခေါ်သော စိတ်ကျရောဂါဖြစ်လိမ့်မည်။ အလွန်ကြောက်စရာ ကောင်းသည်။

"အခုကော"

သူမ၏ မျက်နှာကလေးကို ဂရုဏာသက်စွာ ငေးကြည့်ရင်း မေးဖြစ်သည်။ သူမက သူ့ကိုကြည့်ရင်း ချိုလှဲ့စွာ ပြုံး၏။

"ကိုသက်နဲ့ ပြန်ဆုံရတော့ အဲ့ဒီရောဂါ လက္ခဏာတွေ မရှိတော့ဘူး၊ အဲ့ဒါကြောင့် ကိုသက်ကို အရမ်းကျေးဇူးတင်တာပဲ"

နေမိုး သက်ပြင်းချမိသည်။ ပြဿနာကား တိမ်မယောင်နှင့် နက်ချေပြီ။

"ကိုသက်"

"ဟင်"

"နောက်နေ့ကစပြီး ကိုသက် ထမင်းကို ချိုင့်ဆွဲမစားနဲ့တော့၊ ချစ်သူချက်ပြီး… လာ..လာ ပို့ပေးမယ်"

"အာ... မလုပ်ပါနဲ့၊ ဒုက္ခရှာလို့"

"ဘာမှ အပမ်းမကြီးဘူး၊ ကိုသက် သူငယ်ချင်း ပြန်လာရင်လည်း သူ့အတွက်ပါ ထည့်ပေးမယ်"

"ဘယ် သူငယ်ချင်းလဲ"

"ဟို...ကိုနေမိုးဆိုတဲ့လူလေ"

"အဲ"

"သူက ပြန်မလာသေးဘူးလား"

"အာ...ဒီကောင်က ခြေသလုံးအိမ်တိုင် လျှောက်သွားနေတာ၊ ပြန်လာချင်မှတောင် ပြန်လာတာ"

"ဟုတ်လား၊ သူပြန်လာလို့ရှိရင်လေ"

"အင်း"

"ချစ်သူနဲ့ မိတ်ဆက်ပေး"

"ဘာရယ်"

"ချစ်သူနဲ့ အဲ့ဒီကိုနေမိုးဆိုတဲ့လူကြီးကို မိတ်ဆက်ပေးထားဦးလို့"

ငိုချင်စိတ်ပေါက်သွားသည်။

"ကိုသက်နဲ့ အတူနေတဲ့ သူငယ်ချင်းဆိုတော့ ချစ်သူနဲ့လည်း သိထားသင့်တာပေါ့၊ မဟုတ်ဘူးလား"

"အင်း...အဲ...ဟုတ်...ဟုတ်ပါတယ်"

"အဲ့ဒီလူကြီးက ဘယ်အရွယ်ရှိပြီးလဲ"

"ရွယ်...ရွယ်တူပါပဲ"

"သဘောကောင်းလား"

"ကောင်းပါတယ်"

"သူ့မှာကော ရည်းစားတွေဘာတွေ မရှိဘူးလား" "ရှိ...ရှိပါတယ်"

"နာမည် ဘယ်လိုခေါ်သလဲ"

"အမိနာ"

"ဘယ်သူ"

"အမီနာ"

"လှလား"

"လှပါတယ်"

"ဘယ်...ကုမ္ပဏီမှာလုပ်လဲ"

"ကွမ်းယာရောင်းတယ်"

"ဒါဆို...သူကတော့ ဆိုင်မှာရှိတာပေါ့"

"အင်း...ရှိမှာပေါ့"

"သူနဲ့လည်း ချစ်သူကို မိတ်ဆက်ပေး"

ကိုယ့်ရှူးကိုယ်ပတ်ပြန်ပြီ၊ ထပ်ငိုချင်ရပြန်သည်။

တော်ပါသေး၏။ ဒင်းကလေးက စကားလမ်းကြောင်း ပြောင်းသွားသည်။

"ကိုသက်နဲ့ ဝေးနေရတဲ့ အချိန်တွေမှာလေ...သိလား"

"အင်း..."

"ချစ်သူ ဘယ်ကိုမှ မထွက်ဘူး၊ အိမ်ထဲမှာပဲ အောင်းနေတယ်"

"ပျင်းစရာကြီး"

"ကိုသက်မှ မရှိတာ၊ မပျင်းပါဘူး၊ အရူးဖြစ်နေတာ"

"အေးပါကွယ်၊ နောက် မဖြစ်စေရတော့ပါဘူး"

"တကယ်နော်"

"တကယ်ပါကွယ်"

ပြောသာပြောရသည်။ အားက မရှိ။ (အရပ်ကတို့ပဲ စဉ်းစားကြည့်လေ။)

"ကိုသက်"

"ဟင်"

"ရယ်စရာပြောပြကွာ"

"ရယ်စရာ"

"အင်း...ဟာသတစ်ခုခုပေါ့"

အရင်က ပြောပြဘူးသလား မသိ။ ရှိပါစေတော့။

"အင်း...ပြောပြမယ်"

"ပြော..." "မြွေမနှစ်ကောင် စကားပြောကြတယ်တဲ့"

"အင်း..."

"မြွေမတစ်ကောင်က မေးတယ်တဲ့"

"အင်း"

"ငါတို့မြွေတွေမှာ အဆိပ်ရှိတယ်ဆိုတာ ဟုတ်သလားတဲ့"

"အင်း"

"ကျန်တဲ့မြွေမက ပြန်ဖြေတယ်၊ ရှိတယ် တဲ့"

"အင်း"

"တို့ကိုက်ရင် သေတယ်ဆိုတာ ဟုတ်သလားတဲ့"

"အင်း"

"ဟုတ်တယ်တဲ့"

"မေးမိတဲ့ မြွေမ စိတ်ညစ်သွားတယ်...ဟာ...ဒါဖြင့် ဒုက္ခပဲတဲ့"

"ဘာဖြစ်လို့လဲ"

"သူက ဆက်ပြောတယ်၊ ခုနကပဲ ငါ့လျှာကို ငါ ပြန်ကိုက်လိုက်မိတယ်တဲ့"

"ဟောတော့"

သူကလေး ...ကိုယ်ကလေး သိမ့်သိမ့်ခါသည်အထိ ရယ်သည်။ ထို့နောက်...

"နောက်ထပ်ဟာသတွေ ရှိသေးလား"

"ရှိသေးတယ်"

"ပြောပြဦး"

တစ်ပုဒ်ပြီးတစ်ပုဒ် ပြောပြနေရသည်။ သူမက တခစ်ခစ် ရယ်သည်။ တစ်ချက်တစ်ချက်မှာ ဒေါ်စိန်ငွေကပါ ဝင်..ဝင်ရယ်သည်။ နောက်ကျတော့ နာရီကြည့်ပြီး သူနှုတ်ဆက်ရသည်။

"ချစ်သူ...ကိုယ်ပြန်လိုက်ဦးမယ်"

"ဒါဆို...ထုံးစံအတိုင်း"

အင်း..ကဗျာရွတ်ပြသွားဦးမယ်။ "ဒီလိုပုံနဲ့ မိုးကြီးချုပ်ရင်တဲ့"

သံနေသံထားနှင့် ရွတ်ပြရသည်။

*ကျောင်းကားကြီးအလာ*
*လမ်းထိပ်မှာ သူရှိ*
*ကျွန်တော်လေ ကော်ဖီသောက်ရင်း*
*မေးထောက်ကာကြည့်။*

*ကျောင်းကားကြီး နောက်ဖက်မှာ*
*သူထိုင်ရာခုံရှိ*
*ကျွန်တော်က လှမ်းအငေးမှာ*
*ဘေးတိုက်မြင်သိ။*

*ကျောင်းကားကြီး ထွက်အခွာ*
*ထိုင်ခုံမှာသူရှိ*
*ကားကြီးက ဖြည်းဖြည်းခွာလို့*
*ဝေး...ဝေးကာ မမြင်ရလေမှ*
*ရွှင်ပျသူ အချိန်တန်တဲ့*
*အိမ်အပြန် ခြေအလှမ်းရယ်*
*နွမ်း တရိရိ။ ။*

သူကဗျာရွတ်တာကို သူမက ငေးကြည့်နေသည်။ ဒေါ်စိန်ငွေကြီးကပါ ငေးကြည့်နေသည်။

(ဒီကောင် ဘာကောင်ပါလိမ့်ဆိုသော မျက်နှာမျိုးနှင့်)

"ကိုသက်ရဲ့ကဗျာတွေက ပြောင်းလဲသွားတယ်နော်"

ဟင်...လုပ်ပြန်ပြီ။

"ဘာပြောင်းလဲလို့လဲ"

"ဟိုတုန်းကရွတ်ပြတာက လေးလုံးစပ်တွေ၊ ခုဟာက အချိုးတွေ"

"သြော်…ဒီလောက်တော့ရှိမှာပေါ့"

သူတို့က ကားနှင့် ပြန်ပို့ပေးမည် ဆိုသော်လည်း ငြင်းပြီး ကိုယ့်ဖာသာကိုယ် ပြန်လာခဲ့သည်။ အပြန်လမ်းတွင် စိတ်မအီမသာ။ ကိုယ့်လျှာကိုယ်ပြန်ကိုက်မိသော မြွေမလို ခံစားနေရသည်။

အိမ်ပြန်ရောက်ပြီး မကြာမီ မြင့်ဇော်က ဇာဇော့နာမည် ရွတ်ပြီး ဝင်လာသည်။

"အင်း…မင်းအလုပ်နားနေရတာ ငါတော့ ဒုက္ခပဲ"

"ဟ…ငါ…မင်းဆီကိုလာနေတော့ မင်း အပျင်းပြေတာပေါ့ကွာ"

"မင်းသာလာ..ဇာဇော့ကို ခေါ်မလာနဲ့ကွာ"

"ချစ်ခြင်း မေတ္တာဆိုတာ ပစ်ပယ်လို့ ကောင်းတဲ့ အရာ မဟုတ်ပါဘူးကွာ"

သူက ဘာမှ ပြန်မပြော။ မြင့်ဇော်က မကျေမနပ် ဆက်ပြောသည်။

"မင်း စဉ်းစားကြည့်၊ လူ့ဘဝဆိုတာ တကယ်တော့ ဘာမှ မဟုတ်ဘူး၊ မွေးလာတယ်၊ ရှာဖွေစားသောက်တယ်၊ ပြီး…သေသွားတယ်၊ ဒါပဲ…အဲ့ဒီမှာ ချစ်ခြင်းမေတ္တာဆိုတဲ့အရာက ကြားဝင်ထားလို့ နေပျော်နေတာ၊ နို့မို့ဆို ဘာအဓိပ္ပါယ်မှ မရှိဘူး၊ ကဲ…မင်းကို ငါ မေးပါဦးမယ်""ဘာလဲ"

"ခု…မင်း…ပုရပိုက်ကို ချစ်စိတ် မဝင်မိဘူးလား"

"… ....... ......."

"ဖြေလေ…မင်း ပုရပိုက်ကို မချစ်မိဘူးလား"

"မင်းမေးတာကို ငါ မကြားဘူးလို့ပဲ သဘောထားလိုက်"

"အေး…ငါကလည်း မမေးမိဘူးလို့ပဲ သဘောထားပါတော့မယ်"

နှစ်ဦးသား ငြိမ်သက်သွားကြသည်။

ထိုစဉ်မှာပင်…

"ကရင်…ဂရင်…ဂလင်"

ဖုန်းသံမြည်လာသည်။ နေမိုး ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ကိုသက်လား"

"ဟင်…ချစ်သူလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ ချစ်သူ"

"ဘာမှ မဖြစ်ပါဘူး၊ ကိုသက်ပြန်ရောက်ပြီလားလို့"

"ဩော်...စောစောကပဲ ပြန်ရောက်တယ်"

"ကိုသက်...ခု ဘာလုပ်နေလဲ"

ညာပြောလိုက်သည်။

"ထမင်းစားနေတယ်"

"အို...စား...စား...ဒါဖြင့် ဒါပဲနော်"

"အင်း...အင်း"

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

သူ ကုလားထိုင်မှာ စိတ်မောလူမောဖြင့် ဝင်ထိုင်တာတွေ့တော့ မြင့်ဇော်က... ဓာတ်သံဖြင့်...

"ခင်ထွေးရယ်....ရင်လေးတယ်....ခင်ထွေးရယ်..." ဟု သီချင်း အော်ဆိုသည်။

ထို့နောက် လုပ်လာပြန်သည်။

"ဒီမယ် ဇာဇာ"

"ရှင်"

"ဟင်"

နှစ်ယောက်စလုံး လန့်သွားကြသည်။ ဇာဇာက အမှန်တကယ် အခန်းဝ ရောက်နေသည်။ သူမတစ်ယောက်တည်း တော့ မဟုတ်။ ဝတ်ရည်ပြာပါ ပါသည်။

နေမိုး ဝမ်းသာသွားသည်။ ငေါက်ခနဲ ထရပ်ရင်း...

"လာ...လာ...နင်တို့ ရောက်လာတာ အတော်ပဲ"

"ဘာဖြစ်လို့လဲ"

"ပြောပြစရာတွေ တိုင်ပင်စရာတွေ အများကြီးပဲ"

ထို့နောက် လေးဦးသား ပုရပိုက်နှင့် ပတ်သက်၍ဆွေးနွေးကြ၏။ သူမတို့လည်း မကြံတတ်အောင် ဖြစ်ကြရသည်။

နေမိုးက...

“အဆိုးဆုံးအချက်က...” “ဘာလဲ”

“ခုလို လိမ်နေရတာကြီးကို ကိုယ်တိုင်က စိတ်မသန့်တဲ့ အဖြစ်ပဲ”

“အင်း...ဟုတ်တယ်”

အားလုံးက ခေါင်းညိတ်ကြသည်။ တစ်ယောက်တစ်ပေါက်အပြန်အလှန် ဆွေးနွေးနေကြဆဲမှာပင် ဖုန်းက ဝင်လာပြန်သည်။

“ကရင်...ကလင်...ဂလင်”

နေမိုး ဖုန်းကောက်ကိုင်လိုက်သည်။

“ဟဲလို”

“ကိုသက်”

ပုရပိုက်ထံမှ ဖုန်းပဲ ဖြစ်နေပြန်သည်။

“သြော်...အင်း....ပြော”

“ထမင်းစားပြီးသွားပြီလား”

“ပြီးသွားပြီ”

“စားလို့ကောင်းလား”

“ကောင်းပါတယ်”

“အခု...ဘာလုပ်နေလဲ”

“ဧည့်သည်တွေ ရောက်နေတယ်၊ သြော်...ဒီမှာ ညီမလေးလည်း ရောက်နေတယ်၊ သူနဲ့လည်း စကားပြောလိုက်ပါဦး”

ပြောပြီးပြီးချင်း ဝတ်ရည်ပြာ၏ လက်ထဲသို့ ဖုန်းခွက်ကို အတင်း ထိုးထည့်ပေးလိုက်သည်။

ငါ့လက်ကလွတ်...ဖွတ်။

“ဟဲလို...မိပိုက်လား”

“.. .... ......”

“အေး..ငါပါ...ရည်ပြာ”

ထို့နောက် သူတို့ချင်း စကားတွေ ပြောကြတော့၏။ မြင့်ဇော်က ဇာဇာ့ကိုငမ်းသည်။ သူကတော့ နံရံကိုပဲ

ငေးကြည့်နေမိသည်။

ဝတ်ရည်ပြာက ပုရပိုက်နှင့် အတော်ကြာစကားပြောပြီးမှ သူ့ဖက် လှည့်ကာ…

"ကိုကို…ဒီမှာ မိပိုက်က ပြောဦးမယ်တဲ့"

ဖုန်းကိုင်ရပြန်သည်။ ဘာမှလည်း မဟုတ်။

"ကိုသက်"

"ပြော..ချစ်သူ"

"ည…အိပ်တဲ့အခါကျရင်လေ"

"အင်း…"

"ချစ်သူကို အိပ်မက်..မက်နော်"

"အင်း…"

"ဒါပဲ…ဒါပဲ"

တစ်ဖက်မှ ဖုန်းချသွားသည်။ နေမိုးလည်း ဖုန်းခွက် ပြန်ချရင်း…. "ကိုင်း…ဘယ်လိုလုပ်ကြမလဲ"

မြင့်ဇော်က…

"ဒီလိုကွ"

"ဘယ်လိုလဲ"

"ပုရပိုက်ဖြစ်နေပုံက ပျောက်ဆုံးသွားတဲ့ အရာတစ်ခုပြီး သူအရမ်းလည်း မြတ်နိုးတဲ့ အရာတစ်ခု လက်ထဲ ပြန်ရောက်လာလို့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေတဲ့ပုံ"

"အင်း…ဒါတော့ဟုတ်ပါတယ်"

"မင်းကို မျက်စေ့အောက်က အပျောက်တောင် မခံနိုင်ဖြစ်နေတာ"

"အဲ့ဒါက ခက်တာ"

"ခုခေတ် မိန်းကလေးတွေဆီမှာ တွေ့ရခဲတဲ့ အချက်မျိုးပေါ့ကွာ"

"အောင်မာ…အောင်မာ၊ အဲ့ဒါက ဘာစကားလဲ"

ဝတ်ရည်ပြာနှင့် ဇာဇာတို့ မခံမရပ်နိုင် ဖြစ်ကြ၏။ သူက ရယ်မောရင်း…

"အဲဒီလို မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆိုလည်း မှတ်တမ်းတင်ထားလိုက်ပါ့မယ်ဗျာ"

အားလုံးရယ်ဖြစ်ကြ၏။ စိတ်လက်ပေါ့ပါးသွားကြသည်။

အချိန်အတော်လင့်မှ ဝတ်ရည်ပြာက...

"ကဲ...တို့လည်း ပြန်လိုက်ပါဦးမယ်"

မြင့်ဇော်က...

"ကျွန်တော်လိုက်ပို့ပါမယ်"

သူတို့အားလုံး ထွက်သွားကြတော့ နေမိုးတစ်ယောက်တည်း ကျန်ရစ်သည်။ အားအားလျားလျား မရှိလှပါ။ မချောကလေးအတွက် လေးလုံးစပ်ကဗျာ ဖွဲ့နေရသေးသည်။ ညဉ့်အတော်နောက်ကျမှ အိပ်ဖြစ်သည်။

မနက်ကို နောက်ကျပြီးမှ နိုးသည်။ ရေမိုးချိုးပြီး ရေချိုးခန်းထဲမှ ပြန်အထွက်...

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံကြားရသည်။

ဇာဇာ့အကြောင်း ကြားရဦးမည် ဟူသော အတွေးနှင့် တံခါးကို ဖွင့်အပေး....

"ဟင်..."

သူ...အံ့သြသွားသည်။

တံခါးဝမှာ ရပ်နေသည်က ပုရပိုက်။ သူမနောက်မှာ ဒေါ်စိန်ငွေက ထမင်းချိုင့်ကြီးဆွဲကာ ရပ်လျက်။

သူက ရုပ်မဖျက်ရသေး။ ရေချိုးပြီးကာစဖြစ်၍ အပေါ်အင်္ကျီပင် မပါ။

ပုရပိုက်က...

"ကိုသက် မရှိဘူးလား"

"ရှိတယ်လေ"

"သူနဲ့ တွေ့ချင်လို့""ဟာ...ဟင့်အင်း...ယောင်ပြောမိတာ...မရှိဘူးဗျ"

"ဘယ်သွားလဲ"

"မသိဘူးခင်ဗျ။ ကျွန်တော်ရောက်ကတည်းကတော့ မရှိဘူး"

"ဒီက အစ်ကိုက ကိုနေမိုးဆိုတာလား"

"ဟုတ်ပါတယ်"

"ခရီးထွက်နေတာဆို"

"ဟုတ်ကဲ့ ...ဒီမနက်ပဲ ပြန်ရောက်ပါတယ်"

စကားပြောရတာ လျှာထစ်နေသည်။ အသံဖျက်ပြောရ၍ဖြစ်သည်။

"ကျွန်မတို့ အထဲကို ခဏ ဝင်လာလို့ ရမလား"

"ဟာ...ရပါတယ်....ရပါတယ်...ဝင်ပါ"

သက်ပိုင်အဖြစ်ဟန်ဆောင်စဉ် ပင်ကိုယ်သံနှင့် ပြောခဲ့ခြင်းဖြစ်သည်။ ကိုယ့်ရုပ်နှင့်ကိုယ်ကျတော့ အသံဖျက်ပြောရသည်။ ဒီကောင်မလေးနှင့် ပတ်သက်မှ တစ်ခုပြီးတစ်ခု ပျက်နေရသည်။

"ထိုင်ကြဦး...ကျွန်တော် အင်္ကျီသွားဝတ်လိုက်ဦးမယ်"

အင်္ကျီဝတ်ပြီး ပြန်ထွက်လာတော့ သူမက သူ့ကို စူးစူးကြည့်နေသည်။

ကုလားထိုင်ပေါ် သူ နေသားတကျ ထိုင်ပြီးချိန်မှာ ပုရပိုက်က...

"ကိုနေမိုးက ရန်ကုန်ဇာတိပဲလား"

"မဟုတ်ဘူးဗျ၊ ကျုံမငေးက"

"ကိုနေမိုးကို ကျွန်မ မြင်ဘူးသလိုပဲ"

"ဗျာ"

"ဟုတ်တယ်၊ ရင်းရင်းနှီးနှီးကိုသိနေတာ"

"သြော်"

အသည်းယားသွားသည်။

"စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်"

"ဟုတ်မှာပါ...ဒါ့ထက်"

"ဟုတ်ကဲ့"

"ကိုသက်ပိုင် ဒီလိုပဲ ထွက်ထွက်သွားတတ်သလား"

"ဟုတ်ကဲ့"

"ကိုသက်ပိုင်နဲ့ ကိုနေမိုးက ခင်တာကြာပြီလား"

"ကြာလှပါပြီ"

"ကိုနေမိုးအကြောင်းကိုတော့ ကိုသက်က ပြောပြဘူးပါတယ်"

"သြော်...ဟုတ်ကဲ့"

"အခု..ကိုနေမိုး အမီနာ့ဆီကို ရောက်ပြီးပြီလား"

"ဗျာ"

"ကွမ်းယာဆိုင်က အမီနာလေ"

"မ...မရောက်သေးပါဘူး"

ပုရပိုက်က ခစ်ခနဲ ရယ်သည်။

"ကဲပါလေ...ဒီမှာ ထမင်းချိုင့် ထားခဲ့မယ်"

"ဟုတ်ကဲ့"

"ကိုသက်နဲ့ အတူ စားကြပေါ့၊ နှစ်ယောက်စားလို့ လောက်ပါတယ်"

ထိုအခိုက် မြင့်ဇော်က အခန်းဝ ရောက်လာသည်။ အနေအထားကို ကြည့်ပြီး မျက်လုံးပြူးသွား၏။

နေမိုးက ကပျာကယာ...

"လာကွာ...မြင့်ဇော်...ငါ ဒီမနက်မှ ပြန်ရောက်တယ်၊ ပြန်ရောက်ကတည်းက သက်ပိုင် မရှိဘူး၊ ဒီမှာ သူ့ဧည့်သည်တွေ က ရောက်နေတယ်"

မြင့်ဇော်ကလည်း ပါးရည်နပ်ရည် ရှိစွာဖြင့်...

"အေး...အဲ့ဒီကောင် အဲ့ဒီအတိုင်းပဲ၊ ဒါ့ထက် ပုရပိုက်တို့ ဘယ်တုန်းက ရောက်တာလဲ"

"စောစောကပဲ၊ ဒီမှာ ထမင်းချိုင့်၊ နောက်နေ့လာပို့မှ ချိုင့်ပြန်လဲယူမယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဒေါ်စိန်ငွေထံမှ ထမင်းချိုင့်ကို မြင့်ဇော်က လက်ခံရယူသည်။

“ဒါဖြင့် ကျွန်မတို့ ပြန်လိုက်ဦးမယ်”

“ကောင်းပါပြီဗျာ”

******************************

(၇)

"ကိုသက်"

"ပြော"

"ကိုသက် နိုင်ငံခြားမှာ ရှိတုန်းက အစက ချစ်သူဆီကို စာရေးတယ်၊ နောက်တော့ မရေးတော့ဘူး၊ ဘာဖြစ်လို့ အဲ့ဒီလို ဖြစ်ရတာလဲ"

"သြော်...ကိုသက် အကြာကြီး နေမကောင်းဖြစ်သွားတယ်လေ"

"ဘာဖြစ်တာလဲ"

"လေဖြတ်တာ"

"အင်း...ကိုသက် ဆုံးပြီကြားလို့ ချစ်သူမှာ ငိုလိုက်ရတာ"

"ကိုယ်လည်း ချစ်သူကို လွမ်းတာပေါ့"

"ကိုသက်"

"ဟင်"

"ချစ်သူကိုလွမ်းတဲ့အခါ ကိုသက် စိတ်ကို ဘယ်လို ဖြေသိမ့်လဲ"

ကောင်မလေးကတော့ မေးပြန်ပြီ။ ဒေါ်စိန်ငွေကလည်း မလှမ်းမကမ်းမှ နားစွင့်နေ၏။

ပင့်သက်ရှိုက်ရင်း ဖြေရသည်။

"ကိုယ့်ထက်ဆိုးတဲ့လူတွေ အကြောင်း စဉ်းစားရင်း ဖြေသိမ့်ယူရတာပေါ့ကွယ်"

"ကိုယ့်ထက်ဆိုးတဲ့လူဆိုတာက ဘယ်လို လူမျိုးလဲ"

"ဥပမာပေါ့ကွယ်"

"ဟုတ်"

"သူငယ်ချင်းဆိုပေမယ့် သူက ကိုသက်ထက် အသက်ကြီးတယ်"

"အင်း...ပြောပါဦး"

"သူက ပုလဲမော်ဆိုတဲ့ ကောင်မလေးကို ကြိုက်ရော"

"အင်း"

"အဲ့ဒီမှာ သူက ကိုယ့်ကို ကဗျာ လာရေးခိုင်းတယ်၊ ပုလဲမော်ကို ပေးဖို့ပေါ့"

"အင်း"

"ကိုယ်ရေးပေးလိုက်ပါတယ်"

"ရွတ်ပြ"

"နားထောင်နော်"

"ဟုတ်"

*အသည်းစကားလေးတွေ ဆိုတတ်အောင်*

*ပုလဲတရားလေးတွေ ကိုယ်ဖတ်ကြည့်*

*သခင်အားပန်သံ အသည်းတစ်ခေတ်အပြောင်းမှာ*

*အရှင်ဘုရားထံမှ ပုလဲအချစ်ကို တောင်းပါ၏....တဲ့*။

သူမက တခစ်ခစ်ရယ်သည်။

"ကိုသက်က အလာကြီးပဲ"

"တစ်ခါတစ်ခါကျတော့လည်း စိတ်ညစ်ရတယ် ချစ်သူရဲ့"

"ဘယ်လိုမျိုးလဲ"

"တစ်ခါ ပုလဲမော် ပလာတာစားနေတာကို သူတွေ့တယ်၊ အဲ့ဒါလေးကိုလည်း ချစ်စရာလေးဆိုပြီး ကိုသက်ကို ကဗျာလာရေးခိုင်းပြန်တယ်"

"ဟောတော့"

"ကိုသက် ရေးပေးလိုက်ပါတယ်"

"ဘယ်လိုလဲ"

*အသည်းတံခါးရဲ့ စာကဗျာလေးထဲ နစ်ရင်ကွယ်*

*ခွဲမသွားနဲ့ အခါခါတွေးဆဲ ချစ်ကြင်မယ်*

*တို့တော့လေ....*

*ပုလဲစားတဲ့ ပလာတာလေးလည်း ဖြစ်ချင်တယ်...လို့။*

"ကောင်းရောရှင်"

ကိုယ်လေးသိမ့်သိမ့်ခါ၍ရယ်ပြန်သည်။ မလှမ်းမကမ်းမှ ကြည့်နေသော ဒေါ်စိန်ငွေကလည်း မသိမသာ နားယောင်ကာ မသိမသာ ပြုံးသည်။

"အဲ့ဒီလိုနဲ့သူတို့ချင်း ကြိုက်သွားကြတယ်ဗျာ"

"ကောင်းတာပေါ့"

"မကောင်းဘူး၊ သူတို့တွေ ချစ်လို့မှ မဝသေးဘူး၊ ကိုငွေဝင်းက နိုင်ငံခြားကို အလုပ်သွားလုပ်ရရော၊ ပုလဲမော်က ဒီမှာ ကျန်ခဲ့တယ်၊ လွမ်းကြရတာ ကိုသက်တို့လိုပဲပေါ့"

"အင်းပေါ့နော်"

"အဲ့ဒီတုန်းကလည်း ကိုသက် ကဗျာ ရေးပေးရသေးတယ်"

"ရွတ်ပြဦး"

*အသည်းမျှော်မက်သည့်တစ်ခါ သည်လွမ်းခွင့်သစ္စာလေလား*

*ဆွဲမခေါ်ရက် တစ်ပြည်တစ်ရွာဆီ ကျွမ်းနှင့် မေတ္တာဝေဝါး*

*ပုလဲမော်အတွက် ဤကဗျာသည် ပန်းပွင့်ဖြစ်ပါစေသား....*တဲ့။

"ဟာ..မိုက်တယ်"

"အဲ့ဒါ နောက်ဆုံးနှုတ်ဆက်တဲ့ ကဗျာပဲ"

"ဟင်..ဘာဖြစ်လို့လဲ"

"ကိုငွေဝင်းက နိုင်ငံခြားမှာ ဆုံးသွားတယ်လေ"

"ဩော်..ဖြစ်မှဖြစ်ရလေ...ဘာဖြစ်လို့ ဆုံးသွားတာလဲ"

"ဖြစ်တာတော့ အသည်းရောဂါ၊ တရှောင်ရှောင်နဲ့ပေါ့"

"အဲ့ဒီလိုနဲ့ပဲ ဆုံးသွားတာလား" "ရောဂါက ပျောက်သွားတယ်၊ ဆရာဝန်ကပြောတယ်၊ ပင်လယ်ကမ်းခြေမှာ အပန်းဖြေသင့်တယ်တဲ့"

"အင်း"

"အဲ့ဒါနဲ့ ပင်လယ်ကမ်းခြေမှာ အပန်းဖြေရင်း ဆူနာမီ လှိုင်းဒဏ်မိပြီး ဆုံးသွားတယ်"

"ဟောတော့"

သူမက ရင်ဘတ်ကို လက်ကလေးနှင့်ဖိကာ ဆက်ပြောသည်။

"ဖြစ်ရပုံကလည်း"

ထိုအခိုက်...

"ကရင်...ရင်...ရင်"

"ဟင်...ဖုန်းလာတယ်"

သူမက ဖုန်းခွက်ကောက်ကိုင်သည်။

"ဟဲလို"

".... ..... ......"

"မေမေ...ကောင်းပါတယ်"

"... .... ....."

"ရှိသေးတယ် မေမေ"

ထို့နောက် သူ့ဖက်သို့လှည့်ကာ...

"မေမေက...ကိုသက်နဲ့ ပြောချင်တယ်...တဲ့"

သူ့ကို ဖုန်းထိုးပေးသဖြင့်...

"ဟဲလို...အန်တီ"

"မောင်နေမိုး ပြန်တော့မလား"

"ဟုတ်ကဲ့"

"မပြန်ပါနဲ့ဦးကွယ်"

"ဘာဖြစ်လို့လဲအန်တီ"

"အန်တီတို့အိမ်မှာ ထမင်းအတူစားရအောင်"

"ရပါတယ်..အန်တီ...ဟို...ကျွန်တော်"

"မောင်နေမိုးရဲ့ သူငယ်ချင်းတွေကိုပါ ခေါ်ထားပါတယ်၊ ဝတ်ရည်ပြာနဲ့ ဇာဇော့ကို ဝင်းမင်း ဝင်ခေါ်လာလိမ့်မယ်၊ စားစရာတွေပါ တစ်ခါတည်း ဝယ်လာခဲ့မယ်"

"ဟုတ်...ဟုတ်ကဲ့"

"မောင်နေမိုး...စောင့်နေဦး ...ဟုတ်လား"

"ဟုတ်ကဲ့"

"မောင်မြင့်ဇော်ကိုပါ ဖုန်းဆက်ခေါ်လိုက်ကွယ်"

"ဟုတ်ကဲ့"ဖုန်းချလိုက်တော့ ပုရပိုက်က မေးသည်။

"ဘာတဲ့လဲ"

အကျိုးအကြောင်း ပြောပြလိုက်တော့ သူမ ဝမ်းသာသွားသည်။

"ဟာ..ပျော်စရာကြီး"

ပြီး...ကိုယ့်အိမ်ကိုယ် ဖုန်းပြန်ဆက်ရသည်။

"ဟဲလို"

"မြင့်ဇော်လား"

"အေး..ဟေ့ကောင် ပြန်မလာသေးဘူးလား"

မြင့်ဇော်ကို အကျိုးအကြောင်း ရှင်းပြရပြန်သည်။ မြင့်ဇော်ကလည်း ပျော်သွားသည်။

"ကော်တာပဲ..ဇာနဲ့ တွေ့ရဦးမယ်"

"သိပ်လည်း ကော်မနေနဲ့ဦး၊ ကော်တာဟာ အောက်စိုက်တတ်တယ်"

"ပြောချင်တာသာပြော၊ ငါ...ခုချက်ချင်း ထွက်လာခဲ့မယ်"

သူ့စကားအတိုင်း တည်လေသည်။

မကြာမီအချိန်အတွင်းမှာ ရောက်ရှိလာပါတော့၏။ ရောက်ရောက်ချင်း ပုရပိုက်ကို နှုတ်ဆက်ပြီး နေမိုးကို တစ်နေရာသို့

ဆွဲခေါ်ကာ ...

“ဟော့ကောင်...ငါ့ဆီက ဘာအနံ့ ရလဲ”

နေမိုး အူကြောင်ကြောင်ဖြစ်သွားသည်။ ခေါင်းခါပြီး...

“မရပါဘူး၊ ဘာဖြစ်လို့လဲ’

“ငါ...သောက်လာလို့ကွ”

“ဟင်...မင်းကလည်း မနက်ခင်းကြီး”

“ငါ ...စမ်းကြည့်တာ”

“ဘာကို စမ်းကြည့်တာလဲ”

“အရက်မူးရင် ရှေ့ကိုလဲတယ်ကွ”

“အဲ့ဒါ ဘာဖြစ်လဲ”

“ထန်းရေမူးရင်တော့ နောက်ကိုလဲတယ်”

“အေး...အဲ့ဒါဘာဖြစ်လဲ...လို့”

“အရက်နဲ့ ထန်းရည် ရောသောက်ရင် လူက တည့်နေမယ်ထင်လို့”

“ဘာလဲ...မင်းက အရက်နဲ့ ထန်းရည် ရောသောက်လာတာလား”

“အေး...ဟုတ်တယ်”“လူက တည့်မနေဘဲ ဆန့်ငင် ဆန့်ငင် ဖြစ်နေမှ ခက်မယ်’

“အခု ဘာမှ မဖြစ်ဘူး မဟုတ်လား”

“ဘာမှတော့ မဖြစ်ပါဘူး”

“ဒါဖြင့် ပြီးရော...လာသွားကြမယ်၊ မင်းဟာမလေးက လှမ်းကြည့်နေပြီ”

ဧည့်ခန်းတွင်းသို့ ပြန်ဝင်တော့ ထင်သည့်အတိုင်းပင် ပုရပိုက်က မေးခွန်းထုတ်တော့သည်။

“နှစ်ယောက်သား တိုးတိုးတိုးတိုးနဲ့ ဘာဖြစ်နေတာလဲ”

နှစ်ယောက်လုံးက...

“အဟီး...ဘာမှ မဖြစ်ဘူး”

“နေပါဦး...ကိုသက်ကို ချစ်သူမကျေနပ်တာ ပြောရဦးမယ်”

နေမိုး ...မျက်လုံးပြူးသွားသည်။

"ကိုမြင့်ဇော်လည်းပါတယ်"

မြင့်ဇော်က ပိုပြူးသည်။

"ဘာ...ဘာဖြစ်လို့လဲ"

"ကိုနေမိုးကိုကတော့ ဘာဖြစ်လို့ မခေါ်ကြတာလဲ"

"အဲ"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ နေမိုးက ကပျာကရာ ဖြေရှင်းယူရ၏။

"အဲ့ဒီကောင်က အိမ်မှာမရှိဘူး ချစ်သူရဲ့၊ အဲ့ဒါကြောင့် ခုနကတည်းက ထည့်မခေါ်တာပေ့ါ"

"ဘယ်သွားလို့လဲ"

"အမိနာဆီသွားမှာပေ့ါ"

"အမိနာတို့ ကွမ်းယာဆိုင်မှာ ဖုန်းမရှိဘူးလား"

"အာ...ဘယ်ရှိမလဲ"

"ကိုနေမိုးဆီမှာကော ဟန်းဖုန်းမရှိဘူးလား"

"မရှိဘူး"

သူကလေး ဘာမှ ဆက်မပြောတော့၍ တော်ပါသေးသည်။

ခဏကြာတော့ ဝင်းမင်းတို့ ရောက်လာသည်။ ဒေါ်စိန်ငွေနှင့် မချောက စားသောက်ဖွယ်ရာများကို ကူချပေး၏။ ဝတ်ရည်ပြာနှင့် ဇာဇာက ဧည့်ခန်းတွင်းသို့ ကြွကြွရွရွ ဝင်လာ၏။ မြင့်ဇော်က ဇာဇာ့ကို ပြာပြာသလဲ ကြိုသည်။

ထို့ကြောင့် နေမိုးက ဝတ်ရည်ပြာကိုပဲ...

"ညီမလေး နေကောင်းတယ်မဟုတ်လား"

ဝတ်ရည်ပြာက မျက်စောင်းလဲ့လဲ့ထိုးကာ...

"ကောင်းတယ်"

သူတို့ကိုကြည့်ပြီး ပုရပိုက်က ရယ်၏။

"မောင်နမ ရန်ဖြစ်ထားတယ်ထင်တယ်"

ဝတ်ရည်ပြာက...

"ဘယ်တုန်းကမှ မတည့်ဘူး"

မြင့်ဇော်က အူမြူးနေသည်။

"လူစုံပြီ"

"လူစုံတော့ ဘာဖြစ်လဲ"

"ပိုကာဒေါင်းလို့ရပြီ"

ဒီငမူးဟာ...။

မရှေးမနှောင်း ဆိုသလိုပင် ဒေါ်လွင်မမ ပြန်ရောက်လာသည်။

"သားတို့ သမီးတို့က လူစုံနေပြီကိုး"

အင်း..သူကလည်း အကောက်ကောက်မည်ထင်သည်။

ထို့နောက် မကြာခင်မှာပဲ စားပွဲသောက်ပွဲကို စတင်ကြသည်။ နာမည်ကြီးစားသောက်ဆိုင်မှ အကောင်းဆုံး ဟင်းလျာများနှင့်ဖြစ်၍ စားမြိန်ပါသည်။ စားသောက်နေရင်းမှ ဒေါ်လွင်မမက ပြုံးချိုစွာ ပြော၏။

"အန်တီက သားတို့သမီးတို့ကို အရမ်းကျေးဇူးတင်တယ်"

"ဟာ..ကျွန်တော်တို့က တင်ရမှာလေ"

"ဘယ်ဟုတ်မလဲ၊ ခုဆို သမီးလေး ပုရပိုက်က ကျန်းမာရေး အခြေအနေအရမ်းကောင်းလာပြီ၊ အဲ့ဒါ သားတို့ သမီးတို့ ကျေးဇူးပေါ့"

"ဩော်...ရပါတယ် အန်တီရယ်"

"ဘယ်ဟုတ်မလဲ၊ ဒီကျေးဇူးက တော်တော်ကြီးတဲ့ ကျေးဇူး၊ တစ်နေ့ကျရင် အန်တီ ထိုက်ထိုက်တန်တန် ပြန်ဆပ်မယ်၊ အခွင့်ကြုံဦးမှာပေါ့"

စကားဝိုင်း ခဏငြိမ်သွားသည်။

နေမိုးက တစ်စခန်း ထ လာသည်။

"ကျောက ယားလိုက်တာ"

သူ့ဖာသာ လှည့်ကုတ်နေရင်းက ဝတ်ရည်ပြာကို...

“ညီမလေး”

“ဘာလဲ”

“ကိုကို့ကို လာကုတ်ပေးစမ်းပါဦး”

မျက်စောင်းနှင့် အတူ လာကုတ်ပေးရသည်။

“အား..နာတယ်...ဖြည်းဖြည်းကုတ်”

ပုရပိုက်က...

“သူတို့ မောင်နှမ ရန်ဖြစ်ထားတယ်ထင်တယ် မေမေ”

“တော်ပြီ...တော်ပြီ...ရပြီ... အယားကို ပြေသွားတာပဲ၊ ဟဲ...ဟဲ...ဟဲ”
ဝတ်ရည်ပြာက သူ့ခုံမှာ ဆောင့်ကြီးအောင့်ကြီး ဝင်ထိုင်သည်။ နေမိုးက ထိုင်ရာမှ ထ၏။

ပုရပိုက်က...

“ဘာလုပ်မလို့လဲ”

“သန့်စင်ခန်းသွားမလို့”

ခဏတဖြုတ် စကားထိုင်ပြောကြပြီးနောက် ဒေါ်လွင်မမက...

“ကဲ...သူငယ်ချင်းတွေ စကားပြောနှင့်ကြတော့၊ အန်တီ ဆိုင်ပြန်သွားလိုက်ဦးမယ်”

ဇာဇာက...

“သမီးတို့လည်း ပြန်မယ်လေ”

ဝင်းမင်းက...

“ကျွန်တော် ပြန်ပို့ပေးမယ်”

နေမိုးက ဝင်ပြောသည်။

“ကိုဝင်းမင်းက မြင့်ဇော်နဲ့ ဇာဇာ့ကိုပဲ ပြန်ပို့ပေးလိုက်ပါ”

အားလုံးက သူ့ကို ဝိုင်းကြည့်ကြ၏။ သူက ဝတ်ရည်ပြာကို...

“ညီမလေး...ကိုကိုနဲ့ ခဏလိုက်ခဲ့၊ ပြီး...ကိုကို ပြန်ပို့ပေးမယ်”

ဝတ်ရည်ပြာက မျက်လုံးဝင့်ကြည့်သည်။ သူ့မျက်နှာထားက တည်နေသဖြင့် ဘာမှ ပြန်မပြော။

ဝင်းမင်းက အကြံပြုသည်။

"ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့လေ၊ ဆင်းချင်တဲ့နေရာ ပြောပေါ့"

"ဟုတ်ပြီ...အဲ့ဒါဆို ကျွန်တော်တို့ တံတားဖြူမှာ ဆင်းမယ်"

"သွားမယ်ဆိုရင် ပြောကြလေ"

"ခုပဲ..သွားကြတာပေါ့"

ခုပဲ..ဟုသာဆိုရသည်။ ပုရပိုက်နှင့် ဆယ်မိနစ်ခန့် စကားပြောနေရသေး၏။

အပြန်ခရီးမှာ မြင့်ဇော်က ဇာဇာ့ကို အာရိုက်နေသည်။

"မဇာဇာ"

"ရှင်"

"ဇာဇာ လို့ပဲ ခေါ်မယ်ဗျာ..နော်"

"ခေါ်ပါ"

ဇာဇာတုတ်ကြီးဟု မခေါ်သေးသရွေ့ရသည်.

"ဇာဇာ စဉ်းစားကြည့်စမ်းပါ"

"ဘာကိုလဲ"

"ကျော်သွားတာရယ်... မရောက်သေးတာရယ် ဘယ်ဟာက ပိုကောင်းလဲ"

ဘာညာဘာညာတွေပေါ့။

တံတားဖြူမှာ သူဆင်းတော့ ဝတ်ရည်ပြာကပါ လိုက်ဆင်းသည်။ အင်းလျားကန်ဘောင်ပေါ် နေပူကြီးထဲမှာ တက်လျှောက်တော့...

"နေမိုး နင်ဘာပြောစရာရှိလို့လဲ"

"တစ်ဆိုင်ဆိုင် ထိုင်ပြီး ပြောကြတာပေါ့"

"အရေးကြီးလို့လား"

"ကြီးတယ်"

အအေးဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကြသည်။ ဝတ်ရည်ပြာက စိတ်မောဟန်ဖြင့်...

"ဘာပြောမှာလဲ...ပြောလေ"

"ငါတို့ ထမင်းစားပြီး နင် ငါ့ကို ကုတ်ပေးပြီးတော့ ငါ သန့်စင်ခန်း သွားတာ နင်မှတ်မိလား"

"အင်း"

"အဲ့ဒီမှာ ပြဿနာ တက်တော့တာပဲ"

"ဘာဖြစ်လို့လဲ"

"ဒီလိုဟ"

နေမိုး သန့်စင်ခန်းထဲမှ ထွက်ထွက်ချင်း ဒေါ်စိန်ငွေနှင့် တိုးသည်။ ဒေါ်စိန်ငွေက သူ့နောက် တမင်လိုက်လာပုံရသည်။

"ဒီမှာ"

"ပြော..ဒေါ်စိန်ငွေ"

"မင်း..ဘယ်သူလဲ"

"ဗျာ"

"မင်း ဘယ်သူလဲလို့ မေးနေတာ"

နေမိုး ရင်ထိတ်သွား၏။ သို့သော် မျက်နှာ အမူအရာ မပျက်စေရဘဲ...

"ဒေါ်စိန်ငွေ ဘာတွေ လာပြောနေတာလဲ"

"မင်း...ဘယ်သူလဲ လို့ မေးနေတာ"

"ကျွန်တော် သက်ပိုင်လေ"

"မင်း...သက်ပိုင် မဟုတ်ဘူး"

ရင်ထဲမှာ ပူခနဲ ဖြစ်သွားရပြန်သည်။

"ဟာ..ဒေါ်စိန်ငွေကလည်း"

"မင်း ...ညာဖို့ မကြိုးစားနဲ့၊ မင်း မောင်သက်မဟုတ်မှန်း တွေ့ပြီး ခဏအကြာမှာပဲ ငါသိတယ်"

"ဘာတွေလဲဗျာ"

"မင်းဟာ မောင်သက်နဲ့တူတယ်၊ ဒါပေမယ့် မင်းဟာ မောင်သက် မဟုတ်ဘူး"

"... .... ...."

"မင်းရဲ့ အဓိက ချို့ယွင်းချက်က ငါ့ကိုမသိတဲ့ အချက်ပဲ၊ ငါနဲ့ မောင်သက်ဟာ အင်မတန် ရင်းနှီးတယ်၊ သူ နိုင်ငံခြားက ပစ္စည်းလှမ်းပို့ရင်တောင် ငါ့အတွက်ထည့်ပို့တယ်၊ ငါ့ကိုလည်း ချစ်စနိုးနဲ့ စိန်စိန်လို့ ခေါ်တယ်၊ ဒေါ်စိန်ငွေလို့ မခေါ်ဘူး၊ အမြဲတမ်း ငါ့ကို စ နေ နောက် နေကျ"

"စိတ်ပျက်ရပါလားဗျာ"

ထိုသို့ ပြောပြီး နေမိုး လှည့်ထွက်လာခဲ့သည်။ စိတ်ထဲမှာ လေးလံနေတော့၏။

"အဖြစ်က အဲ့ဒါပဲ ရည်ပြာ"

ဝတ်ရည်ပြာလည်း စိတ်ရှုပ်ထွေးသွားဟန်ရှိသည်။ ပင့်သက်ရှိုက်ပြီး...

"တဖြည်းဖြည်း ရှုပ်လာပြီ"

"ဟုတ်တယ်... ငါလည်း ဘာဆက်လုပ်ရမယ်မှန်းမသိဘူး"

"နင်က ဦးနှောက်ကောင်းတာပဲ"

"ဒါပေမယ့် သိပ်မလိမ်တတ်ဘူးဟ"

"ပုရပိုက်ကတော့ သံသယ ကင်းပုံရပါတယ်"

"ခုထိတော့ ငါလည်း အဲ့ဒီလို ထင်တာပဲ၊ ဒါပေမယ့်...."

"ဒါပေမယ့် ...ဘာဖြစ်လဲ"

"အဲ့ဒီအခြေအနေကို ဘယ်လောက်ကြာကြာ ဆက်ထိန်းထားနိုင်မလဲ"

"အင်း"

"ပြီး...ဘယ်လောက်ကြာကြာ ဆက်ထိန်းထားရဦးမလဲ"

"အင်း"

"ရည်ပြာ"

"ဟင်"

"ငါ ဘာဆက်လုပ်ရင် ကောင်းမလဲ"

"အင်း ...ငါစဉ်းစားမိတာကတော့..."

အင်းလျားရေပြင်သည် မတည်ငြိမ်ပါ။ ကောင်းကင်မှာ တိမ်ဖြူပွင့်တွေ လူးလွန့် ပျံသန်းနေ၏။ ဝတ်ရည်ပြာက သူ့ ဆလင်းဘက် ထဲမှ ဂျီအက်စ်အမ်ဖုန်းကလေးကို ထုတ်ကာ နံပါတ်တစ်ခုကို နှိပ်၏။ ပြီး...

"ဟဲလို"

"..... .... ....."

"အန်တီ...သမီးရည်ပြာပါ"

".... .... ....."

"ဟုတ်ကဲ့.... အခု ဒီမှာ နေမိုးက အန်တီ့ကို ပြောစရာရှိလို့တဲ့"

".... ..... ....."

"ဟုတ်ကဲ့....အရေးကြီးတယ် အန်တီ၊ နားထောင်လိုက်ပါ"ထို့နောက် သူ့ကို ဖုန်းကမ်းပေးကာ...

"အကုန်သာ ပြောပြလိုက်ပေတော့"

မတတ်နိုင်။ သည်နည်းသည်သာ အကောင်းဆုံး ဖြစ်တော့သည်။ သူ အကျိုး အကြောင်းကို ရေလည်အောင် ရှင်းပြပြီးသည့်အခါ တစ်ဖက်က ဒေါ်လွင်မမ၏ သက်ပြင်းရှည်ကြီးချသံကို သူ့ဖက် ဖုန်းထဲမှပင် ကြားရ၏။

"မောင်နေမိုး"

"ဗျာ"

"စိတ်ပျက်နေပြီလား"

"အဲ့ဒီလိုတော့ မဟုတ်ပါဘူး"

"မစိန်ငွေ ပြောတာ ဟုတ်တော့ ဟုတ်တယ်"

"ဟုတ်ကဲ့"

"အဲ့ဒီအချက်ကို အန်တီတို့ မေ့သွားတယ်"

"ဟုတ်ကဲ့"

"တော်သေးတာပေါ့၊ သမီးလေးက ခုထက်ထိ အမူမဲ့ အမှတ်မဲ့ ဖြစ်နေလို့"

"ဟုတ်ကဲ့"

"မောင်နေမိုး ဟန်မပျက်သာ ဆက်နေပါကွယ်၊ အန်တီလည်း အကြံ ထုတ်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့ အန်တီ"

ဖုန်းပိတ်ပြီးတော့ သူနှင့် ဝတ်ရည်ပြာ နှစ်ယောက်သား စကားမဆိုဖြစ်ကြ။ ပတ်ဝန်းကျင်ကိုကြည့်ရသည်ကလည်း နေ့လည်ခင်းကြီးမှာ မြူနှင်းတွေ ဆိုင်းနေသလို။

ညနေစောင်းမှ သူတို့ ပြန်ခဲ့ကြ၏။

နောက်နေ့ ပုရပိုက်ဆီသို့ (ထုံးစံအတိုင်း) ရောက်ရပြန်သည်။ သည်တစ်ခါ တွေ့ဆုံရတာ ခါတိုင်းလိုမဟုတ်။ ပုရပိုက်နံဘေးမှာ ရှိသူက ဒေါ်စိန်ငွေ မဟုတ်ဘဲ မချောဖြစ်နေသည်။

ပုရပိုက်က နားပူနားဆာ လုပ်ပြန်သည်။

"ကိုသက်...ချစ်သူဆီကို စာရေးကွာ"

"ဟင်..နေ့တိုင်းတွေ့နေတဲ့ဟာကို"

"မတူဘူးကွ...တွေ့တာလည်းတွေ့...စာလည်းရေးကွာ"

"ဟောဗျာ..."

"နက်ဖြန်ကစပြီး စာပါ တစ်နေ့တစ်စောင် ယူလာခဲ့"

"ဟောဗျာ"

ပြဿနာတစ်ခုက စ လာပြန်ချေပြီ။

လက်ရေ...။

လက်ရေးကိုလည်း သူ တုရေးတတ်ပါသည်။ သို့သော် သက်ပိုင် ၏ လက်ရေးကို သူမမြင်ဘူး။ ဝတ်ရည်ပြာဆီမှာ ဝင်တောင်းကြည့်ရဦးမည်။

အမှတ်မထင် မေးကြည့်လိုက်သည်။

"ဒေါ်စိန်ငွေကို မတွေ့ပါလား"

"ဘာဖြစ်လို့လဲ မသိဘူး၊ မေမေ အလုပ်ကထုတ်လိုက်လို့ ရွာပြန်သွားရပြီ"

*****************************

(၈)

ရေချိုးမှားသွား၍ထင်သည်။

ကောက်ခါငင်ခါ နေမိုး ဖျားလေသည်။

တစ်ရေးနိုးတော့ ကိုယ်တွေ ရှိန်းရှိန်းတောက် ပူနေသည်။ မီးကလည်း ပြတ်နေသည်။ ထို့ကြောင့် စောင်ခြုံကာ ဆက်အိပ်နေလိုက်သည်။

မိုးလင်းတော့ ခေါင်းပင် မထူနိုင်။ ရေကလည်း အရမ်းငတ်နေသည်။ ရေခဲသေတ္တာရှိရာကို လူးလဲသွားရသည်။

"ဒေါက်...ဒေါက်..ဒေါက်"

တံခါးသွားဖွင့်ပေးလိုက်တော့ မြင့်ဇော်။

"အေး...မင်းလာတာ အတော်ပဲကွာ...ငါဖျားနေတာ"

မြင့်ဇော်က သူ့နဖူးကို စမ်းကြည့်ပြီး...

"ဟာ...ကိုယ်တွေ အတော်ပူနေတာပဲ"

"အေး..နေရင်းထိုင်ရင်းကြီးဖျားတာကွ"

"ဆေးခန်းသွားမလား"

"ဆေးခန်းတွေက ဒီအချိန် မဖွင့်ဘူးကွ"

"ဒါဆိုလည်း ...ငါ... ဆေးသွားဝယ်မယ်"

"အေး..လက်ဖက်ရည်နဲ့ ပေါင်မုန့်ပါ ဝယ်ခဲ့ကွာ"

မြင့်ဇော် ပြန်လာမှ လက်ဖက်ရည်နှင့် ပေါင်မုန့်ကို စားသောက်ပြီး ဆေးကို ဆက်သောက်၏။ ကိုယ်ပူနေသဖြင့် လူက နုံးပြီး အနေရ ခက်နေသည်။ သူ့ကို အိပ်ယာထဲသို့ ပြန်တွဲပို့ရင်း မြင့်ဇော်က ပြောသည်။

"နေမိုး"

"ဟင်"

"မင်း..မိန်းမယူဖို့ကောင်းပြီ"

"မင်းကလည်း...အရေးထဲ"

"အကောင်းပြောနေတာ၊ ခုလိုမျိုးဖြစ်တော့ တစ်ယောက်တည်း နေရတာ ဘယ်လောက်ဒုက္ခရောက်သလဲ"

သူ...ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။ စကားပြောချင်စိတ် လည်း မရှိ။ အိပ်ရာထဲမှာ ပြန်မှိန်းနေလိုက်သည်။

"ထမင်းစားချိန်ကျရင် ငါ မင်းအတွက် ဆန်ပြုတ်သွားဝယ်ပေးမယ်၊ ပူပူလေး သောက်ပြီး ဆေး ထပ်သောက်လိုက်"

ထိုအချိန်မှာပဲ ဖုန်းလာသည်။

"ကရင်...ကလင်...ဂလင်..."

မြင့်ဇော်က ပြေးကိုင်သည်။

"ဟဲလို"

"…. ……. ……." "ပုရပိုက်လား၊ ကျွန်တော့် မြင့်ဇော်ပါ"

"… …. …."

"အာ… ဒီနေ့ ဒီကောင် လာနိုင်မယ် မထင်ဘူး"

"… … …"

"ဖျားနေတယ်"

"… … …."

"အခု… အိပ်ရာထဲမှာ မှိန်းနေတယ်"

".. …. …."

"ဆေးသောက်ထားပါတယ်"

"…. …. ….."

"ဟုတ်ကဲ့...ဟုတ်ကဲ့"

အိပ်ခန်းထဲမှ သူကြားနေရပါသည်။ ဖုန်းပြောအပြီးမှာ မြင့်ဇော်က သူ့ထံ ရောက်လာ၏။

"ပုရပိုက်က မင်းဘယ်တော့လာမလဲလို့ ဖုန်းဆက်တာ"

"အင်း"

"သူ...အခုလာခဲ့မယ်တဲ့"

"ဘာ"

သူ့အသံကြောင့် မြင့်ဇော်ပင် လန့်သွားသည်။ သူ့ကို...

"မင်းက ဘာဖြစ်သွားရတာလဲ"

"စိတ်ညစ်သွားတာ"

"ဒါ...စိတ်ညစ်စရာလားကွာ"

"ဟာကွာ...ထပြီး ရုပ်ဖျက်ရဦးမယ်"

ထိုအခါကျမှ မြင့်ဇော်က...

"အေး...ဟုတ်သားပဲ"

"ဖျားတာတောင် ရုပ်ဖျက်ပြီး ဖျားနေရတယ်၊ ဘဝက ဆိုးပါတယ်"

မြင့်ဇော်က သက်ပြင်းချရင်း...

"မင်းအဖြစ်ကလည်း ရှားပါတယ်"

"လွှာမှပါး ရှာမှ ရှား ဆိုတာမျိုးပေါ့ကွာ"

တညည်းညည်း တညူညူနှင့်ပဲ ထ၍ရုပ်ဖျက်ရသည်။ ပြီးမှ မောမောပန်းပန်းနှင့် အိပ်ယာထဲ ပြန်ဝင်လှဲနေရသည်။ ကိုယ်ပူရှိန်က ကျမသွား။ တက်လည်းမလာ။

မကြာလိုက်ပါ။ ပုရပိုက်ရောက်ချလာသည်။ သူနှင့်အတူ ချောလည်း မချောသည့် မချောက ပါလာသည်။

"ကိုမြင့်ဇော်...ကိုသက်ရော"

"အိပ်ခန်းထဲမှာ"

"အပြင်မထွက်နိုင်ဘူးလား"

"ခေါ်ပေးမယ်လေ"

မြင့်ဇော်လာခေါ်သဖြင့် သက်ပြင်းချရင်း နေးကွေးစွာ လိုက်ထွက်ရသည်။ ပုရပိုက်က စိုးရိမ်တကြီး စောင့်ကြိုနေသည်။ သူနဖူးကို လက်ဖဝါးလေးနှင့်စမ်းကာ....

"ဟယ်...ကိုယ်တွေက တအားပူနေပါလား"

သူ...ကုလားထိုင်ပေါ်ထိုင်တော့ တွဲကူပေးသည်။ စိုးရိမ်တကြီးဖြစ်နေသော မျက်နှာကလေးက ဟန်ဆောင်မှုအလျဉ်းကင်း၏။

နေမိုး၏ ကုလားထိုင်ဘေးမှာ ဒူးထောက်ထိုင်ပြီး

"ကိုသက်"

"အင်း"

"အခုနေရတာ ဘယ်လိုလဲ"

"မကောင်းဘူး"

မြင့်ဇော်က ဘုဝင်တော၏။

"နေမကောင်းပါဘူးဆိုမှ"

ပုရပိုက်ကတော့ မြင့်ဇော်ကို ဂရုမစိုက်ပါ။

"ချစ်သူ စိုးရိမ်လိုက်တာ ကိုသက်ရယ်"

"ကိစ္စမရှိဘူး၊ အာဂန္တု အဖျားပါ"

အရေးထဲမှာ မချောလေးက အာဂန္တုဆိုတာကိုမသိ။

"ဘာလဲ အာဂန္တုဆိုတာ..."

မြင့်ဇော်က ဝင်ရှင်းရပြန်သည်။

"ဧည့်သည်လို့ပြောတာ"

သူမက နှုတ်ခမ်းစူ၏။

"ဧည့်သည်လာတိုင်း အိမ်ရှင်က လက်ခံလို့ရမလား"

မြင့်ဇော်က...

"ဆေးသောက်ထားပါတယ်...ဆို"

"မဖြစ်ပါဘူး...ဆရာဝန်သွားပင့်မယ်"

"ဒီနားမှာ ဆရာဝန်မရှိပါဘူး"

"ကျွန်မအသိထဲမှာ ရှိတယ်"

ထို့နောက်

"ကိုသက် ခဏစောင့်နော်၊ ချစ်သူ ဆရာဝန်ခေါ်ပြီး ပြန်လာခဲ့မယ်"မချောကို ခေါ်ပြီး ပြန်ထွက်သွား၏။ သူမကိုယ်တိုင်ကားကို ကျင်လည်စွာ မောင်းထွက်သွားခြင်းဖြစ်သည်။ သူ အိပ်ရာထဲမှာ ပြန်ဝင်လှဲနေလိုက်သည်။

ခဏအကြာမှာ သူမ ဆရာဝန်ကို ခေါ်ပြီး ပြန်ရောက်လာသည်။ ဆရာဝန်က သူ့ကို...

"ဘယ်လိုဖြစ်ရတာလဲ ကိုသက်ပိုင်ရာ၊ လူပျိုကြီးဆိုပြီး တစ်ယောက်တည်းနေတော့ ခုလိုခါမျိုးမှာ ဒုက္ခတွေ့တာပေါ့"

အားယူပြန်ကြည့်မိတော့ ဟိုလူကြီးဖြစ်နေသည်။

(ဟိုလူကြီး = ဇာဇာတုတ်ကြီး၏ အစ်မ မင်္ဂလာဆောင်တွင် သူ့ကို သက်ပိုင်အဖြစ် စတင် မှားယွင်းနှုတ်ဆက်သော လူ။)

လက်စသတ်တော့ သူက ဆရာဝန်ဖြစ်နေသည်။

"လုပ်တော့ ...ခင်ဗျား မိန်းမယူသင့်ပြီ"

"အာဗျာ"

"အာဗျာ လုပ်မနေနဲ့၊ ဒီ့ထက်အရွယ်လွန်သွားရင် မကောင်းဘူး၊ ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားနဲ့ ပုရပိုက်ကို လက်ထပ်ပြီးပြီတောင် အောက်မေ့နေတာ"

ဘာမှ ပြန်မပြောဖြစ်ပါ။ ပုရပိုက် မျက်နှာကို ခိုးကြည့်မိသည်။ ပုရပိုက်က ပြုံးနေ၏။ ဆေးထိုး၊ သောက်ဆေးများ ပေးပြီး ဆရာဝန်က ပြန်ရန်ပြင်သည်။

"ပျောက်သွားမှာပါ၊ ဆေးကိုလည်း မှန်မှန်သောက်လိုက်"

"ဟုတ်ကဲ့"

"ဒါဖြင့် ကျွန်တော်လည်း ပြန်လိုက်ဦးမယ်၊ ခင်ဗျားတို့ မင်္ဂလာဆောင်ကျမှပဲ ပြန်တွေ့ကြမယ်"

ပုရပိုက်က...

"ကိုသက်"

"ဟင်"

"ချစ်သူ ဆရာ့ကို ပြန်လိုက်ပို့လိုက်ဦးမယ်"

"အင်း"

"အိမ်ပြန်ပြီး ဆန်ပြုတ်ပါပြုတ်လိုက်မယ်၊ ပြီးမှ ပြန်လာခဲ့မယ်"

"အင်း" မြင့်ဇော်ကိုပါ တစ်ဆက်တည်း ပြော၏။

"ကိုမြင့်ဇော် ဘယ်မှ မသွားနဲ့နော်"

"ဟုတ်ကဲ့...စိတ်ချပါ"

"ဒါနဲ့ ကိုနေမိုးရော"

"ဒီကောင် အစောကြီးကတည်းက ထွက်သွားတာ၊ သက်ပိုင် အိပ်ရာက မနိုးသေးဘူး"

"ကိုသက် ဖျားနေတာကို သူမသိဘူးလား"

"သိမသွားဘူး"

"သူကရော ဘယ်အချိန်လောက်ပြန်လာမှာလဲ"

"မသိဘူး"

"ကဲ...ကဲ...ထားပါတော့၊ ကျွန်မတို့ ခုသွားမယ်၊ ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့"

သူမတို့အုပ်စု ထွက်သွားတော့ အိမ်က တိတ်ဆိတ်ပြီး ကျန်ခဲ့သည်။ သူက အိပ်ရာထဲ ပြန်မှိန်းနေသည်။ မြင့်ဇော်က ဧည့်ခန်းထဲမှာ စာအုပ်တစ်အုပ်နှင့် ငြိမ်နေသည်။

"ကရင်...ကလင်...ဂလင်"

ဖုန်းလာပြန်ပြီ၊ မြင့်ဇော် ပြောလိမ့်မည်။

"... ..... ...."

"မြင့်ဇော်ပါ"

".... .... .... "

"ရှိတယ်၊ နေမကောင်းဘူး၊ ဖျားနေတယ်"

".... .... ...."

"သူ..လာနိုင်မှာ မဟုတ်ဘူး"

".. .. . ... . . ."

"ဟုတ်ကဲ့...ဟုတ်ကဲ့...ကောင်းတာပေါ့"

"... .... ..... "

"ဟုတ်ကဲ့"

ဖုန်းခွက်ချသံကြားရသည်။ မြင့်ဇော်က သူ့ကို လာပြောသည်။

"ဝတ်ရည်ပြာဆီက ဖုန်း"

"အင်း"

"မင်း..လာမယ်ဆိုပြီး မလာလို့တဲ့၊ သူ့အစ်ကို လက်ရေးကို မင်းကြည့်ချင်တယ်လို့ ပြောထားတယ်ဆို"

"အင်း"

"အခုပဲ သူပဲ လာခဲ့တော့မယ်တဲ့၊ လက်ရေးနမူနာ ယူလာခဲ့မယ်တဲ့"

"အင်း" ဝတ်ရည်ပြာရောက်လာတော့ ဇာဇာပါ အတူပါလာသည်။ မြင့်ဇော်က ဇာဇာ့အနားကပ်နေသဖြင့် သူနှင့်ဝတ်ရည်ပြာက သပ်သပ်ဖြစ်နေသည်။

ဝတ်ရည်ပြာက..

"နင်...ကိုယ်အတော်ပူနေသလား"

"အင်း"

"မျက်နှာကြီးကို နီရဲနေတာပဲ"

"နင့်အစ်ကိုဖျားရင်လည်း ဒီအတိုင်းပဲလား"

သူမကရယ်သည်။

"ဖျားမှတော့ ဒီလိုပဲပေါ့ဟ"

"တူရင်ပြီးတာပါပဲ"

"နင့်မလဲ အဲ့ဒါက တစ်ဒုက္ခ"

"အင်း"

"ငါ့အစ်ကိုရဲ့ လက်ရေးနမူနာတွေ ပါလာတယ်"

"မကြည့်နိုင်သေးဘူးဟ၊ ငါ့ခေါင်းအုံးအောက် ထိုးထည့်ပေး"

တော်ပါသေး၏။ အပင်ပန်းခံစရာ မလိုတော့သော စကားတစ်ခွန်းကို ဝတ်ရည်ပြာထံမှ ကြားလိုက်ရသောကြောင့်ဖြစ်သည်။

"နင်ကြည့်ချင်တယ်ဆိုလို့သာ ယူလာရတာ၊ အမှန်က သိပ်မလိုဘူးဟ"

"ဘာဖြစ်လို့လဲ"

"ငါ့အစ်ကိုက လက်ရေး သုံးလေးငါးမျိုး ရေးတတ်တယ်၊ နောက် တစ်မျိုး ပြောင်းရေးလို့လည်း အံ့သြစရာ မရှိဘူး"

"သြော်.."

"နောက်ပြီး ငါ့အစ်ကို ရေးတတ်တဲ့ လက်ရေးတစ်မျိုးက နင့်လက်ရေးနဲ့ တူတယ်"

"နင်က ငါ့လက်ရေးကို မြင်ဘူးလို့လား"

"ဟုတ်တယ်...နင့်ရဲ့ နေမိုးသတင်းစာကို ငါက မဖတ်ဖူးဘူးကို"

နေမိုး ရယ်ချင်သွားသည်။

"အဲ့ဒီတုန်းက မုန့်ဟင်းရည်ချိုင့်ကြီးကို နင်ဘာလုပ်လိုက်လဲ"

"မုန့်ဖတ်ဝယ်ပြီး စားပစ်လိုက်တယ်၊ ကောင်းမှကောင်း"

"အဲ့ဒီတုန်းက နင် ငါ့ကို စိတ်ဆိုးလား"

"စိတ်ဆိုးတာပေါ့"ပြောပြီး သူမဖာသာရယ်သည်။ သူ လိုက်မရယ်နိုင်ချေ။

ထိုအခိုက်မှာပင်...

"ဂူး...."

အိမ်ရှေ့မှာ ကားဆိုက်သံနှင့်အတူ ပုရပိုက်နှင့် မချောတို့ ရောက်လာသည်။ မချောဆွဲလာသည်က သုံးဆင့်ချိုင့်ကြီး။

"ဟာ...ရည်ပြာတို့ ရောက်နေတာကိုး"

"အင်း...တအောင့်လောက်ရှိပြီ"

ပုရပိုက်က သူ့ကို...

"ကိုသက်အတွက် ဆန်ပြုတ်... ပြုတ်လာတယ်၊ ခေါက်ဆွဲထုပ်တွေလည်း ဝယ်လာတယ်၊ ပြုတ်လာတာလည်း တစ်ခွက်ပါတယ်"

"စားချင်စိတ် မရှိပါဘူးကွယ်"

"မစားလို့ ဘယ်ဖြစ်မလဲ...ရည်ပြာ"

"ဟေ"

"နင့်အစ်ကို ကို ကြည့်ပြောဦး"

"အေးပါ...သူသောက်မှာပါ"

ထို့နောက် ပုရပိုက်က သူ့ဖက် လှည့်၍...

"ကိုသက်"

"အင်း"

"ဒေါက်တာ မြတ်သူက ပြောတယ်"

"အင်း"

"ဒီအိမ်က နေမိုးကြယ်တို့ အိမ် မဟုတ်ဘူးလားတဲ့"

"အဲ"

"ချစ်သူက ဟုတ်တယ်လို့ ပြန်ပြောလိုက်တယ်၊ ခုတော့မရှိဘူးလို့"

ဒေါက်တာမြတ်သူဆိုတာ ဟိုလူကြီးပဲ ဖြစ်မယ်၊ မှတ်ထားဦးမှ။

"ကိုနေမိုးက နာမည်ကျော် ရုပ်ပြောင်းရုပ်လွှဲ ပညာရှင်ဆို"

"ဘယ်သူပြောလဲ"

"ဒေါက်တာ မြတ်သူပဲ ပြောတာ"

"သူက သိလို့လား"

"လူချင်းတော့ မသိဘူးတဲ့၊ ရုပ်ရှင် မဂ္ဂဇင်းတစ်အုပ်ထဲမှာ ဓါတ်ပုံနဲ့အတူ သတင်းဖတ်ဖူးတာတဲ့"

"ဒါဖြင့် နေမိုးကို တွေ့ရင် သူမှတ်မိမှာပေါ့"

"မှတ်မိမှာပေါ့"

"ချစ်သူ""ရှင်"

"ဒေါက်တာ မြတ်သူက..."

"ဟုတ်..."

"ကိုယ် နိုင်ငံခြားမှာ ဆုံးသွားတယ် ဆိုတဲ့သတင်းကို ကြားပုံမရဘူး"

"ဩော်..ကိုသက်ကလည်း... သူလည်း နိုင်ငံခြားက ပြန်လာတာကြာမှ မကြာသေးဘဲ"

တော်ပါသေးရဲ့။

"ကိုသက်"

"ဟင်"

"ကိုနေမိုးက အလာကြီးပဲနော်"

"အင်း"

"အမီနာ ကံကောင်းတာပေ့ါ"

"အင်း..ဒါ့ထက်...ချစ်သူ"

"ပြော..ကိုသက်"

"ဒေါက်တာမြတ်သူက တစ်ခြား ဘာပြောသေးလဲ"

သူမက ရှက်ရယ်ရယ်လျက်...

"ချစ်သူနဲ့ ကိုသက်နဲ့ အမြန်ဆုံး လက်ထပ်ဖို့ပဲ ပြောနေတယ်"

ထို့နောက် သူ့ကို စေ့စေ့ကြည့်ကာ တစ်စုံတစ်ရာ ပြောမည် အပြု...

"တူ..တူ"

သူမ၏ လက်ကိုင်ဖုန်းမှ ရင်း(ဂ်) မြည်သံ ထွက်လာသည်။

"ဟဲလို..."

".. .... ....."

"ဟုတ်ကဲ့ မေမေ"

"... .... ...."

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ထို့နောက် ဖုန်းပြန်ပိတ်ပြီး ...

"ကိုသက် ကိစ္စရှိလို့ ချစ်သူ ပြန်လိုက်ဦးမယ်"

"အင်း..အင်း"

"မေမေလာလိမ့်မယ်..သိလား"

"အယ်"

သူမပြန်သွားပြီး မကြာမီမှာပဲ ဒေါ်လွင်မမနှင့် ဝင်းမင်း ရောက်လာသည်။ ဝင်းမင်းက...

"ကိုနေမိုး သက်သာလား"

"အပေါင်းအသင်းတွေ စုံနေတော့ သက်သာသလိုတော့ရှိတယ်"

"မေမေနဲ့ စကားပြောနေနှင့်ဦးနော်၊ ကျွန်တော် ဒီနားက အသိတစ်ယောက်ဆီ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်လွင်မမက သူတို့ လူငယ်တစ်သိုက်ကြားတွင် ခန့်ခန့်ကြီး ဝင်ထိုင်သည်။ သူက အိပ်ရာထဲမှ လူးလဲထတော့...

"နေ နေ...မောင်နေမိုး၊ သက်သာသလိုနေ"

"ရပါတယ်"

"အခု...ဘာစားထားသလဲ"

"လက်ဖက်ရည်နဲ့ ပေါင်မုန့်"

"သမီးက ဆန်ပြုတ် ပြုတ်လာပေးတယ်ဆို"

"ခဏနေမှ သောက်မယ်""အခု စကားပြောရတာ သက်တောင့်သက်သာရှိရဲ့လား"

"ရပါတယ်"

"မထူးပါဘူးကွယ်၊ အန်တီ တစ်ခါတည်း ပြောခဲ့ပါတော့မယ်"

"ပြောစရာရှိ ပြောပါ၊ ကျွန်တော် ဖျားတာက ခဏပါ"

"အန်တီလည်း အကြံအိုက်နေလို့ပါ"

"ဟုတ်ကဲ့"

"သမီး ပုရပိုက်က..."

"ဟုတ်ကဲ့"

"ကိုသက်နဲ့ စေ့စပ်ပွဲကို ပြန်လုပ်ပေးပါတော့တဲ့"

"ဗျာ"

ကျန်သူတွေလည်း ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်ကြသည်။

"အဲ့ဒါ"

ဒေါ်လွင်မမက ဆက်မပြောသေး။ သူနှင့် ဝတ်ရည်ပြာ မျက်လုံးချင်း ဆုံမိ၏။

"အန်တီလည်း ...ဘယ်လိုလုပ်ရမလဲ မသိဘူး"

"... .... ...."

ဒေါ်လွင်မမက အားလုံးကို ဝေ့ကြည့်ကာ...

"သားတို့ သမီးတို့လည်း ကူစဉ်းစားပေးကြပါဦး၊ အန်တီလည်း ကြံပါဦးမယ်"

သည်တစ်ခါတော့ သူ့သမီးကို (ဒေါ်စိန်ငွေတုန်းကလို) အလုပ်ထုတ်ပြီး ရှာပြန်ပို့လိမ့်မည်မထင်။

သူကြံလျှင် ကြောက်ရ၏။

"သမီး...ရည်ပြာ"

"ရှင်"

"သမီးလည်း သေသေချာချာ စဉ်းစား"

"ဟုတ်ကဲ့"

ဝင်းမင်း ပြန်ရောက်လာ၏။ ဒေါ်လွင်မမက...

"ကဲ..ဒါဖြင့် အန်တီ ဆိုင်ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

သူတို့ ပြန်သွားတော့ လူမမာက ငုတ်တုတ်ကြီး ထ ထိုင်နေပြီ။ အဖျားပင် ဘယ်ရောက်သွားပြီမသိ။ မြင့်ဇော်က...

"ဟေ့ကောင်...နေမိုး"

"ဟင်"

"ဘယ်လိုလုပ်မလဲ"

"မသိတော့ပါဘူးကွာ"

ဝတ်ရည်ပြာနှင့် ဇာဇာက သက်ပြင်းကိုယ်စီချသည်။

မြင့်ဇော်က...

"တကယ် ယူကြလို့ ဖြစ်မလား"

"ငါ တစ်သက်လုံး ရုပ်ဖျက်မထားနိုင်ဘူး...မဖြစ်ဘူး"

"မယူရင်ရော"

"မယူရင် ပုရပိုက် ရှုးသွားလိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ""မပြောတတ်ဘူး"

ဇာဇာကလည်း...

"ကိုသက်ပိုင်အနေနဲ့ တသက်လုံး ဟန်ဆောင်သွားဖို့ မလွယ်ဘူး"

"နေမိုးက ရုပ်ဖျက်ထားတာပါ ဆိုပြီး ယူလိုက်ရင်ရော"

"ဘာဆိုင်လဲ...ပုရပိုက်က နေမိုးကို ဘယ်လက်ခံမလဲ"

ဝတ်ရည်ပြာက စိတ်ရှုပ်ဟန်ဖြင့် ဝင်အော်သည်။

"ဒီကိစ္စက အမီနာ ကယ်မှ ဖြစ်မှာဟ"

စိတ်ညစ်နေသည့်ကြားမှ ရယ်ရသေးသည်။ နေမိုးက...

"ကိစ္စကတော့ ရေဆူမှတ်ကိုရောက်နေပြီ၊ အားလုံး ဝိုင်းစဉ်းစား ပေးကြပါဦး"

"ခေါင်း တော်တော်ပူသွားတယ်ကွ"

"အိမ်ရောက်ရင် အေးအေးဆေးဆေး စဉ်းစားကြကွာ"

"အေး...ကောင်းတယ်၊ ဒါပေမယ့် ဒါတောင် အဖြေထွက်ဖို့ မလွယ်ဘူး၊ ကိစ္စက တော်တော်ခက်တယ်"

ဝတ်ရည်ပြာက ထိုင်ရာမှ ထသည်။ ဇာဇာကလည်း လိုက်ထသည်။

"ကဲ ...တို့လည်း ပြန်လိုက်ဦးမယ်"

"အင်း...အင်း"

"ဒီည အိပ်ပျော်မယ်တောင် မထင်ပါဘူး"

"ငါကတော့ အဖျားပျောက်သွားလိမ့်မယ် ထင်တယ်"

ထင်သည့်အတိုင်းပဲ နောက်နေ့မနက်မှာ အဖျားပျောက်သွားသည်။ မိုက်မိုက်ကန်းကန်းပဲ ရေ အဝချိုးပစ်လိုက်၏။ ရေချိုးရင်းလည်း အော်နေမိသည်။

"သေချင်တယ်.ဖေခင်ရယ်...ဖေခင်ရယ်.. သေချင်တယ်"

မည်သည့်အကြံမှ မရသောကြောင့်ဖြစ်သည်။ ပြီး သက်ပိုင်အဖြစ် ရုပ်ဖျက်ရပြန်သည်။ မှန်ထဲကြည့်တော့ မျက်နှာက ပြောင်ချော်ချော် ဖြစ်နေသည်။ သေသေချာချာသုံးသပ်တော့မှ...

"ဩော် ...မှဲ့လိုနေတာကိုး"

မဲ့တု တင်သည်။ ပြီး...ရေခဲသေတ္တာဆီသွားပြီး ရေတစ်ခွက်သောက်သည်။ ထိုအခိုက်မှာပင်...

"ဒေါက်...ဒေါက်..ဒေါက်"

တံခါးခေါက်သံကြားရသည်။ 'မြင့်ဇော် ...ဒီနေ့စောသည်' ဟူသောအတွေးနှင့် တံခါးကို သွားဖွင့်လိုက်တော့

"ဟင်"

အကြီးအကျယ်တုန်လှုပ်အံ့ဩသွားမိသည်။ နှုတ်မှလည်း...

"ကို...သက်....ပိုင်"

****************************

*********************************************

*လေဟုန် အပင့်*

*တောင်ပံဖွင့်မယ်*

*သခင့်လေးကို တင်ပါတော့....။*

*********************************************

(၉)

မောင်နှမ နှစ်ယောက်ပြန်ဆုံကြတော့ ဝတ်ရည်ပြာက ကြိုကြိုပါအောင် ငိုသည်။ သက်ပိုင်က ဝတ်ရည်ပြာ၏ ခေါင်းမှ ဆံနွယ်များကို ဖွဖွသပ်ယူပေးရင်း ချော့သည်။

“တိတ်ပါ ညီမလေးရယ်၊ ကိုကိုပြန်ရောက်ပြီပဲ”

သူ့ညီမကို ချော့ရင်း နေမိုးကိုရှင်းပြ၏။

“ဒီလို ကိုနေမိုးရဲ့”

“ဟုတ်ကဲ့”

“ဟိုနိုင်ငံကု စားသောက်ဆိုင်မှာ ရန်ဖြစ်ကြတာက ဟုတ်တယ်၊ ဒါပေမယ့် သေသွားတာက ကျွန်တော်မဟုတ်ဘူး၊ ကျွန်တော့် သူငယ်ချင်း”

“ဟုတ်ကဲ့”

“တစ်ဖက်ကလည်း တစ်ယောက်သေတယ်”

“အိုး”

“ကျွန်တော်လည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရတယ်၊ ခေါင်းမှာ”

“အဲ့ဒါ ကျွန်တော် ခဏ အတိတ်မေ့သွားတယ်”

“ဩော်”

“အဲ့ဒီကာလတွေထဲမှာ အားလုံးနဲ့ အဆက်အသွယ်ပြတ်သွားတယ်”

“ဟုတ်ကဲ့”

“ဒီမှာ..ကျွန်တော် သေပြီလို့ သတင်းထွက်နေတာလည်း ကျွန်တော်မသိဘူး၊ နောက်တော့ ခေါင်းက သူ့ဖာသာ တဖြည်းဖြည်း ပြန်ကောင်းလာတယ်၊ အကုန်လုံး ပြန်မှတ်မိလာတယ်၊ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော့်ညီမလေးကို သတိရတာလည်း အရမ်းပဲ”

“ဒါပေါ့”

“အဲ့ဒါနဲ့ ကျွန်တော်ပြန်လာခဲ့တာ၊ အားလုံးဝမ်းသာသွားရအောင် တိတ်တိတ်ကလေး ပြန်လာတာ”

"ကျွန်တော့်အိမ်ကိုက ဘယ်လိုလုပ်ရောက်လာတာလဲ"

"ကျွန်တော် ပြန်ရောက်တာ သုံးလေးရက်ရှိပြီ၊ ညီမလေးက အိမ်ပြောင်းထားတော့ သူ့ကို ဘယ်လို ဆက်သွယ်ရမှန်း မသိဘူး၊ ချစ်သူတို့အိမ်ကိုသွားတယ်၊ ဒါပေမယ့် အဲ့ဒီအိမ်ထဲက ခင်ဗျား ထွက်လာတာကို တွေ့တယ်၊ အဲ့ဒီကတည်းက ကျွန်တော် နောက်ယောင်ခံလိုက်ကြည့်ထားတာ"

"သြော်...ဒီလိုကိုး"

"အဲ့ဒီတုန်းက ခင်ဗျားကို ကျွန်တော် တစ်မျိုးမြင်သေးတယ်၊ ဆောရီးဗျာ"

"ရပါတယ်...မြင်လည်း မြင်ချင်စရာကိုး" ဝတ်ရည်ပြာက အငိုရပ်ပြီး...

"ကိုကို အခု ဘယ်မှာနေလဲ"

"တည်းခိုခန်းမှာ"

"ညီမလေးနဲ့ အတူလိုက်နေတော့"

"အေးပါ"

ထိုအခိုက်မှာပဲ ဖုန်းလာသည်။

"ကရင်...ကလင်...ဂလင်"

နေမိုးက ဖုန်းခွက် ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ကိုသက်လား"

"ဟုတ်တယ် ချစ်သူ"

"ကိုသက် သက်သာလား"

"အင်း..နေကောင်းသွားပြီ"

"ခဏကြာရင် ချစ်သူလာခဲ့မယ်"

"နေ...နေ...ကိုသက်ပဲ လာခဲ့မယ်"

"တကယ်လား"

"တကယ်ပေါ့"

"ဒါဖြင့် စောင့်နေမယ်"

"အင်း...အင်း..စောင့်နေ"

ဖုန်းခွက် ပြန်ချပြီး နေမိုးက...

"ကဲ...ကိုသက်ပိုင်..."

"ဗျာ"

"ပုရပိုက်ဆီကို ခင်ဗျားပဲ သွားလိုက်ပေတော့"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

"ကျွန်တော်နဲ့ သူနဲ့ ဆက်ဆံထားတဲ့ လက်ရှိအနေအထားကို ပြောပြမယ်"

သက်ပိုင်ကို အကျဉ်းချုပ် ရှင်းပြရ၏။ စကားလိပ်ပတ်လည်ပြီးသောအခါ...သက်ပိုင်က...

"ညီမလေး"

"ရှင်..ကိုကို"

ဝတ်ရည်ပြာက မျက်ရည်တွေနှင့် ပျော်နေသည်။

"ခု...ချစ်သူ ပုရပိုက်ဆီသွားမယ်"

"ဟုတ်"

"ညီမလေးလည်း လိုက်ခဲ့လေ"

"ဟုတ်"

နှစ်ယောက်သား နေမိုးကို နှုတ်ဆက်သွား၏။

နေမိုး ...ငေးကြည့်ရင်းနှင့် ကျန်ခဲ့သည်။

ရင်ထဲမှာ ဟာလာဟင်းလင်းဖြစ်သွားသလို ခံစားရသည်။

နောက်ပိုင်းရက်တွေမှာ...

အချိန်သည် ပုံမှန် စီးဆင်းသွား၏။ မြင့်ဇော်က အလုပ်ပြန်ဆင်းသည်။ နေမိုးကလည်း အလုပ်ခွင် ပြန်ဝင်သည်။ အလုပ်ထဲမှာ သူ့စိတ်ကို နှစ်ထားလိုက်သည်။ အရာအားလုံး ပြီးဆုံးသွားပြီဟု စိတ်ပိုင်းဖြတ်လိုက်၏။

ရင်ထဲမှာတော့ ဟာလာဟင်းလင်းဖြစ်သွားသလို ခံစားရဆဲ...။

တစ်နေ့...

အင်းလျားကန်ဘောင်မှာ နေမိုး အလုပ်ရှုပ်နေသည်။ ရုပ်ရှင်ရိုက်ကွင်းတစ်ခုမှာ မင်းသမီးကို ရုပ်ပြောင်းရုပ်လွှဲလုပ်ပေးနေရခြင်းဖြစ်သည်။ ကိစ္စပြီး၍လှည့်အထွက်မှာ...

"ကိုနေမိုးကြီး"

ခေါ်သံကြား၍လှည့်ကြည့်တော့ ပုရပိုက်ကိုတွေ့ရသည်။ သူ့နံဘေးမှာ သက်ပိုင်။ နှစ်ယောက်သား ပြုံးရွှင်လျက်။

"အလုပ်တယ်ကြိုးစားနေပါလား"

ရယ်ပြီး ဖြေလိုက်သည်။

"ဒီလိုပေါ့ဗျာ"

"အမိနှာဆီ မသွားဘူးလား"

"အဟား..အလကားပါဗျာ...နောက်နေကြတာပါ""ခု...ဘယ်သွားမလို့လဲ"

"တစ်ဆိုင်ဆိုင် ခဏထိုင်မလို့"

"ကိုနေမိုး ရည်ပြာကိုသိလား"

"သိတယ်လေ"

"ခု ..သူ အအေးဆိုင်မှာ ကျန်ရစ်ခဲ့တယ်"

"ဘယ်မှာလဲ"

"ဟိုးမှာ..."

အပြာနုရောင် ဝမ်းဆက်ဝတ်ဆင်ထားသော ဝတ်ရည်ပြာကို အဝေးမှ လှမ်းမြင်ရ၏။ တစ်ခါက သူနှင့်အတူထိုင်နေသော စားပွဲကလေးမှာ တစ်ယောက်တည်း...။

"ဒါဖြင့် ကျွန်တော် သူ့ဆီ သွားလိုက်ဦးမယ်"

"သွား...သွား...ကျွန်မတို့လည်း ရုပ်ရှင်ရိုက်တာ ကြည့်လိုက်ဦးမယ်"

သူရောက်သွားတော့ ဝတ်ရည်ပြာက မချိုမချဉ်မျက်နှာဖြင့် ဆီးကြိုသည်။

"အသည်းကွဲနေလား"

ဘာမှ ပြန်မဖြေဘဲ ခပ်တည်တည် ဝင်ထိုင်လိုက်၏။ အဝေးသို့ လှမ်းကြည့်ပြီး...

"ရည်ပြာ"

"ဟင်"

"ငါ...အဝေးကို လှမ်းကြည့်တော့ အဝေးကိုပဲ မြင်တယ်"

"အင်း"

"အနီးကို လှည့်ကြည့်တော့"

"အင်း"

"နင့်ကိုမြင်တယ်"

"ဘာအဓိပ္ပါယ်လဲ"

"တကယ်တော့ အမီနာနဲ့ ရည်ပြာဟာ နဘေတူတယ်ဟ"

"အောင်မာ..နင်နော်"

သူရယ်တော့ သူမကပါ မအောင့်နိုင်ဘဲ လှပစွာ လိုက်ရယ်သည်။ သူတို့၏ အပျော်ရယ်သံများသည် အင်းလျားရေပြင်ကို တောက်ပစွာ ပျံသန်း ဖြတ်ကူးသွားကြလေသည်။

**တာရာမင်းဝေ**